
www.burmeseclassic.com

# တာရာမင်းဝေ

တာရာမင်းဝေ ၏ ပထမဆုံးလုံးချင်းဝတ္ထု

# ပန်းခေတ်ကာလမင်း



BURMESE CLASSIC .com

design : bo bo htoon

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း (က)

လှေကားထစ်အတိုင်း တစ်လှမ်းချင်း တက်လာသော ခြေသံကို နားစွင့်ရင်း အခန်းထဲမှာ တငွေ့ငွေ့ တိတ်ဆိတ်လာသည်။ အခန်းထဲတွင် ငြိမ်သက်စွာ ထိုင်နေကြသော လူသုံးယောက် ရှိ၏။ ခြေသံက တစစ နီးကပ်လာသောအခါ ယှဉ်တွဲထိုင်နေသူ တစ်ဦးက တစ်ဖက်တွင် ထိုင်နေသော သူတို့၏ အလုပ်ရှင် ပုဂ္ဂိုလ်ကြီးကို ခိုးကြည့်ရင်း သက်ပြင်းဖျော့ဖျော့ကို မသိမသာ ချမိကြသည်။

" ဖျတ် ... ဖျတ် ... ဖျတ် ... ဖျတ် "

သူတို့နှစ်ယောက်က ခြေသံကို ဆက်တက်မလာရန် စိတ်ထဲမှ လှမ်းတားနေမိ၏။ သို့သော် ... လက်တွေ့တွင် ဖြစ်မလာပါ။ ထို့ကြောင့် ...

" ဖျတ် "

နောက်ဆုံး လှေကားထစ်ကို နင်းအပြီးဝယ် ခြေသံရှင်က အခန်းဝသို့ ရောက်လာသည်။ မပွင့်တစ်ပွင့် တံခါးချပ်လေး၏ မှောင်ရိပ်ကွယ်မှာ မပီပြင်သော လူရိပ်တစ်ခုကို မြင်ရ၏။ လူရိပ်က ခေတ္တတုန့်ဆိုင်းနေပြီးနောက် အခန်းထဲသို့ဝင်ရန် ကိုယ်ဟန်ကို တစ်ချက်ပြင်သည်။ ခြေလှမ်းကို အကြွ ...

" မဝင်နဲ့ "

www.burmeseclassic.com

www.burmeseclassic.com


မာကျောအေးစက်သော ထိုတားမြစ်သံက စားပွဲ တစ်ဖက်ရှိ ပုဂ္ဂိုလ်ကြီး ထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးက သူ့ရှေ့မှ မလှုပ်မယှက် ထိုင်နေသူ နှစ်ယောက်ကို သံပြတ်ဖြင့် ထပ်ဆင့်ပြောကြားလိုက်သည်။

" စာရွက်ထဲမှာ ရေးထားတာတွေ သူ့ကို ဖတ်ပြလိုက် "

ထို့နောက် တံခါးဝသို့ စူးရှစွာ ကြည့်ပြီး ...

"အဲဒါ သတင်းစာတွေမှာ ပါလာမယ့် ငါ့ရဲ့ တရားဝင် ကြေညာချက်ပဲ"

သူ့စကားအဆုံးဝယ် စားပွဲရှေ့မှာ ထိုင်နေသူတစ်ယောက်က စာရွက်တစ်ရွက်ကို ဖတ်၏။ သူ့အသံက ပီပြင်သော်လည်း ခြောက်ကပ်ကပ် ဖြစ်နေလေသည်။

*စုံစမ်းမေးမြန်းခြင်း လုံးဝ သည်းခံပါ*
*ကျွန်တော့၏သား လင်းဆက် (S-/-OKA 082 ...)*
*အား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။*

*အောင်မြင် (WKA – 027...)*

စာဖတ်သံအဆုံးမှာ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်ကျသွား၏။ တံခါးဝ မှာမည်သည့် တုံ့ပြန်သံကိုမှ မကြားရ။ အတန်ကြာမှ ဦးအောင်မြင်၏ စကားသံ ထပ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



“ အခု မင်း လက်လှမ်းမီတဲ့ စားပွဲလေးပေါ်မှာ ငါ့အခန်းကို ရောက်နေတဲ့ မင်းရဲ့ စာအုပ်တစ်အုပ်ရယ်၊ ငါ လက်မှတ်ထိုးထားတဲ့ ချက်လက်မှတ် စာရွက်တစ်ရွက်ရယ်ကို ထားထားတယ်၊ ချက်လက်မှတ်မှာ မင်းလိုချင်တဲ့ ငွေကို မင်းဘာသာရေးပြီး ထုတ်ယူနိုင်တယ်၊ နောက်ပြီး မင်းဆီမှာ အတွဲလိုက်ရှိနေတဲ့ အိမ်ရဲ့သော့တွေကို စားပွဲပေါ်မှာ ထားသွား၊ ပြီးရင် မင်းခရီးကို မင်းဆက်နိုင်ပြီ၊ ဒါပဲ ”

အသက်ရှူသံကပင် လှိုဏ်သံပါနေသယောင် ထင်ရသည်။ ထိုအခိုက်မှာ ပင် တံခါးဝ မှောင်ရိပ်ထဲမှ လက်တစ်ဖက်က စားပွဲပေါ် ရောက်လာသည်။ သော့တွဲ တစ်ခုကို စားပွဲပေါ်သို့ အသံမထွက်အောင် နူးညံ့သိမ်မွေ့စွာ တင်ပေးလိုက်ခြင်း ဖြစ်၏။

“ ... ... ... ... ... ... ”

ထို့နောက် ချက်လက်မှတ်စာရွက်ကို အခန်းထဲမှ လူများလက်သို့ လက်ဖြင့် ဖြည်းဖြည်းချင်း ပြန်တွန်းပေး၏။ သူ မယူချေ။ စားပွဲပေါ်မှ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ကမ္ဘာကျော် ပန်းချီဆရာ ဗင်းဆင့်ဗန်ဂိုး၏ အတ္ထုပ္ပတ္တိစာအုပ်ကိုပဲ ကောက်ယူလိုက်၏။

ထို့နောက် ထိုလက်က တံခါးပြင်ပြန်ရောက်၍ပျောက်ကွယ်သွားသည်။

“ ဖျတ် ... ဖျတ် ... ဖျတ် ... ဖျတ် ”

www.burmeseclassic.com

www.burmeseclassic.com


လှေကားထစ်အတိုင်း မှန်မှန် ပြန်ဆင်းသွားသော ခြေသံကို ကြားရ၏။ ခြေသံက တဖြည်းဖြည်း ဝေးသွားပြီး နောက်ဆုံးမှာ လုံးဝ ပျောက်ကွယ်သွားသည်။

ထိုခြေထောက်တို့ ဘယ်ဆီ ဆက်လျှောက်ကြမည်နည်း။

အခန်းလေး၏ ပြတင်းပေါက်မှ တစ်ဆင့် မိုးကောင်းကင်ကြီးဆီ လှမ်းကြည့်မိသောအခါ တိမ်ဖြူတစ်ပွင့် မျောလွင့်သွားတာကို တွေ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com


# နိဒါန်း (ခ)

ဤညကို ငါ ဖြတ်ကူးအံ့

အိပ်မက်ဦး၌

ဘီလူးကြမ်းတို့ စောင့်လိုက စောင့်စေ ...။

(လင်းဆက်)

www.burmeseclassic.com

(၁)

ပထမအကြိမ် ကြည့်လိုက်မိတုန်းက လမ်းရဲ့ တစ်ဖက် တစ်ချက်မှာ ညီညာနွယ်ယှက်နေတဲ့ အလေ့ကျ သစ်ပင်တွေကိုသာ တွေ့လိုက်မိတယ်။ အဲဒီ သစ်ပင်တို့ရဲ့ လက်တံတွေမှာ မီးလောင်နေတဲ့ ပန်းတစ်ပွင့်စီကို ဆုပ်ကိုင်ထားကြတယ်။

ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြီး ဒုတိယအကြိမ်မြောက် ကိုယ်ပြန်ကြည့်တဲ့အခါကျမှ မီးသီးတပ်ထားတဲ့ ဓာတ်တိုင်တွေပါလားဆိုတာ အမှန်အတိုင်း မြင်ရတော့တယ်။ ကိုယ်ကတော့ သက်ပြင်းကိုချ၊ လက်နဲ့ ယူမထားတဲ့ အရက်ခွက်ကို မသောက်ဖြစ်ဘဲ စားပွဲပေါ် ပြန်ချလိုက်တယ်။

ကိုယ့်အာရုံထဲက အမြင်မှာတော့ လမ်းကလေးဟာ တသွင်သွင် စီးနေတယ်။ မဆုံးနိုင်သော လမ်းကလေးပေါ့။ ကိုယ် စိန်ခေါ်ပြုံး ပြုံးမိချိန်မှာပဲ ခန္ဓာကိုယ်ထဲက သွေးတွေဟာ တဝုန်းဝုန်း ဆူပွက်စ ပြုလာတယ်။ ကိုယ် မကြောက်ပါဘူး။ ရင်ထဲက လမ်းလောက် ဘယ်လမ်းကမှ မရှည်ပါဘူးကွယ်။

လမ်းကလေးဟာ နေရာများစွာကို ဖြတ်သွားလိမ့်မယ်။ လမ်းလျှောက်ကြတဲ့ လူတွေဟာ သူတို့ရဲ့ ဆိုင်ရာနေရာတွေမှာ ရပ်၊ အိမ်ပေါ်တက်လို့ ဒီညကို အိပ်မက် မက်ကြဦးမယ်။ ကိုယ်ကတော့ အိမ်ရာမဲ့သူပေါ့။ လမ်းကလေးမဆုံးသရွေ့ ဒီခြေထောက်တွေနဲ့ ရွေ့နေရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com


ကျောက်စရစ်တို့ရဲ့ ကျောပြင်မှာ အိပ်မက်နဲ့ မောင်းတဲ့ ယာဉ်ကလေးလို ကြယ်စင်တွေကိုကြည့်ပြီး ခရီးသွားရဦးမယ်။

ဘာပဲ ဖြစ်ဖြစ်ကွယ်၊ ဗင်းဆင့်ဗန်ဂိုးရဲ့ စကားအတိုင်းပေါ့။ သစ်ပင်မဟုတ်ဘူး။ ဒါပေမဲ့ စိမ်းလန်း ရှင်သန်နေမယ်၊ ပန်းပွင့် မဟုတ်ဘူး၊ ဒါပေမဲ့ ဖူးပွင့်ဝေဆာနေမယ် ရပါတယ်။

ဆိုင်ထဲမှာတော့ ပုလင်းသံ၊ ဖန်ခွက်သံနဲ့ စကားသဲ့သဲ့ ပြောသံတွေ ဆူဝေနေတယ်။ တိုင်ကပ်နာရီကြီးက ပျင်းရိပျင်းတွဲ လည်ပတ်ပြီး ကျပ်ခိုးစော်ကလည်း ခပ်ညီးညီး နံနေတယ်။ နံရံမှာ ချိတ်ထားတဲ့ နတ်သမီး ပြက္ခဒိန်မှာ ကိုယ့်ရဲ့ နေထွက်ချိန်ကိုတောင် သွားကြည့်ချင်သေးရဲ့။ ဒါပေမဲ့ ...

ကိုယ်နဲ့ တစ်စားပွဲတည်း သောက်နေတဲ့ လူရှေ့ကို ကိုယ့်ပုလင်း တွန်းပေးလိုက်တယ်။

" ဒါတွေကို အစ်ကိုကြီးပဲ ရှင်းပစ်လိုက်ပါဗျာ "

" ဟင် ဘာလဲ "

သူ အံ့ဩသွားတယ်။ သူနဲ့ ကိုယ်နဲ့ မသိပါဘူး။ ကိုယ့်ပုလင်းကလည်း တစ်စက်မှ မသောက်ရသေးဘူး။ ကိုယ်က ထိုင်ရာက ထလိုက်ပြီး ဘာမှ မထူးဆန်းသလို သူ့ကို ပြောလိုက်တယ်။

" ကျွန်တော် သောက်ချင်စိတ် မရှိတော့လို့ပါ "


www.burmeseclassic.com

www.burmeseclassic.com


“ ဩော် ... အင်း ”

သူက အားနာတတ်ပုံ ရတယ်။ ကိုယ့်ဆီ စားပွဲထိုးကလေးက ငွေယူဖို့ ရောက်လာတော့ ကပျာကယာ ဝင်ပြောတယ်။

“ ထားသွားလိုက်လေ၊ ညီလေးလည်း သောက်တာမဟုတ်ဘဲနဲ့၊ အစ်ကိုပဲ ရှင်းလိုက်ပါ့မယ် ”

ကိုယ်က ခေါင်းခါပြီး ‘ရပါတယ်’ လို့ ပြောလိုက်တယ်။ ပိုက်ဆံရှင်းပြီး ဆိုင်ထဲကထွက်တော့ လေပြည်အေးစက်စက်က ရင်ခွင်ကို ဖျန်းခနဲ လာပက်တယ်။

အချိန်ကာလက ညဉ့်တစ်ဝက်ကျိုးစာ ပြုတော့မယ်။ လမ်းပေါ်မှာ လူသွားလူလာ ကြဲပါးပြီး မီးလုံးတွေရဲ့ ဝါဖန့်ဖန့် အလင်းရောင်ဟာ ကဗျာမဆန်လှဘူး။ အဟင် ... ကိုယ့် ဒိုင်ယာရီထဲမှာတော့ ကိုယ်ပဲ သူရဲကောင်းကြီး ပြန်ဖြစ်ခဲ့သူလေ။ ဂျာကင်အိတ်ထဲ လက်နှစ်ဖက်ထည့်ပြီး ခရီးဆောင်လွယ်အိတ်တစ်လုံးနဲ့ လမ်းလျှောက်နေတယ်။

ခတ်တိုင်အောက်မှာ ရပ်လိုက်တယ်။ လမ်းဘေး မြက်တောထဲက ပုရစ်ရင်ကွဲတစ်ကောင်က စူးစူးဝါးဝါး ထိုးအော်တယ်။ မိုးပေါ်ကို ကိုယ် မော့ကြည့်နေမိတယ်။ ကြယ်တွေကို ကိုယ်က မြင်ပေမယ့် ကြယ်တွေကတော့ ကိုယ့်ကို မြင်မှာ မဟုတ်ဘူး။ စိတ်တွေဟာလည်း ကတိမ်းကပါး၊ ဆံဖျားမှာလည်း မြူနှင်းတွေ ထိုင်းမှိုင်း စွတ်စိုနေတယ်။ ကိုယ် ဘယ်သွားရမလဲ၊ စိတ်ဟာ ဝေခွဲရင်းက လွင့်ပျံ့နေတယ်။


www.burmeseclassic.com

တိတ်ဆိတ်တဲ့ညမှာ ကြာမြင့်စွာ ကိုယ် ရပ်နေမိရဲ့။ မြူကြွေကျသံကို တောင် နားထဲမှာ တဖွားဖွား ကြားနေရတယ်။ အဲဒီလိုနဲ့ မြက်ပင်ရှည်တို့ ညဥ့်လေမှာ ယိမ်းခတ်လွန်းထိုးနေကြဆဲ ...

" ညီလေး "

" ... ... ... ... "

ဆိုက်ကားတစ်စီးက ကိုယ့်ရှေ့ရောက်နေပြီး ဆိုက်ကားစီး လာတဲ့သူက ကိုယ့်ကို ခေါ်တယ်။ ဆိုက်ကားသမားကိုလည်း သူက ရပ်ခိုင်းနေတယ်။ တစ်ချက်စိုက်ကြည့်ပြီးမှ ကိုယ် မှတ်မိလိုက်တယ်။ အရက်ဆိုင်မှာ ကိုယ်နဲ့ တစ်စားပွဲတည်း ထိုင်ခဲ့တဲ့လူပဲ။

သူက ကိုယ့်ကို ထပ်ခေါ်တယ်။

" ညီလေး "

" ဟင် "

" ဘယ်သွားမှာလဲ၊ ဒီမှာ ဘာလုပ်နေတာလဲ "

" ဩော် ... လမ်းလျှောက်ရင်း ညောင်းလို့ နားနေတာပါ "

" လာလေ ဆိုက်ကားပေါ်တက်၊ ညီလေး သွားမယ့်ဆီလိုက်ခဲ့ပေး ရပါတယ် ညီလေးရ "

www.burmeseclassic.com

www.burmeseclassic.com


" ဟင့်အင်း နေပါစေ၊ ကျွန်တော် လမ်းပဲ ဆက်လျှောက်ပါ့မယ် "

သူက ကိုယ့်ကို ကြည့်ရင်း ပြုံးတယ်။

" လမ်းလျှောက်ဖို့က အချိန်မရှိတော့ဘူး ညီလေးရဲ့ "

ကိုယ်က ပေကပ်ကပ်နဲ့ ခေါင်းခါပြလိုက်တယ်။

" လမ်းလျှောက်တာပဲ၊ လမ်းနဲ့ခြေထောက်ရှိရင် ပြီးတာပဲ၊ အချိန်ရှိစရာ မလိုပါဘူး "

သူ့အပြုံးက ပိုပြီး ကြည်လင်လာတယ်။ နူးညံ့သိမ်မွေ့တဲ့ လေယူလေသိမ်း တစ်ခုနဲ့ 'ဟက်' ခနဲ ရယ်လိုက်ရင်း ...

" လာပါ ညီလေးရဲ့၊ ဆိုက်ကားပေါ်တက်၊ ကိုယ့်အိမ်မှာ လိုက်တည်းလိုက်၊ အစ်ကို ရိပ်မိပါတယ်၊ ဆိုင်ထဲမှာ ကတည်းက မင်းကို အစ်ကို အကဲခတ်နေတာ "

ကိုယ်က မျက်မှောင်ကြုတ်လိုက်မိသေးတယ်။ ဘာ ရိပ်မိတာလဲ။ ဒါပေမဲ့ မမေးတော့ပါဘူး။ သူ့မျက်နှာက ရိုးသားကြည်လင်တာကို ကိုယ် ခံစားရတယ်။ အဲဒါနဲ့ပဲ ကိုယ် ဆိုက်ကားပေါ်တက်လိုက်တယ်။

ဆိုက်ကားပေါ် စီးမျော လိုက်ပါသွားရင်း ' ညရဲ့အလင်း' ဆိုတဲ့ ပန်းချီကားတစ်ချပ်ကို စိတ်နဲ့ ဆွဲကြည့်နေလိုက်တယ်။ ကျန်တာတွေသွား၊ အားလုံးကို ကိုယ် မေ့ထားလိုက်ပြီကွယ်။



www.burmeseclassic.com

www.burmeseclassic.com


(၂)

သူက ကိုယ့်ကို အထူးအဆန်းတစ်ခုပမာ ငေးရီ မင်သက်စွာ ကြည့်နေတယ်။ ကိုယ်က မသိချင်ယောင်ဆောင်ပြီး ငြိမ်ငြိမ်ကလေး နေလိုက်တယ်။ အတော်လေးကြာမှ ရှည်လျားတဲ့ သက်ပြင်းတစ်ချက်ကို ချပြီး သူ့လက်ထဲက ကိုယ့်ရဲ့ ပုံဆွဲစက္ကူကို ပြန်ပေးတယ်။ ကိုယ်ကလည်း ဘာမှ အရေးမပါသလို စာအုပ်တွေကြားမှာ ပြန်ညှပ်ထားလိုက်တာပေါ့။

“ ပုံရဲ့ နာမည်က Virgin (ဗားဂျင်း) နော် ”

“ ဟုတ်ကဲ့ ”

သူက တဆတ်ဆတ် ခေါင်းညိတ်ပြီး ‘ကောင်းတယ်’ လို့ ပြောတယ်။

“ ဒီ မိန်းကလေးက အပြင်မှာ တကယ် ရှိသလား ”

ကိုယ်က တုံ့ဆိုင်းဆိုင်း ခေါင်းညိတ်ပြလိုက်တယ်။

“ ဟုတ်ကဲ့ ”

“ ဩော် ”


www.burmeseclassic.com

www.burmeseclassic.com


သူက ကိုယ့်ကို နားလည်သွားသလို တစ်ချက်ကြည့်တယ်။ ဘာမှတော့ ဆက်မမေးတော့ပါဘူး။ ဖဲထုပ်အဟောင်းတစ်ခုကို ဆွဲယူပြီး ကုလားဖန် ထိုးနေတယ်။

ဒီနေ့မနက်မှာတော့ သူနဲ့ ကိုယ်ဟာ သူ့ရဲ့ ပျဥ်ထောင်အိမ်ပုကလေး ထဲမှာ ရှိနေတယ်။ အိမ်ကလေးဟာ ညစ်ပတ်လို့ ကပိုကရို။ ဆေးလိပ်တိုတွေ ပြန့်ပြန့်ကျဲကျဲ။ စာအုပ်တွေလည်း ဟိုလန်သည်လန်။ ပင့်ကူတွေက ထုပ်တန်းမှာ ကောင်းကင်ဘား ကစားရင်း လွှန်းပြန်တွယ်ကပ်၊ ကြမ်းပြင်မှာလည်း ပြာမှုန့်တွေ ထုတက်နေတယ်။

" ဖျန်း ... ဖျန်း "

သူက သူ့ရှေ့ကိုရော၊ ကိုယ့်ရှေ့ကိုရော မှောက်ဖဲ တစ်ချပ်စီ ပစ်ချလိုက်တယ်၊ ပြီးတော့မှ ...

" မင်းလေး အစ်ကို့ကို အထိုက်အလျောက် ခန့်မှန်းမိရောပေါ့ "

" ဟုတ်ကဲ့ "

" ပြောစမ်းပါဦးကွာ၊ မင်း အစ်ကို့ကို ဘယ်လိုမြင်သလဲ "

လက်ထဲက ဖဲထုပ်ကို ပုံသဏ္ဍာန်မျိုးစုံနဲ့ ကုလားဖန်ထိုးရင်း ကိုယ့်စကားကို သူ နားစွင့်နေတယ်။ ကိုယ်က ခပ်တိုးတိုးပဲ ပြောလိုက်တယ်။

" အစ်ကိုကြီးဟာ စာရေးဆရာတစ်ယောက် ဖြစ်မယ်လို့ ထင်တယ် "

www.burmeseclassic.com

www.burmeseclassic.com


သူက ကျေနပ်သလို ပြုံးတယ်။

" ဘယ်သူဖြစ်မလဲ "

ကိုယ်က နှုတ်က မဖြေဘဲ စာအုပ်တစ်အုပ်ရဲ့ အနောင့်ကို လက်ညှိုးထိုးပြလိုက်တယ်။ အဲဒီမှာ 'ကိုမော်' ဆိုတဲ့ နာမည်ကို ရေးထားတယ်လေ။ သူ့ရဲ့အပြုံးက ပိုပြီး ပီပြင်သွားတယ်။

" ဟုတ်တယ်၊ အစ်ကိုက စာရေးဆရာ ကိုမော်ပဲ "

ပြောပြောဆိုဆို သူ့ရှေ့က မှောက်ဖဲကို ဖျန်းခနဲ ဆွဲလှန်လိုက်တယ်။ ကင်း (King)။

" မင်းကို အစ်ကို ခန့်မှန်းမိသလို ပြောမယ် "

" ဟုတ်ကဲ့ "

" မင်းဟာ အထက်တန်းလွှာ မိသားစုတစ်ခုထဲက ခွဲလာတဲ့ လူငယ် တစ်ယောက်ဖြစ်တယ်၊ စီးပွားရေးကိုသာ တန်ဖိုးထားတဲ့ အသိုက်ဝန်းထဲမှာ ပန်းချီပညာကို ဖက်တွယ်ရင်း မင်းလွင့်ထွက်လာတာလို့ အစ်ကို ထင်တယ် "

ကြမ်းပြင်ကို ငေးစိုက်ကြည့်နေရင်းက ကိုယ် လေးတိလေးကန် ခေါင်းညိတ်ပြလိုက်တယ်။

" ဟုတ်ပါတယ် "


www.burmeseclassic.com

www.burmeseclassic.com


“ ညီလေး နာမည်က ”

“ လင်းဆက် ”

ကိုမော်က ခေါင်းတဆတ်ဆတ် ညိတ်ပြန်တယ်။ ပြီးတော့

“ ပြောစမ်းပါဦးကွာ မင်းအကြောင်း ”

ကိုယ်တွေဝေသွားမိတယ်။ ပင့်သက်တစ်ရှိုက် ခိုးရှိုက်ရင်းက ပြောလိုက်တယ်။

“ ခုနက ကိုမော် ခန့်မှန်းတာ မှန်ပါတယ်၊ ဒါလောက်သိထားရင် ကိုမော် ကျွန်တော့်ကို ဆက်ဆံလို့ ရမှာပါဗျာ၊ ကျွန်တော့်ဘက်က ပြောနိုင်တာက ကျွန်တော်ဟာ ရာဇဝတ်သားတစ်ယောက် မဟုတ်သလို ကျေးဇူး မေ့တတ်လူတစ်ယောက်လည်း မဟုတ်ပါဘူး ”

သူက ကိုယ့်ကို အကဲခတ်သလို ကြည့်နေတယ်။ ကိုယ်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး ...

“ လူတစ်ယောက်အဖို့ သူ့အကြောင်း သူ ပြန်ပြောရတဲ့ ကိစ္စဟာ အလွယ်ဆုံးနဲ့ အခက်ဆုံးပါပဲ ”

အိမ်ကလေးထဲမှာ စကားသံ ကင်းပ တိတ်ဆိတ်သွားတယ်။ ကိုယ့်အတွေးနဲ့ကိုယ် နှစ်ယောက်လုံး ငြိမ်နေမိရဲ့။ ကိုယ်က ကိုယ့်ရှေ့က မှောက်ဖဲကလေးကို မလှန်ဘဲ ဆွဲယူလိုက်တယ်။။ ဖဲထုပ်ကြားကို ပြန်ညှပ်သွင်း



www.burmeseclassic.com

လိုက်တယ်။ သိမ်မွေ့တဲ့ ကိုယ့် လှုပ်ရှားဟန်တွေကို တစ်စေ့တစ်စောင်း ကြည့်နေရင်းက သူ့မျက်နှာက အပြုံးတစ်ချက် ပွင့်လာတယ်။

" ခုနက ပုံကြမ်းလေးကတော့ ကောင်းသကွာ "

ကိုယ် မပြတ်မသား ပြုံးလိုက်မိတယ်။ သူက ဆက်ပြောတယ်။

" အစ်ကိုလည်း အနုပညာလောကထဲမှာ ကျင်လည်လာတာ ကြာပြီ၊ မင်းလောက် လက်ရာကောင်းတာ မတွေ့ဖူးသေးဘူး "

သူက ဖဲထုပ်ကို သိမ်းလိုက်တယ်။

" ညီလေး ဒီအိမ်မှာ အစ်ကိုနဲ့ အတူ နေချင်ရင်လည်း နေနိုင်တယ်လေ၊ ကိုယ်ကတော့ လွတ်လွတ်လပ်လပ်ပဲ၊ မင်း ဝင်ငွေ တစ်ဖက်တစ်လမ်းအတွက် မဂ္ဂဇင်းတွေမှာ ပန်းချီဆွဲချင်တယ်ဆိုရင်လည်း အစ်ကို လိုက်အပ်ပေးမယ်၊ ဘယ်လို သဘောရလဲ "

" ဟုတ်ကဲ့ ကျွန်တော် ဆွဲချင်ပါတယ် "

" အိုကေ "

အဲဒီလို ရေရွတ်ပြီး သူက လက်ဖျစ်ကိုလည်း ဖျောက်ခနဲ တီးတယ်။ သူ့နှုတ်ခမ်းတွေက တစ်စုံတစ်ရာကို အသံမထွက်ဘဲ ရွတ်နေတယ်။ ပြီးတော့မှ ပြုံးမှုပြုံးရာနဲ့ ...

" အေးအေးဆေးဆေးကျရင်ပေါ့ လင်းဆက်ရာ "

www.burmeseclassic.com

www.burmeseclassic.com


" ဟုတ်ကဲ့ "

သူဘာပြောမှာလဲလို့ ကိုယ် အာရုံစိုက်မိတယ်။

" မင်းနဲ့ မင်းရဲ့ ဗားဂျင်းကလေးအကြောင်း ပြောပြစမ်းပါဦး "

" ဩော် ... အဲ "

ရှက်စရာမဟုတ်ပေမယ့် ကိုယ်နည်းနည်း ရှက်သလို ဖြစ်သွားတယ်။ သူ့ကို မချိုမချဉ် ပြုံးပြလိုက်ပြီး မျက်နှာကို လွှဲလိုက်တယ်။ ရင်ထဲမှာလည်း နွေးသလို အေးသလိုပဲ။

ပြန်စဉ်းစားတိုင်း မိုးမြူတွေ လွင့်လို့၊ ဝဲလို့။


www.burmeseclassic.com

www.burmeseclassic.com


(၃)

အဲဒီ နံနက်ဦးမှာ မိုးမြူတွေ တလူလူ ငွေ့အိမ်ဖွဲ့နေကြတာကို ကိုယ် မှတ်မိသေးပါရဲ့ ချစ်သူ။ လေပြည်ကလည်း ဆွတ်ဆွတ်ရှရှ၊ ပတ်ဝန်းကျင်မှာ လည်း ကြယ်အိုရောင်တွေ အုံ့ဝေလင်းပျလို့။

အဲဒီညမှာ ကိုယ် မအိပ်ခဲ့ရပါဘူး။ ကိုယ်ရေးတဲ့ ကောက်ကြောင်း များစွာနဲ့ ကိုယ် ပြန်ပိမိခဲ့တဲ့ ညပါပဲ။ အရုဏ်ပွင့်ထွက်လာတော့ ဝါရွှေဖြောင့်ဖြူးတဲ့ လမ်းကလေးအတိုင်း ကိုယ်လျှောက်ထွက်လာခဲ့မိတယ်။ စံပယ်ပန်းတွေ တဝင်းဝင်းနဲ့ ပတ်ဝန်းကျင်ဟာ ဖွေးလင်း တောက်ပနေတယ်။ အဲဒီလို လမ်းတွေများစွာထဲက လမ်းကလေးတစ်ခုမှာ ချစ်သူကို ကိုယ် ရိုးရှင်းစွာ ဆုံတွေ့ခဲ့ရပါတယ်။

“ ကျွန်တော် ကူညီပေးချင်ပါတယ် ”

ကိုယ်က တိုးတိုးကလေး ပြောလိုက်တော့ ငုံ့ဝှက်ထားတဲ့ ချစ်သူရဲ့ ဦးခေါင်းဟာ ဖြည်းဖြည်းချင်း မော့လာတယ်။

“ ကျွန်တော် လုပ်ပေးပါ့မယ်၊ ဘေးဖယ်လိုက်ပါ ”

စက်ဘီးချိန်းကြိုးကျတာကို လုပ်ရကိုင်ရ ခက်ခဲနေတဲ့ ချစ်သူ့ဘာ နံဘေးကို ခွာရပ်ပေးပါတယ်။ ဆံနွယ်မျှင်တွေကို သပ်တင်ရင်း ကိုယ့်ကိုလည်း


www.burmeseclassic.com

www.burmeseclassic.com


မယဉ်မရိုင်း ကြည့်တယ်။ လှပရဲရင့်တဲ့ ချစ်သူ့ မျက်နှာကလေးကြောင့် ကိုယ့်နှလုံးသွေးတွေ အေးစက် ရပ်တန့် သွားမိသေးတယ်။

ကျီးမနိုးသေးတဲ့ နံနက်ခင်းတစ်ခုမှာ နှစ်ပေါင်းများစွာ အိပ်နေတဲ့ နှလုံးသားလေး အထိတ်တလန့် နိုးလာပါတယ်။ ကောင်းကင်မှာ ကြယ်တွေ အလျားလိုက်ကြွေပြီး မြေပြင်မှာ သစ်ပင်တွေ သက်ဝင် ကခုန်ကြသလို ခံစားရတယ်။ ကိုယ်က ချစ်သူ့ စက်ဘီးကလေးကို ချိန်းကြိုးတင်ပေးနေပြီး ချစ်သူက ဘေးက ရပ်ကြည့်နေတယ်။ ကိုယ်ရယ်၊ ချစ်သူရယ်၊ စက်ဘီးကလေးရယ်၊ တစ်လမ်းလုံးမှာ ဒါပဲ ရှိပါတယ်။

" ကျေးဇူးနော် "

ကျေးဇူးတင်စကားကို ခပ်ဝါးဝါးကလေး ပြုံးရယ်ပြောဆိုပြီး စက်ဘီးကလေး နင်းလို့ ချစ်သူ ထွက်သွားတော့တယ်။ ငေးကြည့်ရင်း ကျန်ခဲ့တဲ့ ကိုယ့်အတွက် မိုးမြူတွေက တစ်စက်ချင်း စီးကျနေတယ်။

ကိုယ် မမေ့ပါဘူး။

နှလုံးသားဟာ ယဉ်ယဉ်လေးနဲ့ ရှုံးသွားပြီ ချစ်သူ။

အဲဒီကာလထဲမှာပဲ ကိုယ်တို့ရဲ့ ရန်ကုန်မြို့တော်ကို မုတ်သုန်လေတွေ ကလည်း တငြိမ့်ငြိမ့် စီးပြိုနေခဲ့တယ်။ ချမ်းစက်နေတဲ့ ဩဂုတ်စ်ရဲ့ နှောင်းပိုင်း နံနက်တစ်ခုမှာ ချစ်သူကို ကိုယ်တွေ့ခဲ့ရတာပါ။ အီဂျစ်တို့ရဲ့ နက္ခတ်ဗြိုဟ်အိမ်


www.burmeseclassic.com

အရ ကန်ရာသီမှာ တွေ့ခဲ့ရသူမို့ ချစ်သူကို ကိုယ်က ဗားဂျင်း (Virgin) လို့ အမည် ပေးခဲ့ရတယ်။

ကိုယ်က တစ်ရွာသားပါ ချစ်သူရယ်။ မကျွမ်းကျင်တဲ့ အရပ်မှာ လမ်းတွေလည်း မလျှောက်တတ်ခဲ့သူပါ။ ကိုယ်တည်းတဲ့အိမ်က သူငယ်ချင်းကို မေးကြည့်တော့ သူကလည်း ချစ်သူကို မသိဘူးတဲ့။ အဲဒီလိုနဲ့ ကိုယ့်ဘဝရဲ့ နောက်ပိုင်းနေ့ရက်တွေမှာ မိုးတွေသာ အုပ်အုပ်သည်းသည်း ရွာလာခဲ့တယ်။

နေ အခါခါ ထွက်လို့ စံပယ်တွေလည်း မွှေးတသက်သက် ဝေခဲ့တယ်။ ကံနဲ့ ဆောက်တဲ့ ဝက်ပါမှာ ချစ်သူနဲ့ ကိုယ်ကတော့ ပြန်မဆုံကြသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ချစ်သူရယ်။

ကိုယ်ကတော့ မင်းကို လွမ်းလို့ နေပါတယ်။ တစ်ခါတစ်ခါမှာလည်း ကိုယ်ဟာ ကဗျာတစ်ပုဒ်ကို မပီဝိုးဝါး ရွတ်ဆိုနေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ရင်မှာလွမ်းရင်

မျှော်တိုင်း မြင်လွန်းလို့

လက်ညှိုးညွှန်ရာ

သူဖြစ်ပါစေသား အရှင်ဘုရား ...။

www.burmeseclassic.com

(၄)

“ ထိုင်ပါ ”

ဆရာမလေးက ကိုယ့်ကို တစ်ချက်ကြည့်ပြီး သူ့စားပွဲရှေ့က ထိုင်ခုံကို လက်နဲ့ ညွှန်ပြတယ်။ ကိုယ်ဝင်ထိုင်တဲ့အချိန်မှာ ဆရာမလေးက နံဘေးမှာ ရပ်နေတဲ့ ကျော်ဝင်းနိုင်ကို ကြည့်တယ်။

ကျော်ဝင်းနိုင်က မရဲတရဲနဲ့ …

“ ဆရာမ အဖေကြီးနဲ့ အမေက မအားလို့ ကျွန်တော့်ဦးလေးကိုပဲ ခေါ်လာ … ”

သူ့စကားမဆုံးမီမှာ ဆရာမလေးက ကိုယ့်ကို အကဲခတ်သလို ကြည့်လာပြန်တယ်။ ပြီးတော့ …

“ ဆိုက်ကား ဘယ်မှာ ရပ်ထားခဲ့လဲ ”

“ ဗျာ ”

“ ရှင် နင်းတဲ့ ဆိုက်ကား ဘယ်မှာ ရပ်ထားခဲ့သလဲလို့ ”

ကိုယ် အောင့်သက်သက် ဖြစ်သွားမိပြီး …

www.burmeseclassic.com

www.burmeseclassic.com


" ကျွန်တော် ဆိုက်ကားမနင်းပါဘူး "

ဆရာမလေးက ကိုယ်နဲ့ ကျော်ဝင်းနိုင်ကို ဝေ့ကြည့်လိုက်ပြီး ...

" ကျွန်မ ကျော်ဝင်းနိုင်ရဲ့ ဦးလေးဟာ ဆိုက်ကားနင်းတယ်လို့ ကြားထားတာ "

ကျော်ဝင်းနိုင်ကလည်း ကိုယ့်ကို ကြိုပြောမထားဘူး။ ကိုယ် ဘာပြန်ပြောရမလဲ မသိ ဖြစ်နေတုန်းမှာ ဆရာမလေးက ထပ်ပြောတယ်။

" ဆိုက်ကားကို ကျောင်းဝင်းထဲက မရပ်ရတဲ့ နေရာမှာ ရပ်ထားခဲ့မှာ စိုးလို့ပါ "

" ဩော် ... အင်း ... ဟုတ်ကဲ့ "

" ကျော်ဝင်းနိုင်နဲ့ ပတ်သက်လို့ အုပ်ထိန်းသူတွေကို ပြောပြ ဆွေးနွေး စရာရှိတာနဲ့ ခေါ်ခိုင်းလိုက်တာ "

" ဟုတ်ကဲ့ "

" အတန်းထဲမှာ စာမရတဲ့ ကျောင်းသားတွေ အထိုက်အလျောက် ရှိတာပါပဲ၊ ဒီကောင်ကတော့ နည်းနည်းပြောစရာ ဖြစ်နေလို့၊ ဥပမာ 'ပဲကလေး ကဆိမ့်လိုက်တာ' ဆိုတဲ့ ကဗျာစာသားကို ကျွန်မက လေ့ကျင့်ခန်းမှာ ကွက်လပ်ဖြည့်ခိုင်းပြီး မေးတယ် "

" ဟုတ်ကဲ့ "


www.burmeseclassic.com

www.burmeseclassic.com


" ပဲကလေးက (      ) လိုက်တာပေါ့လေ၊ ကွက်လပ်ထဲမှာ (ဆိမ့်) ကို ဖြည့်ရမယ်၊ သူတို့ကို ကျွန်မ ရှင်းရှင်းလင်းလင်း သင်ပေးထားပြီးသား "

" ဟုတ်ကဲ့ "

" လေ့ကျင့်ခန်းစာအုပ်တွေ စစ်တော့ ကျော်ဝင်းနိုင် ဖြေထားတာက တလွဲကြီး၊ တစ်လုံးတည်း ဖြည့်ရမယ့် ကွက်လပ်မှာလည်း နှစ်လုံးတွဲကြီး ဖြည့်ထားတယ် "

" ဟုတ်ကဲ့ ဘယ်လို "

" ပဲကလေးက (စားကောင်း) လိုက်တာတဲ့ "

" အင် ... အဟင်း ... အဟက် "

မင်ကလေး မောင်းကလေးနဲ့ နေဖို့ကို မေ့ပြီး ကိုယ် ရယ်လိုက်မိတယ်။ ဆရာမလေးက ကိုယ်ရယ်တာကို တစ်ချက် ငေးကြည့်ပြီး သူ့မျက်နှာလေးမှာ ကြည်လင်ပြုံးရိပ် သန်းလာတယ်။

" ဒါ အာဂကျော်ဝင်းနိုင်ရဲ့ အသေးအဖွဲ့ အရည်အချင်းကလေးပဲ ရှိသေးတယ်၊ ကျွန်မ သူ့ကို စ သတိထားမိ သွားတာပေါ့၊ နောက်တောက်လျှောက်မှာ "

ဆရာမလေးက ကျော်ဝင်းနိုင်အကြောင်း တောက်လျှောက် အများကြီး ပြောလာတယ်။ ကျော်ဝင်းနိုင်က နှပ်ကလေး တရှုံ့ရှုံ့နဲ့ ဘေးကနေ လှမ်းပိုက်


www.burmeseclassic.com

www.burmeseclassic.com


နားထောင်နေတယ်။ သူ့ရဲ့ စာမေးပွဲ ဘာသာစုံ ကျရှုံးခန်းကိုလည်း ခေါင်းတညိတ်ညိတ်နဲ့ သူမဟုတ်သလို ပြန်နားထောင်နေတယ်။

ဆရာမလေးက ကိုယ့်ကို အဲဒီ အကြောင်းတွေ ပြောနေရင်းက ကျော်ဝင်းနိုင်ရဲ့ ပုံစံကိုလည်း အူယားပြီး မသိမသာ မျက်စောင်းခဲလိုက်တယ်။ ကိုယ် သူတို့ကိုကြည့်ပြီး ရယ်ချင်တာကို မျိုထားရတယ်။ ဆရာမလေး စကားဆုံးမှ ချောင်းတစ်ချက်ဟန့်ပြီး ...

" ကျော်ဝင်းနိုင် "

" ဗျာ "

" သွား အတန်းထဲသွားတော့၊ စာကျက်နေ ကြားလား "

" ဟုတ်ကဲ့ "

ကျော်ဝင်းနိုင် လှည့်ထွက်သွားတယ်။ ဆရာမလေးက ကိုယ့်ကို တစ်လှည့် ကျော်ဝင်းနိုင်ကို တစ်လှည့် အကဲခတ်သလို ကြည့်နေတယ်။ ကိုယ်က ဆံပင်ကို လက်နဲ့ တစ်ချက် သပ်တင်လိုက်ပြီး ...

" ကျော်ဝင်းနိုင်က ရှေ့လျှောက်စာမေးပွဲတွေမှာ ဘာသာစုံအောင်အောင် လုပ်ပါ့မယ်လို့ ကျွန်တော့်ကို ကတိပေးထားပါတယ်၊ ကျွန်တော်ကလည်း စာပြပေး၊ လိုအပ်တဲ့ စာအုပ်ခဲတံ ဝယ်ပေးပါ့မယ် "


www.burmeseclassic.com

ဆရာမလေးက ကိုယ့်မျက်နှာကနေ အကြည့်ကို မလွှဲဘဲ ခေါင်းညိတ်ပြတယ်။

“ ကျော်ဝင်းနိုင်က ကျွန်တော့်ကို ကတိပေးသလို ကျွန်တော်ကလည်း သူ့ ဆရာမကို ကတိပေးပါတယ်၊ ရှေ့လျှောက်စာမေးပွဲတွေမှာ ကျော်ဝင်းနိုင် ဘာသာစုံ အောင်ပါလိမ့်မယ်၊ စိတ်ချပါ ”

ဆရာမလေးက ကြင်နွေကလေးနဲ့ ခေါင်းထပ်ညိတ်တယ်၊ အစကတည်းက ညာဖို့လာတာ မဟုတ်လို့ အမှန်အတိုင်း ကိုယ် ဖွင့်ပြောလိုက်တယ်။

“ ကျွန်တော် ကျော်ဝင်းနိုင်ရဲ့ ဦးလေး မဟုတ်ပါဘူး ”

“ ဟင် ... ဘာ ”

“ ဒီလိုပါ ”

ကိုယ် အစအဆုံး ရှင်းပြလိုက်တယ်။ ကိုယ် မြို့ထဲသွားမလို့ အိမ်က ထွက်အလာမှာ ကလေးတစ်ယောက် ကျောင်းပြေးမလို့ ကြံရွယ်နေတာကို တွေ့ရတဲ့အကြောင်း၊ စာမေးပွဲကျပြီး အဖေခေါ်ခိုင်းတာကို မခေါ်ရဲလို့ ပြေးမယ့် အကြောင်း၊ ကိုယ်က မင်း ရှေ့လျှောက်အောင်အောင် ကြိုးစားမယ်ဆိုရင် ငါ ကူညီမယ်ဆိုပြီး လိုက်လာခဲ့တဲ့ အကြောင်း၊ ကျောင်းမပြေးစေချင်လို့ စေတနာနဲ့ ဝင်ကူခဲ့ရပါတယ် ဆိုတဲ့အကြောင်း၊ ဆရာမလေးအနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျော်ဝင်းနိုင်ကို ပြန်ဆူမနေဘဲ တစ်လ နှစ်လ အချိန်ပေး



www.burmeseclassic.com

www.burmeseclassic.com


စောင့်ကြည့်ဖို့ အကြောင်း၊ ကိုယ် တာဝန်ယူပါတယ် ဆိုတဲ့ အကြောင်း စုံလို့ပါပဲ။

ဆရာမလေးက မျက်ခုံးကို အတွန့်ချိုးပြီး စားပွဲပြင်ကို စိုက်ကြည့်နားထောင်နေတယ်။ နီထွေးတဲ့ သူ့နှုတ်ခမ်းကလေးကိုလည်း ကိုက်ထားတယ်။ ဘာမှ ပြန်မပြောဘဲ တွေဝေစဉ်းစားနေတယ်။ အဲဒီမှာ ကျောင်းတက်ခေါင်းလောင်းသံက ကျယ်ကျယ်လောင်လောင် မြည်ဟည်းလာတယ်။

ကိုယ် ထိုင်ရာက ထလိုက်တယ်။

“ ကျွန်တော် သွားလိုက်ပါဦးမယ် ”

ကိုယ့်ကို မကြည့်ဘဲ ခေါင်းညိတ်ပြတယ်။

“ ဒါ ဆရာမလေးအတွက် ကျွန်တော့် အမှတ်တရ ပါ ”

ကိုယ်က လွယ်အိတ်ထဲက ပုံဆွဲစက္ကူတစ်ရွက်ကို ထုတ်ပေးလိုက်တယ်။ ဒီ ပုံဆွဲစက္ကူပေါ်မှာ သတိရခြင်းများစွာနဲ့ သူ့ကို ကိုယ် ရေးဆွဲခဲ့တဲ့ ပုံရိပ်ကလေး ပါတယ်။ ဗားဂျင်းဆိုတဲ့ နာမည်နဲ့လေ။ သူ အံ့ဩငြိမ်သက်မျက်လုံးကလေး အဝိုင်းသားနဲ့ ကျန်ရစ်ခဲ့ချိန်မှာပဲ ကိုယ်ဟာ ကျောင်းအပြင်ကို ပြန်ရောက်လာခဲ့တယ်။

မင်္ဂလာပါ ချစ်သူ။ ဟိုတုန်းက မိုးမြူတွေကို ခုထက်ထိ ကိုယ်လွမ်းမိနေဆဲပါ။ ကိုယ်တို့ ပြန်ဆုံတွေ့ခဲ့ကြပြီ။ ပြန်လည်ဆုံတွေ့ကြခြင်းရဲ့ ကျေးဇူးတော်အောက်မှာ ကိုယ် ပျော်မွေ့ ရှင်သန်ခဲ့ရပြီ။


www.burmeseclassic.com

www.burmeseclassic.com


သူက

ပန်းပွင့်ကလေးကို နမ်းတယ်။

ငါ ...

လူစင်စစ်က ပန်းပွင့်ဖြစ်စေသား ... လို့

ကျွန်တော် ဆုတောင်းမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


(၅)

“ မေမေ ”

ကိုယ် တိုးတိုးကလေး ခေါ်လိုက်တယ်။ မေမေ မကြားဘူး။

“ မေမေ ”

ကိုယ် အသံကို မြှင့်ပြီး ထပ်ခေါ်လိုက်တော့ မေမေ့ မျက်တောင်တွေဟာ ပုတ်ခတ် ဖြစ်လာတယ်။

“ မေမေ ”

ဒီတစ်ခါတော့ ကိုယ်က မေမေရဲ့ လက်ပေါ်ကို ကိုယ့်လက်နဲ့ အုပ်ကိုင်ပြီး ခေါ်လိုက်တယ်။ မေမေ့ မျက်လုံးတွေ ပွင့်လာတယ်။ ကိုယ့်ကို မြင်တော့ မျက်နှာမှာ ဝင်းခနဲ အရောင်လက်သွားပြီး ...

“ သား ... သား ”

ကပျာကယာ ခုတင်ပေါ်က လူးလဲ ထဖို့ ကြိုးစားလို့ ကိုယ်ထိန်းပြီး ဖေးထားပေးရတယ်။ ပြီး ခုတင်ပေါ်မှာ တင်ပါးလွှဲဝင်ထိုင် လိုက်ရင်း ...

“ မေမေ သက်သာလား ”


www.burmeseclassic.com

www.burmeseclassic.com


မေမေက ကိုယ့်မေးခွန်းကို ကြားပုံတောင် မရဘူး။

“ သား ... သား ”

ကိုယ့်လက်ကို အားရှိသရွေ့ ဖျစ်ညှစ်ထားပြီး ကိုယ့်မျက်နှာကို တမေ့တမော ကြည့်တယ်။ မေမေ့ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံလာတယ်။

“ သား သားလေး၊ အိမ်မှာ ပြန်လာနေပြီလား ”

ပင့်သက်ရှိုက်ရင် ကိုယ့်ရင်ထဲမှာ လှိုက်မောသွားမိတယ်။ ပြီးမှ မေမေ့ကို ပြုံးပြရင်း ...

“ မဟုတ်ဘူး မေမေ၊ သား ဖေဖေ မရှိတုန်း ခဏ တက်လာတာ ”

“ ဟင် ”

“ ဖေဖေ စောစောကပဲ အပြင်ကို ကားနဲ့ ထွက်သွားတယ်၊ သားက မေမေ့ကို သတိရလို့ ဖေဖေ မရှိတုန်း ခဏလာတာ၊ ဖေဖေ ပြန်မရောက်ခင် ပြန်ရမယ် ”

“ သား သားလေးရယ် ”

မေမေက ကိုယ့်ပခုံးကို ဆုပ်ကိုင်ထားရင်း ငိုချတော့မလို ဖြစ်နေတယ်။ ကိုယ်က ပိန်ချုံးနေတဲ့ မေမေရဲ့ ခန္ဓာကိုယ်လေးကို ဖေးမပေးထားရင်း ‘ မေမေ သက်သာလား ’ လို့ ထပ်မေးလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


" သက်သာပါတယ် သားရယ် "

ကိုယ်က လွယ်အိတ်ထဲက ဆေးပုလင်းတွေကို ကြည့်နေတယ်။

" မေမေ သောက်ဖို့ သားဝယ်လာတဲ့ ဆေးတွေ "

" ဟယ် သားရယ် "

မေမေက ဆေးပုလင်းတွေကို ကြည့်နေတယ်။

" သား ပန်းချီဆွဲလို့ရတဲ့ ငွေနဲ့ ဝယ်လာတာ "

ကိုယ် ဝယ်လာတာက ဗမာဆေးတွေပါ။ မေမေ့အခန်း ပတ်ပတ်လည်မှာ စီရီနေတဲ့ နိုင်ငံခြားဆေးကောင်း ဝါးကောင်းတွေနဲ့ ယှဉ်ရင် တန်ဖိုးချင်း ကွာလွန်းလှပါတယ်။

" မေမေ သောက်နော် "

မေမေက ဗလုံးဗထွေး ခေါင်းညိတ်ပြတယ်။

" သောက်မှာပေါ့ သားရယ်၊ သားက မေမေသောက်စေချင်လို့ ဝယ်လာတဲ့ဆေးပဲ၊ မေမေ သောက်မှာပေါ့ "

မေမေက ဆေးပုလင်းတွေကို သူနဲ့ အနီးဆုံးနေရာမှာ တင်ထားလိုက်တယ်။ ပြီးတော့ ကောက်ကာငင်ကာ ပြောပြန်တယ်။


www.burmeseclassic.com

www.burmeseclassic.com


" သား မပြန်နဲ့တော့လေ၊ အိမ်မှာပဲနေတော့သားရယ် "

" ဟာ မဖြစ်သေးပါဘူး မေမေရယ် "

" သားရယ် မင်းအဖေက စိတ်ဆိုးတုန်း ခဏ "

" ဟင့်အင်း၊ ဟင့်အင်း မေမေ မသိဘူး မေမေ "

ကိုယ့်မျက်လုံးထဲမှာ ဖေဖေ့ရဲ့ မာကျော အေးစက်နေတဲ့ အကြည့်တွေကိုပဲ မြင်ယောင်နေမိတယ်။ ခေါင်းကို ဆက်တိုက် ခါယမ်းနေလိုက်ပြီး ...

" နောက် အေးအေးဆေးဆေးကျတော့ ပြန်လာတာပေါ့ မေမေရယ် "

မေမေက ကိုယ့်ကိုငေးကြည့်ပြီး ဘာမှထပ်မပြောရှာပါဘူး။ ဒီအဖေနဲ့ ဒီသားအကြောင်း သူ အသိဆုံး ဖြစ်ခဲ့တာကိုး။

" ဒါတွေ ထားလိုက်ပါတော့ မေမေရယ် "

နောက်တော့ ကိုယ်နဲ့ မေမေ စကားတွေ စည်စည်ဝေဝေ ပြောနေကြတယ်။ မေမေဟာ ဝေဒနာရှင်တစ်ယောက်လို့ မထင်မှတ်စရာကို လန်းဆန်းလာတယ်။ ဒါပေမဲ့ ကိုယ်ကတော့ မေမေ မသိအောင် နာရီကို လှမ်းလှမ်းကြည့်နေရတယ်။ အဲဒီလိုနဲ့ပဲ...။

" မေမေ သားပြန်လိုက်ဦးမယ် "


www.burmeseclassic.com

www.burmeseclassic.com


မေမေဟာ အိပ်မက်က လန့်နိုးလာသူတစ်ယောက်လို မှင်သက်ကြောင်အမ်းသွားသေးတယ်။ ပြီးတော့ နံဘေးကို မျက်နှာလွှဲလိုက်ပြီး ခေါင်းကို ဖြည်းဖြည်းညိတ်ပြတယ်။

ကိုယ့်ရင်ထဲမှာ ကျင်ခနဲ နာသွားမိတယ်။ ကိုယ် မေမေ့ကို ကန်တော့တော့ မေမေက ဆုတွေကို ရှိုက်ငင်သံနဲ့ ပေးတယ်။

" ကဲ… မေမေ သား သွားပြီနော် "

အိမ်ကြီးထဲက ပြန်အထွက်မှာ ကိုယ့်အခန်းဖက်ကို တစ်ချက်လှည့်ကြည့်ပြီး လွမ်းသလို ဖြစ်သွားမိသေးတယ်။ လမ်းပေါ် ရောက်တော့မှ တင်းနေတဲ့စိတ်တွေကို လျှော့ချလိုက်တယ်။

ညနေဟာ မပြေမပြစ် လှပနေတယ်။

www.burmeseclassic.com

www.burmeseclassic.com


(၆)

ကိုယ်တို့ဆုံနေကျ မြေစိုက် လက်ဖက်ရည်ဆိုင်လေးထဲ ဝင်လိုက်တော့ အေးမြင့်ကျော်က ကိုယ့်ကို လှမ်းပြောတယ်။

" နက်ဖြန်ခါ မဂ္ဂဇင်းထဲမှာ မင်းဆွဲတဲ့ပုံလေး ကြိုက်တယ်ကွာ "

" ဘယ်ပုံလဲ "

နက်ဖြန်ခါ မဂ္ဂဇင်းမှာ ကိုယ်ဆွဲတဲ့ပုံက အတော်များတယ်။ Illustration လို့ခေါ်တယ်။

" ယဉ်ဝေရဲ့ ကဗျာမှာ ဆွဲတဲ့ပုံ "

" ဩော် ... အေး "

ကိုယ်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ရင်း ...

" ကဗျာကကို ကောင်းတာကွ "

" အေး... ဟုတ်တယ်၊ ကဗျာကလည်း တော်တော်ကောင်းတယ် "

" ကဗျာကို ကြိုက်တာနဲ့ ငါလည်း ကောင်းကောင်းလေး ဆွဲပေးလိုက်တာ "


www.burmeseclassic.com

www.burmeseclassic.com


နောက်တော့ ကိုယ်တို့ဟာ အဲဒီ ကြယ်ကြွေလက်ာ ဆိုတဲ့ ကဗျာလေးအကြောင်းကို တစ်ယောက်တစ်ပေါက် ချီးကျူးနေ လိုက်ကြတယ်။ နန်းနွယ်က ကဗျာဆရာယဉ်ဝေဆိုတာ အမျိုးသမီးလို့ ပြောတယ်တဲ့။ အေးမြင့်ကျော်က ကိုယ့်ကို ပြန်ပြောပြတယ်။

“ ကဗျာကောင်းတာ ထားလိုက်ပါတော့၊ ငါက မင်းရဲ့ သရုပ်ဖော်ပုံလေး ကောင်းတာနဲ့ ပတ်သက်ပြီး ပြောမလို့ ”

“ ဘာပြောမလို့လဲ ”

အေးမြင့်ကျော်က ကိုယ့်ထက်အရင်စောပြီး ဒီလောကထဲကို ဝင်လာတဲ့ ကဗျာဆရာပါ။ တစ်ခါတစ်ခါ သူ့မှတ်ချက်တွေဟာ သိပ်တန်ဖိုးရှိတယ်။

“ မင်း ဒီလက်အတိုင်း ဆက်သွားရင်တော့ ခေတ်တစ်ခေတ်ရဲ့ အကောင်းဆုံး ပန်းချီဆရာ ဖြစ်လာလိမ့်မယ်။ အံ့ခေါင်ကို မင်းက ကျော်သွားလိမ့်မယ်၊ ငါထင်တယ် ”

အံ့ခေါင်ဆိုတာက နာမည်ကျော် လူငယ်ပန်းချီဆရာပါ။ နိုင်ငံခြား သံရုံးများစွာက တဖွဖွ ချီးကျူးဆက်ဆံရတဲ့ မော်ဒန် ပန်းချီဆရာပါ။ ကိုယ်နဲ့ သူနဲ့ မသိပါဘူး။ သူကလည်း နည်းနည်း မာနကြီးတယ်လို့ ကြားဖူးတယ်။

အဲဒီမှာပဲ ကိုယ်တို့စားပွဲကို ရဲဝေရောက်လာတယ်။ သူ့မျက်နှာမှာ အလိုမကျမှုတို့ ယှက်ဖြာထင်ဟပ်နေတယ်။ ခွေးခြေကို ဆွဲပြီး စိတ်မပါ လက်မပါ ထိုင်တယ်။


www.burmeseclassic.com

အေးမြင့်ကျော်က မေးလိုက်တယ်။

" ဘာဖြစ်လာတာလဲ "

ရဲဝေက ဆူဆူအောင့်အောင့် ပြန်ဖြေတယ်။

" ဦးတာတီးပေါ့ကွာ "

ဦးတာတီးဆိုတာကလည်း နာမည်ကျော် စာအုပ်ထုတ်ဝေ သူကြီးပါ။ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် အင်မတန် ကုတ်ကတ်ပြီး သူ့ဖို့ပဲ သူသိတဲ့ စီးပွားရေးသမားကြီးပါ။

" ဦးတာတီးက ဒီဖိုင်းခ မပေးပြန်ဘူးပေါ့၊ နေ့လွှဲညလွှဲနဲ့ ကပ်နေပြန်ပြီပေါ့ "

" အေးပေါ့ကွာ အဲဒါပဲပေါ့၊ ငါ့မှာက ကိုယ်ရရမယ့် ဒီဖိုင်းခလေးကို သူတောင်းစားလို ခယ တောင်းနေရတယ်၊ အဲဒါလည်း ခုထိ မပေးဘူး၊ ငါကလည်း ငွေကြေးလိုနေတယ် "

" အခု ဦးတာတီးက စာအုပ်တိုက်မှာလား "

ကိုယ်က ဝင်မေးလိုက်တယ်။ အေးမြင့်ကျော်က ခေါင်းခါပြီး ...

" အိမ်မှာတဲ့၊ တိုက်ကို မနေ့ကလည်း မလာဘူးတဲ့ "

" လာကွာ အိမ်လိုက်တောင်းမယ်၊ ထကြ သွားမယ် "

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်က ထရပ်တော့ သူတို့ ကြောင်အမ်းသွားတယ်။ ပြီးတော့မှ 'အေးကွာ သွားမယ်' ဆိုပြီး ထလိုက်လာကြတယ်။

အဲဒီလိုနဲ့ ကိုယ်တို့ ဦးတာတီးရဲ့ ခြံကြီးကို ရောက်သွားတယ်။ ခြံဝမှာလည်း ဘယ်သူမှ မရှိပါဘူး။ ခြံထဲကို အော်ခေါ်တာလည်း ဘယ်သူမှ ထွက်မလာဘူး။ တံခါးကြီးကို တွန်းကြည့်တော့ ဇေ့ရုံ ဇေ့ထားတာမို့ ပွင့်သွားတယ်။

" ငါ ဝင်ကြည့်လိုက်ဦးမယ် "

အေးမြင့်ကျော်က ခြံထဲသို့ ဝင်သွားလိုက်တယ်။ ခဏကြာတော့ ပြန်ထွက်လာတယ်။

" မရှိဘူးလား "

" ရှိတယ်ကွ၊ အိပ်ခန်းထဲမှာ ဖဲရိုက်နေကြတယ် "

" ဟင် "

" သူတို့ ရွယ်တူလူကြီးတွေကွ၊ ဝိုင်းကလည်း ငွေတွေကို ပုံနေတာပဲ၊ အရွက်ကြီးတွေချည်းပဲ "

" ဟာ "

အဲဒီမှာ ခြံထဲက အမျိုးသမီးတစ်ယောက်က ကိုယ်တို့ကို ခုမှ မြင်သွားပြီး ထွက်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com


" ဘယ်သူနဲ့ တွေ့ချင်လို့လဲ "

" ဦးတာတီးနဲ့ တွေ့ချင်လို့ "

ကိုယ်တို့သုံးယောက်လုံးကို သိမ်းကြုံးကြည့်ပြီးမှ ...

" မရှိဘူး "

" ဘယ်သွားလဲ "

" အပြင်သွားတယ် "

" ဘယ်တုန်းကတည်းက သွားတာလဲ "

" မနက်ကတည်းက "

ကိုယ်တို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ပြီးတော့မှ ကိုယ်က အမျိုးသမီးကို ပြောလိုက်တယ်။

" ကောင်းပြီလေ သူပြန်လာမှာပဲဟာ၊ ကျွန်တော်တို့ သူ့ကို ဒီကပဲ စောင့်လိုက်မယ် "

အမျိုးသမီးက အမ်းတမ်းတမ်း ဖြစ်သွားပြီး ...

" မောင်လေးတို့ အချိန်ကုန် "

ကိုယ်က ဖြတ်ပြောလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


" ရပါတယ်၊ ကျွန်တော်တို့လည်း အချိန်ရပါတယ်၊ သူလည်း ပြန်လာမှာပေါ့၊ ဒီကပဲ စောင့်နေမယ် "

အမျိုးသမီး စိတ်မသက်မသာဖြစ်ပြီး ခြံထဲပြန်ဝင်သွားတယ်။

ခဏကြာတော့ ပြန်ထွက်လာပြီး ...

" ဖုန်းဆက်ပေးမယ်လေ၊ ဘာကိစ္စနဲ့ ဘယ်သူလာတာလဲလို့ အစ်မကို ပြောလိုက် "

ကိုယ်က ပြုံးရင်း အကျိုးအကြောင်း ပြောပြလိုက်တယ်။ အမျိုးသမီး ခြံထဲ ဝင်သွားပြန်တယ်။ ပြန်ထွက်လာတော့ ရဲဝေအတွက် ဒီဗိုင်းခ ပါလာတယ်။

" သူက ပေးလိုက်ပါလို့ ဖုန်းနဲ့ ပြန်ပြောလို့ "

ကိုယ်တို့ကတော့ ရယ်ကျဲကျဲနဲ့ ဖြစ်နေတာပေါ့။

" ကျေးဇူးပါပဲ အစ်မကြီး "

" ဟုတ်ကဲ့ "

" ဦးတာတီးကိုလည်း ပြောလိုက်ပါ "

" ဟုတ်ကဲ့ "


www.burmeseclassic.com

www.burmeseclassic.com


" ကျွန်တော်တို့က သူ့ကို ဖဲနိုင်ပါစေလို့ ဆုတောင်းပေးသွားပါတယ်လို့ ပြောလိုက်ပါ "

" ရှင် "

အမျိုးသမီးမျက်နှာ အကြီးအကျယ်ပျက်သွားချိန်မှာ ကိုယ်တို့လှည့်ပြန်လာကြတယ်။ 'ထုတ်ဝေသူကြီး ဦးတာတီး ဖဲနိုင်ပါစေ၊ ထုတ်ဝေသူကြီး ဦးတာတီး ဖဲနိုင်ပါစေ'လို့လည်း သံချပ်တွေ တိုင်လာတယ်။

ဒါပေမဲ့ နောက်ရက်တွေကျတော့ ကိုယ်တို့လည်း ဦးတာတီးရဲ့ စာအုပ်တိုက်ထဲကို ဝင်ထိုင်နေတာပဲ၊ ဦးတာတီးနဲ့လည်း တွေ့တယ်။ ဒါပေမဲ့ ဦးတာတီးကလည်း ဘာမှမဖြစ်သလို၊ ကိုယ်တို့ကလည်း ဘာမှမဖြစ်သလိုပဲ။

အဟင်း ပျော်စရာကြီးနော်။

www.burmeseclassic.com

www.burmeseclassic.com


(၇)

နက်ဖြန်ခါ မဂ္ဂဇင်းတိုက်ခန်းထဲ ဝင်သွားလိုက်တော့ အယ်ဒီတာ့ စားပွဲရှေ့မှာ မိန်းကလေးနှစ်ယောက် ထိုင်နေတာကို ကျောဖက်ကနေ မြင်ရတယ်။ အဲဒီ မိန်းကလေးနှစ်ယောက်ကို လေချိုသွေးနေတဲ့ အယ်ဒီတာ ကိုမိုးရဲ့ ရှေ့ဘက် မလှမ်းမကမ်းမှာ ကိုယ့်ကို မြင်သာအောင် ရပ်ပြ လိုက်တယ်။

" ဒီဖိုင်းခ ဒီနေ့ရမယ်မို့လား "

ကိုမိုးက ပြောလက်စ စကားတွေ ရပ်သွားပြီး ကိုယ့်ကို မော့ကြည့်တယ်။

" သြော် ... အေး၊ ညီလေး လင်းဆက်၊ နက်ဖြန်ခါမှ လာခဲ့ကွာ "

" အပ်စရာပုံတွေကော ခုပေးလိုက်မလား "

" နက်ဖြန်ခါ အပ်မယ်လေကွာ "

" ဟိုအပတ်က ဒီဖိုင်းခတွေလည်း ကျန်သေးတယ်နော် "

" အေး ... နက်ဖြန်ခါကျ "

www.burmeseclassic.com

www.burmeseclassic.com


ကိုယ် သူ့စကားကို ဆုံးအောင် နားမထောင်တော့ပဲ သူတို့ရဲ့ နက်ဖြန်ခါ မဂ္ဂဇင်းတိုက်ကနေ ထွက်လာခဲ့တယ်။ အဲဒီ မဂ္ဂဇင်းတိုက်ရဲ့ မနီးမဝေးကလေးမှာ ကိုယ်တို့ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးရှိတယ်။ ဘယ်သူငယ်ချင်းမှ မရောက်သေးဘူး။

ကိုယ်တစ်ယောက်တည်း စားပွဲမှာ ဝင်ထိုင်နေလိုက်တယ်။ ငေးကောင်းကောင်းနဲ့ ငေးနေတုန်း ...

" ခဏထိုင်မယ်နော် "

" ဗျာ "

အသံကြားမှ ကိုယ်လှည့်ကြည့်လိုက်တော့ ...

" ဟင် "

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။ ဗားဂျင်း ...

" ကျွန်မတို့ ခဏထိုင်မယ်နော်၊ ကိုလင်းဆက်ကို ပြောစရာ နည်းနည်း ရှိလို့ "

ဗားဂျင်းက ပြောတာ မဟုတ်ပါဘူး။ သူ့အဖော် မိန်းကလေးက ပြောတာပါ။ ကိုယ်ခေါင်းညိတ်ပြလိုက်တယ်။

" ဟုတ်ကဲ့၊ ဟုတ်ကဲ့ "


www.burmeseclassic.com

www.burmeseclassic.com


သူတို့ ကိုယ့်စားပွဲမှာ ဝင်ထိုင်ကြတယ်။ သူတို့အတွက် လက်ဖက်ရည်မှာပေးရင်း ကိုယ်ရင်ခုန်နေမိတယ်။

ဗားဂျင်းနဲ့အတူပါလာတဲ့ ကောင်မလေးက မလှဘူး။ ပိန်ပိန်ပါးပါး မျက်နှာမှာလည်း ဝက်ခြံတွေနဲ့။ ဗားဂျင်းနဲ့အတူ တွဲလာရဲတဲ့ သူ့ကို အံ့သြရမှာပဲ။ ကိုယ့်ချစ်သူ ဗားဂျင်းလေးကတော့ ပန်းတွေကြွေအောင်ကို လှတယ်လေ။

ချစ်သူနဲ့ ကိုယ်နဲ့ မျက်လုံးချင်း ဆုံတယ်။ ဗားဂျင်းလေးရယ်။ တစ်ယောက်ကို တစ်ယောက်က ငေးကြည့်နေလိုက်ကြသေးတယ်။ ရင်ထဲမှာ တုန်ခါ လှုပ်ခတ်နေရင်း ကိုယ့်နားထဲကို စကားသံတစ်စ တိုးဝင်လာတယ်။

" ကျွန်မ ကဗျာဆရာမ ယဉ်ဝေပါ "

ဟင့်အင်း၊ ဗားဂျင်းကလေးပြောတာ မဟုတ်ဘူး။ သူနဲ့အဖော်ပါလာတဲ့ မိန်းကလေးက ပြောတာ။ ကိုယ် ခေါင်းညိတ်ပြီး အသိအမှတ်ပြုလိုက်တယ်။

" ဟုတ်ကဲ့၊ ခင်ဗျား ကဗျာလေးကို ကျွန်တော် ကြိုက်ပါတယ် "

" ကျွန်မလည်း ကိုလင်းဆက်ရဲ့ ပန်းချီပုံလေးတွေကို သိပ်ကြိုက်ပါတယ်၊ လေးစားပါတယ် "

" ဟုတ်ကဲ့ "


www.burmeseclassic.com

" ခုနက ကျွန်မတို့ နက်ဖြန်ခါ မဂ္ဂဇင်းတိုက်ထဲမှာ ထိုင်နေတုန်း ကိုလင်းဆက် ဝင်လာသေးတယ်လေ "

" သြော် ကိုမိုးနဲ့ စကားပြောနေတာ "

" ဟုတ်ကဲ့၊ အဲဒါ ကျွန်မတို့နှစ်ယောက်ပဲ "

" သြော် ... အင်း ... အင်း "

ယဉ်ဝေက ဗားဂျင်းကို မေးဆတ်ပြပြီး ...

" အခု ကျွန်မနဲ့ ကျွန်မသူငယ်ချင်းနဲ့ ကဗျာစာအုပ်တစ်အုပ် ပေါင်းထုတ်ချင်လို့၊ အဲဒါ ကိုလင်းဆက်ကို ဒီဇိုင်းလေးတွေ ဆွဲပေးစေချင်တာပါ၊ အဲဒါ ကူညီနိုင်မလားလို့ "

ချစ်တဲ့ ဗားဂျင်းကပါ ကဗျာလေးတွေရေးတယ်ဆိုတော့ ကိုယ်အတော် စိတ်လှုပ်ရှားသွားမိတယ်။ ရင်ထဲမှာလည်း ကြည်နူးချမ်းမြေ့သွားတယ်။

ယဉ်ဝေ့ကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

" ဟုတ်ကဲ့ ကျွန်တော် ဆွဲပေးပါမယ် "

ယဉ်ဝေ ဝမ်းသာသွားပုံရတယ်။

" ကောင်းကောင်းလေးနော် "

www.burmeseclassic.com

www.burmeseclassic.com


" အဟင်း ဟုတ်ကဲ့၊ ကောင်းကောင်းဆွဲပေးမှာပါ "

" အဲဒါ ပန်းချီလက်ခကို ဘယ်လိုယူမလဲဟင် "

ယဉ်ဝေ့ကို ဘာမှမပြောပဲ ဗားဂျင်းကိုပဲ ကိုယ်လှမ်းကြည့်လိုက်တယ်။ သူကလည်း ကိုယ့်လို ကြည့်နေတာနဲ့ ဆုံတယ်။ အတော်ကြာတဲ့အထိ မျက်လုံးမလွှဲမိကြဘူး။

ကိုယ်က အပြုံးတစ်ဝက်နဲ့ သူ့ကို မေးလိုက်တယ်။

" ဟိုကောင် ကျော်ဝင်းနိုင် အခြေအနေ ဘယ်လိုလဲ၊ ဒီကောင် ပဲကလေးကို စားကောင်းနေတုန်းပဲလား "

သူကပြုံးစူစူလေး လုပ်ပြီး ပြန်ပြောတယ်။

" ကောင်းသွားပြီ၊ အခြေအနေပြန်မှန်သွားပြီ၊ ဒီကောင် ပဲကလေးကို ဆိမ့်သွားပြီ "

ပြီးတော့ နှစ်ယောက်လုံး ပြိုင်တူရယ်လိုက်မိကြတယ်။ ကိုယ်တို့ကို ကြည့်ပြီး ကြောင်တက်တက် ဖြစ်နေတဲ့ ယဉ်ဝေ့ကို ကိုယ်က ပြောလိုက်တယ်။

" ပန်းချီလက်ခတွေ ဘာတွေ မယူပါဘူးဗျာ "

" အင် ... "

" ဒီက ဆရာမလေး တိုးမိုးစံနဲ့ ကျွန်တော်နဲ့ကလည်း "


www.burmeseclassic.com

www.burmeseclassic.com


စကားကို ဘယ်လို ဆက်ပြောရမလဲ မသိဘဲ ကိုယ်ခဏလေး ရပ်လိုက်မိသေးတယ်။ ဗားဂျင်းကို မျက်လုံးဝေ့ကြည့်ပြီး သံမှန်ကလေးနဲ့ …

“ သူစိမ်းတွေမှ မဟုတ်ဘဲ ”

ယဉ်ဝေက အတော်အံ့သြတဲ့ မူဟန်နဲ့ …

“ မိုးစံနဲ့ ကျွန်မ တွဲလာတာ ကြာပြီ၊ အဲဒါ ကိုလင်းဆက်ကို ဝှက်ထားတယ်၊ ကြည့်စမ်း ဘာမှမပြောဘူး၊ အခု ကိုလင်းဆက်တို့ချင်း ရင်းနှီးနေတာတောင် ကိုလင်းဆက်ပြောမှပဲ သိရတာ၊ တွေ့မယ် တွေ့မယ် အပြန်ကျမှ တွေ့မယ် ”

ပြီး ‘မိုးစံ မိုးစံ’လို့ မကျေမချမ်း ညည်းသလိုနဲ့ ယဉ်ဝေက မျက်စောင်းကလေး ခဲတယ်။

“ ဘာလဲဟ ”

မိုးစံက အဓိပ္ပာယ် ခန့်မှန်းရခက်တဲ့ အပြုံးနဲ့ ယဉ်ဝေ့ကို ပြန်ပြောတယ်။ ကိုယ် မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိတော့တယ်။ သိပ်လှတာပဲ။

ဩော် … ကိုယ်သိပ်ချစ်တဲ့ ကောင်မလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

" မိုးစံကို ပြောရဦးမယ် "

" အင်း ... ပြော "

ယဉ်ဝေတို့အိမ်မှာ ကိုယ်တို့သုံးယောက် ဆုံဖြစ်ကြတယ်။ သူတို့ထုတ်မယ့် ကဗျာစာအုပ်ကလေးအတွက် ခေါင်းချင်းဆိုင်ပြီး စားပွဲတစ်လုံးမှာ အလုပ်ရှုပ်နေကြတာပါ။

ကိုယ်ကလည်း ဒီဇိုင်းတွေဆွဲ၊ အဲဒီထဲမှ ချစ်သူနဲ့လည်း စကားလေးတွေ ပြောပြီး ပျော်နေတယ်။

" ကျော်ဝင်းနိုင် လပတ်စာမေးပွဲအောင်တော့ ကျွန်တော်က ဂုဏ်ပြုတဲ့အနေနဲ့ ရုပ်ရှင်လိုက်ပြတယ် "

" ဩော် ... အင်း "

" ဒီကောင်က ရုပ်ရှင်မှ မကြည့်ဘူးပဲ၊ ရုံထဲမှာ ကျွန်တော့်ကို အရှက်ခွဲတယ် "

" ဟင် ဘာဖြစ်လို့လဲ "

" သမ္မတရုံက ပိတ်ကားကြီးကို ကြည့်ပြီးတော့လေ "



www.burmeseclassic.com

" အင်း "

" ဦး တယ်လီဖေးရှင်းကြီးကလည်း အကြီးကြီးပဲတဲ့ "

" ဟော့တော် "

မိုးစံကော၊ ယဥ်မေကော ဟက်ဟက်ပက်ပက် ရယ်ကြတယ်။ ရယ်သံတွေဆုံးတော့ ...

" မိုးစံလည်း ကိုလင်းဆက်ကို မေးမလို့ "

" ဘာမေးမလို့လဲ "

ကျော်ဝင်းနိုင်အကြောင်း မေးမှာလို့ ထင်လိုက်မိတယ်။ ဒါပေမဲ့ မဟုတ်ဘူး။

" ကိုလင်းဆက်ရဲ့ ဒီဇိုင်းတွေ ရုပ်ပုံတွေကို မိုးစံ အတော်လေး အားရတယ်၊ သိပ်သဘောကျတယ် "

ကိုယ်ငြိမ်ပြီး ဆက်နားထောင်နေလိုက်တယ်၊ မိုးစံက ဆက်ပြောတယ်။

" အဲဒါ ကိုလင်းဆက်ရဲ့ ဆရာက ဘယ်သူလဲ၊ ဘယ်တုန်းထဲက ကိုလင်းဆက် ပန်းချီစဆွဲသလဲ၊ အဲဒါတွေ သိချင်တယ်၊ ဖြစ်နိုင်ရင် ပြောပြပါလား "

www.burmeseclassic.com

www.burmeseclassic.com


မိုးစံစကားသံလေးကို နားထောင်ရင်း၊ မိုးစံရဲ့ လှပတဲ့ ရွှေရုပ်လွှာကလေးကို ငေးရင်း၊ ကိုယ့်အတွေးတွေ ပြန့်ပြန့်စင်စင် ဖြစ်လာတယ်။ အဝေးကိုလည်း ခပ်ငေးငေး မျှော်ကြည့်မိတယ်။

" ကျွန်တော့်ဆရာတွေက နာမည်မကြီးပါဘူး၊ သာမန် ဆရာတွေပါပဲ"

ကိုယ်က နာမည်တွေ ရွတ်ပြလိုက်တယ်။ ကိုယ်ထင်တဲ့အတိုင်း သူတို့ မကြားဖူးကြပါဘူး။ ကိုယ်က စဉ်းစားလိုက်ပြီး ဆက်ပြောလိုက်တယ်။

" ကျွန်တော့် ပန်းချီလက်ရာတွေ ထူးခြားတာကတော့ ပန်းချီထဲမှာ အသေအလဲ လူးလိမ့်ခိုဝင်တဲ့ ကျွန်တော့်ရဲ့ ဝိညာဉ်ကြောင့်ပဲ ဖြစ်မှာပေါ့၊ ဒီလိုပဲ ကျွန်တော်ထင်တယ်၊ ကျွန်တော် ဘယ်သွားသွား ဘာလုပ်လုပ် ပန်းချီ အတွေးတွေ၊ အရောင်တွေ၊ လိုင်းမာတွေ၊ လိုင်းပျော့တွေ ခေါင်းထဲ ဝင်နေတတ်တယ်။ ပန်းချီကားတွေကို အိပ်မက်မက်တယ်။ ပန်းချီဆွဲနေရမယ် ဆိုရင် အားလုံးကိုမေ့တယ်၊ ပန်းချီအတွက်ဆိုရင် အသေခံပြီးတော့လည်း ဆွဲရဲတယ်၊ ကျွန်တော်ထင်တယ် မိုးစံ "

" ... ... ... ... "

" ကျွန်တော်က ထမင်းမေ့ဟင်းမေ့ ပန်းချီဆွဲတတ်တယ်၊ သေရင် သေပစေ၊ အာရုံနစ်ဝင်သွားပြီဆိုရင် တခြားဘာကိုမှ မသိတော့ဘူး၊ ပန်းချီဆွဲ၊ ပန်းချီဆွဲရင်း ပန်းချီကားရှေ့မှာလဲသေ၊ သေပြီး သရဲဖြစ်၊ သရဲအဖြစ်နဲ့ ပန်းချီဆက်ဆွဲ၊ အဲဒီလို သွားမယ့်ကောင် ပန်းချီကား ပြီးတော့မှ ကိုယ့်ကိုကိုယ် သေပြီးလို့ သရဲဖြစ်နေပါရောလားဆိုတာကို သိလိမ့်မယ် "


www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ်တော့ ကိုယ်ဘာမှ ဆက်မပြောတော့ပါဘူး။ ဒါပေမဲ့ သူတို့က သက်ပြင်းသဲ့သဲ့ ချကြတယ်။ ကိုယ်တို့ စကားဝိုင်းလေး ခေတ္တ တိတ်ဆိတ် သွားတယ်။

စားပွဲပေါ်မှာ ကဗျာစာရွက်ကလေး ရှိတယ်။ ကိုယ်တစ်ရွက်ချင်း လှော်လှန်နေမိတယ်။ မိုးစံ ကဗျာလေးတွေက တိုတို ရှင်းရှင်းကလေးတွေ၊ ဒါပေမဲ့ လှတယ်။ ယဉ်ဝေရဲ့ ကဗျာတွေကတော့ ပြောစရာ မလိုတော့ဘူး။ ဒီကဗျာ စာအုပ်ကလေး အနုပညာအရတော့ အောင်မြင်မှာပါ။

ယဉ်ဝေက ကိုယ့်ကိုပြောတယ်။

“ ကျွန်မကတော့ ကိုလင်းဆက်ကို သူဌေးသား တစ်ယောက်လို့ ထင်တယ် ”

ကိုယ်ရယ်နေလိုက်တယ်။ သူက ဆက်ပြောတယ်။

“ ဘာဖြစ်လို့ ပန်းချီဆွဲနေသလဲသာ မသိတာ ”

“ ဟင် သူဌေးသား ဖြစ်နေတော့ကော ပန်းချီမဆွဲရတော့ဘူးလား ”

ယဉ်ဝေအဖြေရကျပ်သွားတယ်။

“ အဲဒီလိုတော့ မဟုတ်ဘူးလေ ”

ကိုယ် ခပ်တိုးတိုးကလေး ရယ်နေလိုက်တယ်။ မိုးစံဘက်ကို လှည့်ကြည့်တော့ မိုးစံက နှုတ်ခမ်းလေးကိုက်ပြီး ကိုယ့်ကို စိုက်ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ရင်မှာ အေးခနဲ ဖြစ်သွားပြီး ကိုယ်နှလုံးသားဟာ အရည်ပျော်ကျမတတ် ခံစားလိုက်ရတယ်။

သိပ်လှတာပဲ။ သိပ်ချစ်တာပဲ ကိုယ့်နတ်သမီးလေးရယ်။ မင်းနဲ့ အဲဒီလို နေရတာကိုက ကိုယ့်စိတ်ထဲမှာ လှိုင်းခတ်မောလျ နေရပါတယ်။

" မိုးစံရဲ့ ကဗျာလေးတွေက ... "

ကိုယ်ဆက်မပြောပဲ ရပ်ထားတော့ မိုးစံက စကားထောက်ပေးတယ်။

" ပြောပါ ဘာဖြစ်လို့လဲ "

" ကဗျာလေးတွေက ကဗျာဆရာမလေးရဲ့ ခြေရာကို နင်းတယ် "

" ဟင် ဘာဖြစ်တယ် "

ကိုယ့်စကားကို နားမလည်ဘူး။ မိုးစံ မျက်မှောင်ကလေး ကြုတ်နေတယ်။ ကိုယ်က ရယ်လိုက်ရင်း ...

" သြော် ကဗျာလေးတွေက ကဗျာဆရာမလေးရဲ့ ခြေရာကို နင်းတယ်လို့ လှတယ်လို့ ပြောတာပါ "

" ဟာ "

မိုးစံ ရှက်ကိုး ရှက်ရိပ်နဲ့ မျက်နှာလွှဲသွားတယ်။ ဆံနွယ်နက် ကလေးတွေ ဝဲခနဲ၊ ချစ်သူကို တနင့်နင့် ငေးကြည့်ရင်း ကိုယ့်ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com


အလင်္ကာတွေ လင်းလက်ပေါက်ကွဲနေတယ်။ မိုးစံက ဆံနွယ်မျှင်တွေကို လက်နဲ့ သပ်တင်ရင်း ကိုယ့်ကို မျက်လုံး ထောင့်ကပ်ကြည့်တယ်။ အဲဒီအကြည့်မှာ အငြိုငြို အထွေးထွေး ကိုယ်ရှုန်းကန် လဲပြိုဆဲ။

ယဉ်ဝေက တစ်ယောက်တည်း ပြောနေတယ်။ 'ကျွန်မရဲ့ ကဗျာကလေး တွေကိုတော့ ကျွန်မခြေရာ မနင်းဖို့ မှာရတော့မယ်၊ ဒါမှ လှမှာ'တဲ့။


www.burmeseclassic.com

www.burmeseclassic.com


ချစ်သူလက်ကလေးကိုင်ပြီး

ချစ်သူဘက်က ရင်ဆိုင်ချင်တယ်။

ချစ်သူ့အင်အားများစွာနဲ့

ချစ်သူ့သားတော်ဘဝမှာ ပျော်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


(၉)

ဒီဇင်ဘာရဲ့ နှင်းတွေက ခြေသံမကြားအောင် မြေပြင်ကို ဖားဖား လျားလျား သက်ဆင်းနေကြတယ်။ ကိုယ်တို့ သူငယ်ချင်း တစ်အုပ်ကတော့ လက်ဖက်ရည်ဆိုင်လေးမှာ ရုံးစုပြီး ကိုယ်တို့ ခင်းကျင်းတော့မယ့် ပန်းချီပြပွဲ လေးအတွက် ရင်ခုန်နေကြပါလေရဲ့။ တဖြည်းဖြည်းနဲ့ နေရောင်ပွင့်လာတဲ့အခါ ကိုယ်တို့အားလုံး ပန်းချီပြခန်းထဲ ရောက်သွားကြတယ်။

ပန်းချီကားတွေကို နံရံမှာစီ၊ ချိတ်၊ ရင်ထဲမှာလည်း မော တထိတ်ထိတ်နဲ့။

ကြော်ငြာအား သိပ်မကောင်းခဲ့ပေမယ့် ကိုယ်တို့ရဲ့ ပန်းချီပြပွဲလေးကို လူအတော်များများ လာကြည့်ကြတယ်။ လက်ရှိခေတ်ရဲ့ လူငယ် ပန်းချီဆရာ တိုင်းလိုလိုဟာလည်း ဒီပွဲမှာ ဝင်ဆွဲကြတယ်၊ အံ့ခေါင်တစ်ယောက်က လွဲရင် ပေါ့လေ။

ပန်းချီကားတွေကို စိတ်ဝင်တစား ကြည့်နေကြတဲ့ လူတွေဟာ မျက်နှာမှာ ဘာခံစားမှု အရိပ်တွေပြေးသလဲ။ ကိုယ်တစေ့တစောင်း အကဲခတ် နေမိတယ်။

အဲဒီမှာပဲ ကိုယ်ထိုင်ရာစားပွဲကို ကိုမော်နဲ့ ရဲဝေ ရောက်လာကြတယ်။

“ လင်းဆက် မင်းကတော့ စန်းပွင့်ပြီကွ ”


www.burmeseclassic.com

" ဘာဖြစ်လို့လဲ "

သူတို့ ကိုယ့်ကို ဘာမှ ရှင်းမပြရသေးခင်မှာဘဲ နိုင်ငံခြားသား တစ်ချို့ ' လင်းဆက် လင်းဆက် 'နဲ့ ကိုယ့်နာမည်ကို မပီမသ ရွတ်ရင်း ကိုယ့်စားပွဲကို ရောက်လာတယ်။

" ကျွန်တော် လင်းဆက်ပါခင်ဗျာ "

ကိုယ်က ကိုယ့်ကိုယ်ကို အင်္ဂလိပ်ဘာသာနဲ့ မိတ်ဆက်လိုက်တယ်။ သူတို့ထဲက တစ်ယောက်က ကိုယ့်ကို အင်္ဂလိပ်ဘာသာနဲ့ မေးတယ်။

" ဒီပြပွဲမှာ တင်ထားတဲ့ 'ငါနဲ့အိပ်မက်' ဆိုတဲ့ ပန်းချီကားက ခင်ဗျား ဆွဲတာနော် "

" ဟုတ်ကဲ့ ကျွန်တော်ဆွဲတာပေါ့ "

သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်တယ်။ ပြီးတော့မှ ကိုယ့်ကို ...

"ကောင်းတယ်၊ ကောင်းတယ်၊ ခင်ဗျား ပန်းချီကား သိပ်ကောင်းတယ်"

" ဟုတ်ကဲ့၊ ခုလို ချီးမွမ်းတာကို ကျေးဇူးတင်ပါတယ် "

အဲဒီမှာ နောက်တစ်ယောက်က ကြားဖြတ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com


" လင်းဆက် ခင်ဗျား ချာဂေါလ် (Chagall) ရဲ့ ငါနဲ့ရွာ (I and the village) ဆိုတဲ့ ပန်းချီပုံ ကြည့်ဖူးသလား "

ကိုယ်က ခေါင်းညိတ်ပြလိုက်တယ်။

" ဟုတ်ကဲ့ မိတ္တူပုံကို ကြည့်ဖူးပါတယ် "

အဲဒီတော့ သူက ပြုံးပြုံးကြီးနဲ့ ...

" သူ့ပန်းချီကားလည်း ကောင်းတယ်၊ ခင်ဗျား ပန်းချီကားလည်း ကောင်းတယ်၊ ကျွန်တော်တို့ အသိအမှတ်ပြုပါတယ် "

" အို "

ပထမလူက ပြန်ဝင်ပြောတယ်။

" ခင်ဗျားရဲ့ ပန်းချီကားကို ကျွန်တော်တို့ ဝယ်ချင်ပါတယ် "

" ဟုတ်ကဲ့ "

" လိုအပ်တာလေးတွေ စကားပြောကြရအောင် "

" ဟုတ်ကဲ့ ထိုင်ကြပါဦး "

ကိုယ့်ရဲ့ ပန်းချီကားကို သူတို့ရဲ့ အမြင်နဲ့ ထပ်ဆွေးနွေးကြသေးတယ်။ ကိုယ့်ကိုလည်း ပန်းချီနဲ့ ပတ်သက်ပြီး တိုက်တွန်းအားပေးစကားတွေ


www.burmeseclassic.com

www.burmeseclassic.com


ပြောသွားတယ်။ သူတို့နဲ့ ကိစ္စပြီးလို့ စားပွဲက ထလိုက်တဲ့အချိန်မှာပဲ ရဲဝေက စာရွက်လေးတစ်ရွက် ကိုင်ပြီး ရောက်လာပြန်တယ်။

" ကိုဆက် "

" ဘယ်က ကိုဆက်လဲ "

" ဖတ်ကြည့်လေ "

သူက စာရွက်ကလေးကို တွန်းပေးတယ်။ ကိုယ် ဆွဲယူပြီး ဖတ်လိုက်တော့ ...

" ဟာ "

ကိုယ့်ဘဝမှာ ကြည်နူးချမ်းမြေ့မှုကလေးတွေ ဝန်းစုရိုဝင်လာကြတဲ့ အချိန်ပါပဲ။ စာရွက်ပေါ်က လက်ရေးလှလှလေးတွေက နွေးနွေးထွေးထွေး၊ ပြီးတော့ အခေါက်ခေါက် အခါခါ ဖတ်နေမိပါတော့တယ်။

*ကိုဆက်*

*မိုးစံနဲ့ သူငယ်ချင်းတစ်ယောက် ပန်းချီပြပွဲကို လာကြည့်ကြတယ်။ ကိုဆက်ရဲ့ ပန်းချီကားကို သိပ်ခံစားရပါတယ်။ နိုင်ငံခြားသားတွေ ဝိုင်းဝန်း ချီးကျူးနေတဲ့အတွက်လည်း ကိုဆက်အတွက် ဂုဏ်ယူပါတယ်။ အချိန် မရှိတော့လို့ မိုးစံ လာစကားမပြောတော့ပါဘူး။*

*ပို၍ ပို၍ အောင်မြင်ပါစေ ...*


www.burmeseclassic.com

www.burmeseclassic.com


(၁၀)

သူတို့ရဲ့ ကဗျာစာအုပ်လေး ထွက်တဲ့နေ့မှာ ကိုယ်တို့ သုံးယောက်ဆုံဖြစ်ပါသေးတယ်။ လှပသေသပ်တဲ့ ကဗျာစာအုပ်ကလေးကို ကြည့်ပြီး သူတို့ပျော်နေတယ်။ စကားတွေလည်း ညံစီနေအောင် ပြောကြတယ်။ ကိုယ်က အတိုင်းအတာ တစ်ခုထိ စကားနည်းတယ်။ သူတို့ကချည်း စကားပြောနေပြီး ကိုယ်က ငြိမ်ထိုင်နေတော့ ကိုယ့်ကို ရန်လုပ်လာတယ်။

“ စကားလေး၊ ဘာလေး ပြောလေ ”

“ ဟင် ”

“ စကားလေး ဘာလေးပြောလို့ ”

“ ဟင် ပြောကြပါလား ကိုယ့်ဘာသာ ကိုယ် ”

ရယ်စရာလည်း မဟုတ်ဘဲနဲ့ ကိုယ့်ကိုကြည့်ပြီး သူတို့ ရယ်ကြတယ်။ နောက်တော့ ယဉ်ဝေက မိုးစံကို အတို့အထောင် လုပ်ပေးတယ်။

“ မိုးစံ ငါတို့ကသာ သူ့ကိုခင်ရတာဟ၊ သူက ငါတို့ကို ရှိတယ်တောင်မထင်ဘူး ”

“ အေးလေ ”


www.burmeseclassic.com

www.burmeseclassic.com


" ဟာ မဟုတ်ပါဘူးဗျ "

သူတို့ရယ်ကြပြန်တယ်။ ပြီးတော့ ယဉ်ဝေက မဟုတ်တဲ့ စကားကို စလာတယ်။

" ကိုလင်းဆက်ရဲ့ ရည်စားအကြောင်း ပြောစမ်းပါဦး "

မျက်လုံးပြူးနဲ့ ပြန်ကြည့်ပစ်လိုက်တယ်။

" ဘယ်မှာရှိလို့လဲ "

" ဘာလို့မရှိတာလဲ "

" မရှိလို့ မရှိတာပေါ့ "

ဒါဖြင့် အခုမေးမယ့် မေးခွန်းကို ကောင်းကောင်းဖြေ ကြားလား "

ယဉ်ဝေက လက်ညှိုးတထောင်ထောင်နဲ့ သူမေးမယ့် မေးခွန်းအတွက် ကိုယ့်ကို ကြိုကျိန်းလိုက်သေးတယ်။

ပြီးတော့မှ ...

" လက်ထပ်ဖို့အတွက် မိန်းကလေးတစ်ယောက်ကို ဘယ်လိုပုံစံတွေနဲ့ ရွေးမလဲ "

" ဟာ "


www.burmeseclassic.com

www.burmeseclassic.com


" ပြောလေ "

ယဥ်ဝေက ကိုယ့်ကို ထပ်တိုက်တွန်းပြီး မိုးစံက ကိုယ့်ကို တစ်ချက် လှမ်းကြည့်နေတယ်။ မပြောရင်လည်း မလွယ်ဘူး ထင်တယ်။ အဲဒါနဲ့ ကိုယ် စဉ်းစားပြီး လျှောက်ပြောနေလိုက်တယ်။

" သုံးချက်ရှိတယ်ဗျ "

" အင်း ဟုတ်ပြီ "

" ဒီလိုလေ "

" ပြောပါ၊ ပြောပါ ရဲရဲသာပြောပါ "

ယဥ်ဝေ အဲဒီလိုပြောမှ ကိုယ်တွန့်သွားတာပေါ့။ ဒီတော့လည်း သူတို့ ရယ်ကြပြန်တယ်။ ကိုယ်ပြောဖို့ နှုတ်ခမ်းပြင်နေချိန်မှာ မိုးစံက ယဥ်ဝေ့ကို 'နင်မှတ်ထားနော်'လို့ စပြောပြောတယ်။ သူ့ဆံပင်တွေကို သူ့နှုတ်ခမ်းလေးနဲ့ ကိုက်ထားရင်း ကိုယ့်ကို ပြုံးကြည့်နေတယ်။

" နံပါတ် (၁) အချက်ပေါ့ဗျာ "

" အင်း "

" ကျွန်တော် လက်ထပ်မယ့် မိန်းကလေးဟာ စကားပြောရင် သ နဲ့ ဘာ ပီရမယ် "

www.burmeseclassic.com

www.burmeseclassic.com


" ဘာ ဘယ်လို "

ကောင်မလေး နှစ်ယောက်လုံး ခေါင်းတွေ ထောင်သွားတယ်။ ကိုယ်က အကျယ်ရှင်းပြလိုက်တယ်။

" ဒီလိုဗျာ၊ စကားပြောရင် 'သ'နဲ့ 'တ'အသံထွက် ပီရမယ်ဗျာ၊ မှားမပြောရဘူး၊ အဲဒီလိုမှားနေရင် ကျွန်တော် သိပ်ချစ်မယ်လည်း မထင်ဘူး၊ ကျွန်တော့်ကိုလာပြီး 'နှလုံးတားထဲက တတိရပါတယ် တူရယ်'ဆိုရင် ကျွန်တော်က 'တွားစမ်းဟာ'လို့ ပြန်ပြောလိုက်မှာ "

ပထမတော့ သူတို့နှစ်ယောက် ကြောင်နေတယ်။ နောက်မှ ကိုယ်လေးတွေ သိမ့်သိမ့်ခါအောင် ရယ်ကြတော့တယ်။ ကိုယ်ကတော့ ခပ်တည်တည်ပါပဲ။ သူတို့အရယ်ဆုံးမှ ...

" နံပါတ် (၂) အချက်ကတော့ "

" အင်း "

" မျက်လုံး မစွေရဘူးဗျာ၊ နို့မို့ဆို ကိုယ့်ချစ်သူက ကိုယ့်ကို ကြည့်တာလား၊ ဘယ်သူ့ကို ကြည့်တာလဲမသိ၊ သူဘယ်ကြည့်နေမှန်း မသိတာနဲ့ ဆက်ဆံရ အဆင်ပြေမှာ မဟုတ်ဘူး "

ရယ်ကြပြန်တယ်။

" နံပါတ် (၃) အချက်အနေနဲ့ကတော့ ခေါင်းတုံးမကို မယူဘူးဗျာ "


www.burmeseclassic.com

www.burmeseclassic.com


" ဘာဖြစ်လို့လဲ "

" ဟာဗျာ အိမ်ရှင်မ တစ်ယောက်အနေနဲ့ သူ့အိမ်ထောင်ကို ဆံပင်က အစ ပြန်ထူထောင်နေရင် ဘယ်ဖြစ်တော့မလဲ "

သူတို့နှစ်ယောက် ရယ်လို့ကို မဆုံးတော့ဘူး။ သူတို့က ကိုယ်နောက်ပြောင်နေတယ်လို့ ထင်နေသလား မသိဘူး။ ကိုယ်ကဖြင့် အတည်ပြောနေတာ။

နောက်ဆုံးကျတော့လည်း ယဉ်ဝေ့မြားဦးက ကိုယ့်ဆီကိုပဲ လှည့်လာတာပဲ။

" ဟုတ်တယ်နော် ကိုလင်းဆက်၊ ဒီက မိုးစံဆိုရင် မျက်စိလည်း မစွေဘူး၊ ဆံပင်လည်း ရှိတယ်၊ သ နဲ့ အား ... "

မိုးစံက ယဉ်ဝေ့ကို လိမ်ဆွဲပြီး 'နင်ကကော'လို့ ပြောတယ်၊ ယဉ်ဝေက 'ငါက မလှဘူး'လို့ ဇလုံးဇထွေး ပြန်အော်နေရင်းက ...

" ယဉ်ဝေသိပါတယ်၊ ဒါ ကိုလင်းဆက်က မိုးစံကို ရည်းစားစကား စောင်းပြောတာမို့လား "

ကိုယ်လည်း ကြောင်သွားတယ်။

" ဗျာ မဟုတ်ပါဘူး "

" ဟုတ်ပါတယ်၊ ဟုတ်လို့ အဲဒါတွေလျှောက်ပြောနေတာပေါ့ "


www.burmeseclassic.com

www.burmeseclassic.com


" ဟင် သူပဲ ပြောခိုင်းပြီးတော့ "

မအူမလည်ဖြစ်နေတဲ့ ကိုယ့်ကိုကြည့်ပြီး နှစ်ယောက်လုံး ရယ်ကြပြန်တယ်။ မိုးစံက ယဉ်ဝေ့ရဲ့ ကျောကိုထုရင်း ကိုယ်မမြင်အောင် သူ့မျက်နှာလေးကို လိုက်ကွယ်နေတယ်။ ကိုယ်လည်း ရင်ထဲမှာ တစ်မျိုးပဲ။

အိမ်ပြန်ရောက်တော့ ရင်အုံတွေ နာနေတယ်။ အဲဒီမှာ လူနာလင်းဆက်ကို ဆရာဝန် လင်းဆက်က ပြောတယ်။ 'မင်း ရင်တွေ ခုန်လွန်းလို့ ရင်နာတာ'တဲ့။ 'သေလိုက်'တဲ့။

www.burmeseclassic.com

www.burmeseclassic.com


(၁၁)

မမက ' မိုးစံလေး ခြံထဲ ဆင်းခဲ့ပါလား' ဟုခေါ်သဖြင့် ဖတ်လက်စ စာအုပ်ကို ပိတ်ကာ မိုးစံ ခြံထဲ လိုက်ဆင်းသွားလိုက်သည်။ မမက ဒန်းပေါ်တွင် ထိုင်နေသည်။ မိုးစံက မမ နံဘေးတွင် ပူးကပ် ဝင်ထိုင်လိုက်၏။ မမက မိုးစံကို ကြည့်ကာမေးသည်။

" မိုးစံ ကျောင်းမှာ စာပြရတာ အဆင်ပြေရဲ့လား "

" ပြေပါတယ် မမ "

မိုးစံက ကျောင်းမှာ ဆရာမအဖြစ် အလုပ်ဝင်တာ မကြာသေးချေ။ ထို့ကြောင့် မမက မိုးစံ အခက်အခဲများ တွေ့နေမည်ကို မကြာခဏ စိုးရိမ်၏။

မိုးစံက ကျောင်းမှ အတွေ့အကြုံများကို စီကာပတ်ကုံး ပြောပြနေလိုက်၏။ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ အကြောင်း၊ ကျောင်းသားမိဘများအကြောင်း၊ သင်ခန်းစာများ အကြောင်း၊တပည့်ကလေးများအကြောင်း စုံလို့ပဲ ဖြစ်သည်။ အာဂ ကျော်ဝင်းနိုင် အကြောင်းလည်း ပါသည်။

မမကတော့ မိုးစံ ပြောသမျှကို ပြုံးကာ နားထောင်နေလေသည်။ ထို့နောက် မိုးစံက မမကို ပြန်၍ မေးခွန်းထုတ်လိုက်၏။

" မမကို ဒေါက်တာမြဝင်းက ပရိုပို့စ် လုပ်ထားတယ်ဆို "


www.burmeseclassic.com

www.burmeseclassic.com


မမက မိုးစံကို တစ်ချက်ကြည့်ပြီး သက်ပြင်းချ၏။

ထို့နောက်မှ နူးညံ့သော လေသံဖြင့် ...

" မမ မစဉ်းစားသေးပါဘူး မိုးစံရယ် "

" ဟင် မမ ကလဲ "

မိုးစံက စကားဆက်ပြောမည့်ဟန် ပြုသော်လည်း မမက ခေါင်းကို တွင်တွင် ခါယမ်းနေ၏။ အဝေးကို မျှော်ငေးရင်း တစ်စုံတစ်ရာကို တွေးတောနေဟန် ရှိ၏။

မိုးစံက စကားမပြောဖြစ်တော့ဘဲ မမ၏ မျက်နှာကိုသာ ဘေးတိုက် ငေးကြည့်နေမိလေသည်။

မမက မိုးစံထက် သုံးနှစ်ကြီး၏။ မိဘနှစ်ပါး မရှိတော့ကတည်းက မမက အမွေအရာကို ဆက်ခံကာ ညီမလေး တိုးမိုးစံကို သမီးလို မွေးခဲ့ရ လေသည်။ မြို့ထဲတွင် ဆေးခန်းတစ်ခန်းဖွင့်ထားကာ နာမည်ဂုဏ်သတင်း ကျော်ကြားနေသော ဒေါက်တာတိုးမိုးနွယ်ကို စိတ်ဝင်တစား ကမ်းလှမ်းလာ ကြသည့် ယောကျာ်းမျိုးများစွာ ရှိခဲ့၏။ သို့သော် တိုးမိုးနွယ်က လက်မခံခဲ့ချေ။

" မိုးစံ ညီမလေး "

" ရှင် "

မမက မိုးစံ ' နားသယ်စပ်မှ ဆံနွယ်မျှင်လေးများကို သပ်တင်ပေးကာ

www.burmeseclassic.com


" ညီမလေး အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား "

" အယ် "

မိုးစံ ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ...

" ဟင် မမကလဲ၊ ပြောင်းပြန်ကြီး မမက အရင် စဉ်းစားဖို့ ကောင်းတဲ့ဟာကို "

မမက အပြုံးငွေ့ငွေ့ဖြင့် ခေါင်းခါလေသည်။

" မမက ညီမလေးကို အိမ်ထောင်ဖက်ကောင်းတစ်ယောက် တွေ့စေချင်တယ်။ ညီမလေး ကိုယ့်အိမ်ထောင်၊ ကိုယ်အားကိုးရမယ့် အဖော်မွန်ကောင်းနဲ့ ငြိမ်းချမ်းတည်ငြိမ်နေပြီးမှ မမ အိမ်ထောင်ပြုဖို့ကို စဉ်းစားမယ်၊ ဒါမှလည်း မိုးစံလေးကို မမ စိတ်ချနိုင်မယ် "

" ဟင် မမ ရယ် "

မိုးစံက မမ ပခုံးပေါ် ခေါင်းကလေး မှီလိုက်ရင်း ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။ အစစ အရာရာ ညီမကို ဦးစားပေး စဉ်းစားလွန်းသူ အစ်မ အပေါ်မှာလည်း လေးမြတ်ချစ်ခင် နေမိ၏။

" ဟင် ဘယ်လိုလဲ ညီမလေး "

" ရှန် ဘာလဲ မမ "


www.burmeseclassic.com

www.burmeseclassic.com



" ညီမလေး အိမ်ထောင်ပြုဖို့ အတွက် စဉ်းစားထားတဲ့လူ ရှိပြီလား "

" ဟာ မမ ကလဲ "

မိုးစံ ရှက်သွားသည်။ မမက ရှက်စနိုးဖြစ်နေသော မိုးစံ၏ နားရွက်ဖျားကလေးကို လိမ်ဆွဲရင်း မြတ်နိုးစွာ ပြုံးနေ၏။

" ဒါ ရှက်စရာ မဟုတ်ပါဘူး ညီမလေးရဲ့၊ ညီမလေး စဉ်းစားနေတဲ့လူ ရှိရင် မမကိုလည်း ပြောထားပါဦး "

" ဟင် ... ဟင့်အင်း ... ဟင့်အင်း "

မမက မိုးစံကို မျက်နှာရိပ်မျက်နှာကဲ လိုက်ဖမ်းနေ၏။ ရယ်ဟဟဖြင့် မေးသည်။

" ဒါဖြင့် ယဉ်ဝေလာရင် စ, စနေတာ ဘယ်သူလဲ "

" ဟာ အဲဒီ ယဉ်ဝေစုတ်က ဟင်း "

မိုးစံ ဘာဆက်ပြောရမလဲ မသိ။ မျက်ဝန်းထဲမှာ လင်းဆက်၏ ရည်မွန် ချောမောသော အသွင်သဏ္ဌာန်ကို မြင်နေမိ၏။ လင်းဆက်က ထူးခြားသည်။ သူ့မျက်နှာမှာ ရိုးသားထက်မြက်သော အရိပ်အငွေ့များ တလူလူ ထွက်နေသည် ဟု ထင်ရ၏။

အတန်ကြာမျှ မိုးစံနှင့် မမ စကားဆက်ပြောနေကြ၏။ မမက မိုးစံ၏ အိမ်ထောင်ရေးကို အလေးအနက် ပြောသွားသည်။ မိုးစံ ငြိမ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com


နားထောင်ရင်း ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်နေမိသည်။ နောက်တော့ မမ အိမ်ထဲ ပြန်ဝင်သွားသည်။

ခြံထဲမှာ မိုးစံ တစ်ယောက်တည်း ဒါန်းကလေးကို လွှဲစီးရင်း အတွေးတို့ဖြင့် ခရီးသွားနေမိသည်။ ညမွှေးပန်းရနံ့က ဆွတ်ပျံ့သင်းရှုနေ၏။ ညဥ့်လေက တည်တည်ငြိမ်ငြိမ် တိုက်ခတ်နေသည်။

ကဲ ... ကိုလင်းဆက်

ရှင့်နှလုံးသားက အသက်မှ ရှိသေးရဲ့လား၊ ဘယ်လိုလဲ။

မိုးစံ မှုန်ကုပ်ကုပ်နှင့် လမင်းကြီးကို မော့ကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


(၁၂)

ကားလမ်းကို ဖြတ်မကူးနိုင်သေးဘဲ မောင်းသွားတဲ့ နောက်ဆုံးပေါ် ကားလှလှလေးထဲကို ကိုယ် လိုက်ကြည့်နေမိသေးတယ်။ နောက်မှ မျက်နှာကို ပြန်လွှဲလိုက်တယ်။ ကားထဲမှာ ကိုယ့်ဖေဖေ ပါတယ်။ သူကတော့ ကိုယ့်ကို မမြင်ပါဘူး။ ကားထဲမှာ ခံ့ညားစွာ လိုက်ပါသွားလေရဲ့။

ကားလမ်းကို ဖြတ်ကူးလိုက်တယ်။ ကိုမော်ရှိတတ်တဲ့ လက်ဖက်ရည်ဆိုင်ထဲကို အဝင်မှာ အထဲက ထွက်လာသူတစ်ယောက်နဲ့ တိုက်မိမလို ဖြစ်သွားတယ်။

" ဟာ မတော်လို့ဗျာ "

အဟုတ်ပဲ မတော်တဆဖြစ်ရတာပါ။ နှစ်ယောက်စလုံး ချို့ယွင်းတာပါ။ ဒါပေမယ့် မနေတတ်တဲ့ ကိုယ့်အကျင့်အတိုင်း ကိုယ်က တောင်းပန်လိုက်တယ်။

" ရတယ် ရတယ် "

ခပ်ပြတ်ပြတ်ပြောရင်း ကိုယ့်ရှေ့က လူငယ် လှည့်ထွက်သွားတယ်။ အဖေနဲ့ တိုး၊ သူစိမ်းနဲ့ တိုက်မိမလိုဖြစ်နဲ့ ကိုယ်လည်း ဒီနေ့မှာ အထစ်ထစ် အငေါ့ငေါ့တွေ ကြုံနေရတယ်။

လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်တော့ ...


www.burmeseclassic.com

www.burmeseclassic.com


" လင်းဆက် "

ကိုမော်က သူထိုင်နေတဲ့ စားပွဲကနေ လှမ်းခေါ်တယ်။ ကိုယ်သွားထိုင်တော့ သူက ကိုယ့်ကို ပြုံးကြည့်နေတယ်။

" မင်း ဖတ်ပြီးပြီလား "

အသစ်ထွက်တဲ့ မဂ္ဂဇင်းတစ်အုပ်ကို ထောင်ပြတယ်။ ကိုယ်က ခေါင်းခါပြတော့ ကိုယ့်ကို စာအုပ် လှမ်းပေးတယ်။

" ဖတ်ကြည့်လိုက်ဦး၊ စာမျက်နှာ (၅၇) "

သူပြောတဲ့ စာမျက်နှာကို ကိုယ် ရှာဖတ်လိုက်တယ်။

" ဩော် "

နာမည်ကျော် ပန်းချီဝေဖန်ရေးဆရာတစ်ဦးရဲ့ ဆောင်းပါးပါ။ ခေတ်သစ်ပန်းချီကို ရေးဆွဲနေကြတဲ့ လူငယ်ပန်းချီဆရာတွေရဲ့ အဆင့်အတန်းကို အနည်းအကျဉ်း တို့ထိဝေဖန် ထားတယ်။ ထုံးစံအတိုင်း အံ့ခေါင်ကို ချီးကျူးပါတယ်။ ဒါပေမဲ့ ဆောင်းပါးတစ်ပုဒ်လုံးကို ခြုံကြည့်ရင် အံ့ခေါင်ကို ချီးကျူးတာထက် ကိုယ့်ကို အသိအမှတ်ပြုထားတာက ပိုများနေတယ်။

*" အမှတ်မထင် သွားကြည့်ဖြစ်သော ပန်းချီပြပွဲတစ်ခုမှ အမှတ်မထင် ဖြစ်ခဲ့ရသော ပန်းချီကားတစ်ချပ်အကြောင်း ပြောပြချင်သေးတယ်။ ပြီးခဲ့သည့် လက ကျင်းပသွားသော*

www.burmeseclassic.com

www.burmeseclassic.com


*'အိပ်မက်ပြန်တမ်း' အမည်ရှိ မော်ဒန်ပန်းချီပြပွဲ တစ်ခုမှာ အနုပညာ အတွေးအခေါ် (Philosophy of Art) နှင့် အနုပညာစနစ် (System of Art) နှစ်မျိုးစလုံး ထူးခြားဆန်းသစ်နေသည့် ပန်းချီကား တစ်ချပ်ကို ကြက်သီးဖြန်းဖြန်းထမျှ ကြည့်ရှုခံစား ခဲ့ရ၏။ ပန်းချီကားကို 'လွမ်းနေတဲ့တိမ်' ဟု အမည်ပေးထားပြီး ရေးဆွဲသူ ပန်းချီဆရာမှာ 'လင်းဆက်' ဖြစ်၏။ Semiabstract အမျိုးအစားပင် ဖြစ်၏။ လင်းဆက်သည် ပန်းချီလောကထဲသို့ ယခုမှ တိုးဝင်လာသော လူငယ်တစ်ဦး ဖြစ်၏။ သို့သော် သူ၏ ပန်းချီလက်ရာများသည် ကြောက်ခမန်းလိလိ ဆွဲဆောင်နိုင်သည်။ တတိယအရောင် (Tertiary Colour) များကိုလည်း ပညာပါပါ ကိုင်တွယ်သုံးစွဲ တတ်၏။ ... ... ...... ... ... ... ... ... ... ... ... ... ... ... မြန်မာ့အနုပညာကို ကမ္ဘာသို့ ဖြန့်ကျက်ပြနိုင်ချေရှိသော အလွန်အလားအလာကောင်းနေသည့် ပန်းချီဆရာဟု ယူဆမိပါသည်။ ... ... ... ... ... ... ... ... ... ထို့ကြောင့် ကျွန်တော် လက်ခုပ် တီးနေပါသည်။ အံ့ခေါင်ကို တီးနေသော လက်ခုပ်သံ အဆုံးမသတ်၊ မရပ်တန့်ရသေးမီပင် လင်းဆက်အတွက်ပါ ဆက်တီးနေရပါတော့သည်။ ... ... ... ... ... ... ... ... ... ... ... ..."*

ဖတ်ပြီးတော့ မဂ္ဂဇင်းစာအုပ်ကို ကိုမော့ဆီ ပြန်ပေးလိုက်တယ်။ ကိုမော်က ကိုယ့်ကို ပြုံးတုံး ပြုံးတုံးနဲ့ မေးလာတယ်။

" လွမ်းနေတဲ့တိမ်က ဘယ်သူ့အတွက်လဲ "

www.burmeseclassic.com

www.burmeseclassic.com


ဆောင်းပါးထဲမှာ ချီးကျူးခံထားရတဲ့ 'လွမ်းနေတဲ့တိမ်' ပန်းချီကားဟာ (not for sale) 'ရောင်းရန်မဟုတ်' ပန်းချီကားပါ။ အဲဒါကြောင့် ကိုမော်က 'ဘယ်သူ့အတွက်လဲ' လို့ မေးတယ်။ ကိုယ် ခေါင်းခါလိုက်တယ်။

" ဘယ်သူ့အတွက်ရယ်တော့ မဟုတ်ပါဘူး "

ကိုမော်က ရယ်ရင်း ဆက်ပြောတယ်။

" ညီလေးနဲ့ အံ့ခေါင်ကတော့ အပြိုင် ဖြစ်လာပြီကွ "

" အံ့ခေါင်က တော်တယ် "

" မင်းလည်း တော်ပါတယ်ကွ "

" ကျွန်တော်က သူ့ကို မြင်တောင် မမြင်ဖူးဘူး "

ကိုမော်က မျက်မှောင်ကြုတ်ပြီး 'ခုနကပဲ ဒီဆိုင်မှာ ထိုင်သွားသေးတယ်' လို့ပြောတယ်။ ပြီးတော့မှ သတိရလိုက်သလို ...

" မင်းဝင်လာတော့ တိုက်မိသလိုတောင် ဖြစ်သွားသေးတယ်လေ "

" ဩော် .. အဲဒါ အံ့ခေါင်လား "

အံ့ခေါင်ရဲ့ ပုံသဏ္ဍာန်ကို မျက်လုံးထဲမှာ ပြန်ဖော်ကြည့်လိုက်တယ်။ အေးအေးဆေးဆေးကျရင်တော့ ကိုယ် သူနဲ့ ပန်းချီအကြောင်းတွေ ဆွေးနွေးချင်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com





*Missing like a house is not a home feel sick......!*


www.burmeseclassic.com

www.burmeseclassic.com


(၁၃)

ကိုယ် အိမ်ပုံဆွဲသည်။
မပြီးသေးခင် ရပ်မိ၏ ။

ကိုယ် အိမ်ပုံဆွဲသည်။
တစ်ဝက်တစ်ပျက်ဖြင့် ရှေ့မဆက်နိုင်။

ကိုယ် အိမ်ပုံဆွဲသည်။
စိတ်တိုင်းမကျ၍ ဆွဲဖြဲလိုက်သည်။

ကိုယ် အိမ်ပုံ မဆွဲတော့ပါ။
ကိုယ် အိမ်ကို လွမ်း၍နေ၏။
တစ်ခါက ကိုယ့်မှာ အိမ်ရှိခဲ့ဖူးသည်။

ကိုမော်ရေ ကျွန်တော်တော့ ရောဂါရနေပြီ။ ဘာရောဂါလဲ။ ကိုမော်က ပြန်မေး၏။ ခပ်အုပ်အုပ် ပြန်ဖြေလိုက်သည်။ ဟုမ်းဆစ်ခ်။ (homesick)။ ထိုအသံက ပဲ့တင်လှိုက်ခတ်သည်။ ဟုမ်းဆစ်ခ်။ ဟုမ်းဆစ်ခ်။ ဟုမ်းဆစ်ခ်။ ဟုမ်းဆစ်ခ်။

ထိုညက ကိုယ် အိပ်မက် မက်သည်။ အိပ်မက်ထဲမှာ ကိုယ် အိမ်ပြန်ရောက်နေ၏။ 'မေမေရေ သားပြန်လာပြီ'ဟုပင် ကိုယ်အောပြောလိုက်သေး၏။

**( (homesick) = အိမ်ကို အောက်မေ့လွမ်းဆွတ်သော ဝေဒနာ)**


www.burmeseclassic.com

www.burmeseclassic.com


(၁၄)

ဆရာမတွေရဲ့ နားနေခန်းထဲမှာ လေ့ကျင့်ခန်းစာအုပ်တွေ အမှားအမှန် ဖြစ်နေတဲ့ မိုးစံက ကိုယ့်ကိုမြင်တော့ အံ့အားသင့်သွားတယ်။ တစ်ပြိုင်နက် တည်းမှာလည်း မျက်နှာကလေးက ကြည်စင် ဝင်းပသွားတယ်။ ကိုယ်က သူ့ စားပွဲရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။

" ကိုဆက် ကျော်ဝင်းနိုင်ဆီ လာတာလား "

ကိုယ်က ခေါင်းညိတ်ပြရင်း မပြည့်စုံတာကို ထပ်ဖြည့်ပေးလိုက်တယ်။

" ကျော်ဝင်းနိုင်ဆီလာရင်း မိုးစံကို ပြောစရာလေးရှိလို့ "

မိုးစံရဲ့ မျက်လုံးလေးတွေ ဝိုင်းစက်သွားတယ်။ ကိုယ် သက်ပြင်း ချမိပါရဲ့။ ဒီကောင်မလေး ဘာဖြစ်လို့ ဒီလောက် လှမှန်းကို မသိဘူး။

" အရေးကြီးလို့လား ကိုဆက် "

" ကြီးတာပေါ့၊ သိပ်ကြီးတာပေါ့ "

" ဟယ် ဘာများလဲ "

ပြီးတော့မှ မျက်နှာလေးက ပြောင်စပ်စပ် ဖြစ်လာပြီး ...

" ယဉ်ဝေများ ဦးတာတီးနဲ့ လိုက်ပြေးသွားလို့လား "


www.burmeseclassic.com

www.burmeseclassic.com


ပြောပြီး သူ့ဟာသူ လွင်လွင်ကလေး ရယ်နေတယ်။ ကိုယ်လည်း ရယ်ချင်သွားတယ်။ ဒါပေမဲ့ မျက်နှာကို တည်တည်ထားရင်း လွယ်အိတ်ထဲက ဖိုင်တွဲလေးကို ထုတ်ယူလိုက်သည်။ စားပွဲပေါ် ချလိုက်တယ်။

“ အံမယ် ဖိုင်တွဲတွေ ဘာတွေနဲ့ ”

“ အင်း ”

ကိုယ် ခေါင်းညိတ်ပြပြီး ...

“ အဲဒါ မိုးစံ ဖွင့်ကြည့်ပါဦး ”

မိုးစံက လှဲ့လှဲ့ကလေး ပြုံးတယ်။ ကိုယ့်မျက်နှာကို စေ့စေ့ ကြည့်တယ်။ တစ်ခုခု မေးမလို့လုပ်ပြီးမှ မမေးတော့ဘဲ ဖိုင်တွဲကလေးကို ဖွင့်လိုက်တယ်။ အထဲမှာက ကဗျာစာရွက်တစ်ရွက်၊ သူက ကိုယ့်ကို မျက်လုံးဝင့်ကြည့် လိုက်တော့ ‘ဖတ်ကြည့်ပါ’လို့ ကိုယ်တိုးတိုး ပြောလိုက်တယ်။

ကဗျာကလေးကို သူဖတ်တော့ ကိုယ့်မှာ ရင်တခုန်ခုန် ဖြစ်နေပါလေရဲ့။


www.burmeseclassic.com

(၁)

တောအုပ်က ကျယ်ပြီး

သားရဲက ငယ်တယ်။

တောအုပ်ကို ချီဆွဲတဲ့

ခြသေ့်ကို သားရဲဟာ

ငါ ... ဖြစ်နိုင်အောင် ကြိုးစားမယ် ။

www.burmeseclassic.com

www.burmeseclassic.com


(၂)

တောအုပ်က ကျယ်ပြီး

ခြသေ့က ငယ်တယ်

ဒါပေမဲ့

ခြသေ့ ပြောသမျှ

တောအုပ်က နားထောင်အောင်

မင်း

ငါ့အတောင်ပံလေးတွေ လုပ်ပေးပါလား အချစ်ရယ်

www.burmeseclassic.com

www.burmeseclassic.com


ကဗျာဖတ်ပြီးတော့ မိုးစံက ကိုယ့်ကို မော့ကြည့်တယ်။ သူ့မျက်နှာမှာလည်း ပန်းနုသွေးရောင် တစ်စွန်းတစ်စ ငြိခိုနေတယ်။

ကိုယ့်ကို မေးတယ်။

" ဒီကဗျာက ဘာလဲ "

ကိုယ်က ဆရာကြီးလေသံနဲ့ ...

" အဲဒါ ရည်းစားစာလေ "

" ဟာ "

" မိုးစံကို ကိုယ် ရည်းစားစကား လာပြောတာ "

မိုးစံက တစ်ဟာထဲဟာပြီး ရှက်ဝါးဝါးနဲ့ ခေါင်းကလေး ငုံ့သွားတယ်။ ကိုယ် သနားလိုက်တာ။ နောက်ပြီး ချစ်လိုက်တာ။ ဒါပေမဲ့ ပြောရမှာပဲ။

" ကိုယ် ဘယ်လိုမှ မနေနိုင်တော့ဘူး၊ ဘာအလုပ်မှလည်း လုပ်မရတော့ဘူး၊ အဲဒီလို ဖြစ်နေလို့ ဒီအထိ လိုက်လာပြီး ဖွင့်ပြောတာ မပြောရရင် ကိုယ် သေမလား မသိဘူး "

" ... ... ... "

www.burmeseclassic.com

www.burmeseclassic.com


" မိုးစံ သိပါတယ် မိုးစံရာ၊ ကိုယ် အထူးအထွေ ပြောနေစရာ မလိုပါဘူး၊ ကိုယ့်ရဲ့ ဗားဂျင်းရုပ်ပုံကလေးမှာတင် ကိုယ့်သဘော ပေါ်နေပြီ၊ ကိုယ် မိုးစံကို မြတ်မြတ် နိုးနိုး ... "

" ဟော့ ဟော့ "

မိုးစံက မျက်လုံးကလေး ပြူးပြပြီး ကိုယ့်လက်ဖမိုးကို ပေတံနဲ့ လှမ်းခေါက်တယ်။ ကိုယ့်စကားကို ရပ်လိုက်ရတယ်။ အဲဒီမှာပဲ ကိုယ့်နောက်က လူရိပ်တစ်ရိပ် ကျလာပြီး လှည့်ကြည့်တော့ ကျောင်းအုပ်ဆရာမကြီးကို တွေ့ရတယ်။

ကျောင်းအုပ်ဆရာမကြီးက မလှမ်းမကမ်း စားပွဲမှာ သတင်းစာ တစ်စောင်ကို ဆွဲယူနေတယ်။ ကိုယ်တို့ကို တစ်ချက်ကြည့်တယ်။ ပြီးတော့ သတင်းစာ ထိုင်ဖတ်နေတယ်။

ကိုယ် စိတ်မသက်မသာ ဖြစ်သွားတယ်။ ကိုယ့်ကိုကြည့်ပြီး မိုးစံရဲ့ မျက်နှာလေးက ရယ်ကျဲကျဲ ဖြစ်လာတယ်။ 'ကောင်းတယ်'တဲ့။ ကိုယ်က ဆရာမကြီးဘက်ကို မသိမသာ ဘုကြည့် လှမ်းကြည့်တော့ သူခေါင်းငုံ့ပြီး ရယ်ပါလေရော။

သူ့ဘာသာ အရယ်ဆုံးတော့မှ ကဗျာ စာရွက်ကလေးကို လက်နဲ့ ညွှန်ပြပြီး ...

" ဒီကဗျာက ယဉ်ဝေ့ကို ဦးတာတီး ပေးလိုက်တာပေါ့ "

www.burmeseclassic.com

“ ဟာ ဘယ်ကလာ ”

ကိုယ် သူ့ကို မျက်မှောင်ကြုတ်ပြီး ကြည့်တော့ သူက မသိချင် ယောင်ဆောင်နေတယ်။ တခြားအကြောင်းတွေကို ဟိုဟို သည်သည် လျှောက်ပြောနေတယ်။

“ ကိုရဲဝေရဲ့ ပန်းချီပုံလေးတွေကလည်း ကောင်းတယ်နော် ”

“ အင်း ”

“ ပြီးခဲ့တဲ့လက မဂ္ဂဇင်းတစ်အုပ်မှာ ကိုအေးမြင့်ကျော်ရဲ့ ကဗျာ လေးတစ်ပုဒ်တောင် ဖတ်လိုက်ရသေးတယ် ”

ကိုယ် ဆက်ပြီး သည်းမခံနိုင်တော့ဘူး။ အဲဒါကြောင့် မတ်တပ် ထရပ်လိုက်ပြီး ...

“ ဆရာမကြီး ”

မိုးစံ ကြောင်အမ်းအမ်းလေး ဖြစ်သွားတယ်။ ကိုယ်ခေါ်တာကို သတင်းစာထဲမှာ စိတ်ဝင်စားနေတယ်လို့ ထင်ရတဲ့ ဆရာမကြီးက မကြားဘူး။ အဲဒါကြောင့် အသံမြှင့်ပြီး ထပ်ခေါ်လိုက်ရတယ်။

“ ဆရာမကြီး ”

“ ရှင် ... ”



www.burmeseclassic.com

www.burmeseclassic.com


သတင်းစာကို ပိတ်လိုက်ပြီး ကိုယ့်ကို ပြုံးစက်စက်နဲ့ ပြန်ကြည့်တယ်။ ကိုယ်က ရိုကျိုးသိမ်မွေ့တဲ့ လူကြီးလူကောင်း တစ်ယောက်ရဲ့ အမူအရာနဲ့ ...

" ဆရာမကြီးက ဒီကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီးနော် "

" ဟုတ်ပါတယ် "

" ကျွန်တော် ဒီက ဆရာမ ဒေါ်တိုးမိုးစံရဲ့ ညေ့သည်ပါ "

" အင်း ဟုတ်ကဲ့ "

" ကျောင်းစာသင်ချိန်မှာ ဖြစ်နေတော့ သူရှိတဲ့ ကျောင်းကိုပဲ ကျွန်တော်လိုက်လာရပါတယ်၊ အရေးကြီးတဲ့ ကိစ္စတစ်ရပ်လည်းပါလာပါတယ်၊ ကိုယ်ရေးကိုယ်တာတွေလည်း ဖြစ်နေပါတယ်၊ အဲဒါကြောင့် ဟို ဆရာမကြီး အနေနဲ့ ... "

ဆရာမကြီးက ကိုယ်ပြောသမျှကို တွေတွေကြီး နားထောင် နေပြီး နောက်ဆုံးမှ ...

" အို ရပါတယ်၊ ရပါတယ် ပြောကြပါ၊ အမ်ဆောရီး ကဲရီးအွန် ကဲရီးအွန် "

တလိမ့်လိမ့်နဲ့ ဆရာမကြီး အခန်းထဲက ပြန်ထွက်သွား တော့တယ်။ သူပျောက်သွားမှ ကိုယ်က မိုးစံဘက် ပြန်လှည့် လိုက်တယ်။ မိုးစံ 'ကြည့်စမ်း ကြည့်စမ်း' ဆိုပြီး နှုတ်ခမ်းလေးကိုက် မျက်လုံးလေး ပြူးပြတယ်။


www.burmeseclassic.com

www.burmeseclassic.com


ကိုယ် ရယ်ကြဲကြဲလေး လုပ်နေလိုက်ပြီးမှ ...

" အဲဒီတော့ မိုးစံရာ "

" ဟင်း "

" ကိုယ် မိုးစံကို သိပ်မြတ်နိုးပါတယ်၊ တကယ် ပြောတာပါ၊ ဘဝမှာ ဘယ်မိန်းကလေးကိုမှ ကိုယ် စိတ်မဝင်စား ခဲ့ဖူးပါဘူး၊ မိုးစံကို တစ်ခါတွေ့ဖူးပြီး ကတည်းက တစ်သက်လုံး စွဲသွားတာပါ၊ မိုးစံရဲ့ ရုပ်ပုံလေးတွေ ကောက်ကြောင်းခြစ်ပြီး ပြန်ဆုံမယ့်နေ့ကို ဆုတွေ တောင်းပြီး မျှော်လင့်ခဲ့ရတာပါ "

" ... ... ... "

" ကိုယ် လူလိမ်လူညာလည်း မဟုတ်ပါဘူး၊ ခပ်ညံ့ညံ့ကောင်မျိုးလည်း မဟုတ်ပါဘူး၊ အနုပညာလောကထဲမှာ ကိုယ်ကျွမ်းကျင်တဲ့ ပန်းချီပညာနဲ့ အမြင့်မားဆုံး ကြိုးစားချင်တယ်၊ ဒါပေမဲ့ ကိုယ့်ကို နားလည် အားပေးမယ့် အဖော်မွန် မရှိဘူး၊ ကိုယ့်ဘဝက အထီးကျန်၊ လမ်းပေါ်မှာ လျှောက်နေရတဲ့ တေလေ တစ်ယောက်ပါ၊ ဒါပေမဲ့ ကိုယ် ကြိုးစားမှာပါ "

" ... ... ... "

" ကိုယ်က ဒီလိုမျိုးကျတော့ သိပ်စကားမပြောတတ်ဘူး၊ အခု မိုးစံကို စကားပြောရတာ စိတ်ထဲမှာ သိပ်လှုပ်ရှားတယ်၊ မိုးစံကတော့ ကိုယ့်ကို


www.burmeseclassic.com

ကိုယ်ချင်းစာမိမလား မသိဘူး၊ မိုးစံ ကိုယ့်ကို နားလည် ပါနော်၊ ကိုယ် မိုးစံကို ကိုယ့်ဘဝ ကိုယ့်အသက် အားလုံးထက် ပိုချစ်တယ် '

" ... ... ... "

ကိုယ်လည်း နှုတ်ဦးတည့်ရာ လျှောက်ပြောနေမိတယ်။ စကားတွေအားလုံးဟာ ကဘောက်တိ ကဘောက်ချာလည်း ဖြစ်နေနိုင်တယ်။ ဒါပေမဲ့ ဒီစကားတွေဟာ ရင်ထဲကလာတဲ့ အမှန်တရား ရင်ထဲက လာတဲ့ ခံစားချက်ဆိုတာကို မိုးစံ ချိန်စက် နားလည်နိုင်မှာပါကွယ်။

" မိုးစံ "

" ... ... ... "

" မိုးစံ ပြန်ထူးပါဦး ၊ ကိုယ့်ကို မော့ကြည့်ပါဦး "

" ... ... ... "

" မိုးစံ "

" ဘာလဲလို့ "

ငုံ့နေတဲ့ မိုးစံရဲ့ ခေါင်းက တဖြည်းဖြည်း ပြန်မော့လာတယ်။ ပါးပြင်မှာ ရှက်ရောင် ခပ်ပြေးပြေးနဲ့ပေါ့။ မျက်တောင်ကလေးတွေ ပုတ်ခတ်လုပ်ရင်း ကိုယ် ပြန်ကြည့်နေတယ်။

www.burmeseclassic.com

" မိုးစံ ကိုယ် အခုပြောတာတွေကို ဘယ်လို သဘောရလဲဟင်"

မိုးစံက စားပွဲမျက်နှာပြင်ကို လက်ညှိုးလေးနဲ့ လျှောက်ခြစ် နေတယ်။ ကိုယ်မေးတာကို ဘာမှ ပြန်မဖြေဘူး။

" မိုးစံ ဘယ်လိုလဲဆို "

ဘာမှ ပြန်မပြောပြန်ဘူး။ အဲဒါနဲ့ပဲ ကိုယ် အားမလို အားမရ ဖြစ်ပြီး သူ့လက်ညှိုးကလေးကို ကိုယ့်လက်ညှိုးနဲ့ ဖိထားလိုက်တယ်။

" ပြော ပြောစမ်းပါဦး "

မိုးစံက ကိုယ့်ကို မော့ကြည့်လာတယ်။ ကိုယ်နဲ့ မျက်လုံးချင်း ဆုံပြီး ကိုယ့်ရင်ထဲမှာ တဒုန်းဒုန်း ခုန်သွားတယ်။ မိုးစံရဲ့ မျက်လုံးလေး တွေက အရောင်တလက်လက်နဲ့။

" မိုးစံ "

အဲဒီအချိန်မှာပဲ ...

" တောက် ကလောက် "

ခဲသေးသေးလေး တစ်လုံးက စားပွဲပေါ် ကျလာတယ်။ သူရော ကိုယ်ရော လက်တွေကို ကပျာကယာ ပြန်ရုပ်လိုက်တယ်။ အဲဒီအချိန် မှာပဲ အခန်းထဲကို ဆရာမ သုံးယောက် ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


အင်း သွားပြီ။

ခပ်မောမော ခပ်လွမ်းလွမ်းနဲ့ မိုးစံကိုပဲ ငေးကြည့်နေလိုက် တယ်။ မိုးစံက အဲဒီဆရာမတွေနဲ့ စကားတစ်ခွန်း လှမ်းပြောလိုက် သေးတယ်။ ဆရာမတွေကလည်း ကိုယ့်ကို အကဲခတ်သလို ကြည့်ကြ သေးတယ်။

နောက်မှ မိုးစံက ကိုယ့်ဘက် ပြန်လှည့်ပြီး တိုးတိုးကလေး မေးတယ်။

“ ခဲ ... ခဲ ”

“ ဘာလဲ ”

“ ခုနကခဲက ဘယ်က ကျလာတာလဲ၊ တစ်ယောက်ယောက်က ပေါက်လိုက်တာ ထင်တယ် ”

“ အင်း ”

“ ဟယ် ဘယ်သူ ပေါက်တာလဲ မသိဘူး ”

သူ့အလန့်တကြား ဖြစ်သွားတယ် ။

“ ကိုယ် ကင်းချထားတာ၊ ကင်းသမားက လူလာနေတယ်လို့ အချက်ပေးတာ ”

“ ဟောတော် ”


www.burmeseclassic.com

သူငေးကြောင်သွားပြီးတော့မှ ကိုယ့်ကို မျက်စောင်းကလေး ခဲတယ်။

" အဲဒီ ကင်းသမားက ဘယ်သူလဲ "

ကိုယ်က သူ့မေးခွန်းကို မကြားသယောင်လုပ်ပြီး 'ကဲ သွားတော့မယ်'လို့ ထိုင်ရာက ထလိုက်တယ်။ အဲဒီတော့ သူ့မျက်နှာလေးက ရယ်ကျဲကျဲ ပြန်ဖြစ်လာပြီး ...

" ကောင်းပါပြီတဲ့ ရှင် "

နောက်တော့ တွေ့ကြသေးတာပေါ့ဆိုတဲ့ အချိုးမျိုးနဲ့ ကိုယ် မကျေမချမ်း လှည့်ပြန်လာခဲ့တယ်။ ကင်းသမားကိုလည်း လက်ပြခဲ့တယ်။ သူ အနေခက်မှာစိုးလို့ မပြောတာပါ။ ကင်းသမားက တခြားလူ မဟုတ်ဘူး။ ကျော်ဝင်းနိုင်လေ၊ ကျော်ဝင်းနိုင်ပေါ့။ သူ့ စကားနဲ့ ပြောရရင်တော့ အာဂ ကျော်ဝင်းနိုင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com


(၁၅)

" လင်းဆက် ဘာငေးနေတာလဲ "

အေးမြင့်ကျော်က ကိုယ့်လက်ကို လှမ်းဆွဲတယ်။ ကိုယ်က သူ့ကို ပြန်ဆွဲထားလိုက်ရင် ...

" ခဏ ခဏ အေးမြင့်ကျော် "

" ဘာလဲ "

" မျက်မမြင် ၊ မျက်မမြင် "

ကိုယ်က သံဆန်ကာဘေးတန်းမှာ ထိုင်နေတဲ့ မျက်မမြင်ကို လက်ညှိုးထိုးပြလိုက်တယ်။ အေးမြင့်ကျော်က နားမလည်သလို ကိုယ့်ကို လှည့်ကြည့်ပြီး ...

" မင်း အသိလား "

" ထွတ်တရီး "

ကိုယ့်မျက်နှာ ရှုံ့မဲ့သွားတယ်။ 'တောက်တီးတောက်တဲ့ကွာ' လို့လည်း ပြောလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


" မသိဘူးလေ ၊ ငါက မင်းရဲ့ အသိမိတ်ဆွေလားလို့ "

" မျက်မမြင်ပါလို့ ပြနေတဲ့ဟာကို "

" မျက်မမြင်များ ပြစရာလားကွာ ၊ ငါမြင်သားပဲ "

" အေး လာကွာ ခဏသွားရအောင် "

ကိုယ်ဆွဲခေါ်ရာကို အေးမြင့်ကျော် ကန့်လန့် ကန့်လန့် ပါလာတယ်။ ကိုယ်က အေးမြင့်ကျော်လက်ကို ဆွဲပြီး မျက်မမြင်ရှေ့မှာ ထိုင်ချလိုက်တယ်။

" အစ်ကိုကြီး "

မျက်မမြင်ကြီးက ရှေ့ကို ခေါင်းထိုးပြီး နားစွင့်တယ်။

" အစ်ကိုကြီး "

ကိုယ် ထပ်ခေါ်လိုက်တော့ သူက 'ဗျ' လို့ ထပ်ထူးတယ်။

" အစ်ကိုကြီး မျက်စိက မွေးကတည်းက မမြင်တာလား "

" ဟုတ်ပါ့ဗျာ ၊ မွေးကတည်းက မမြင်တာပါ၊ သွင်ပြင်မူရာ ဆင်းအင်လက္ခဏာ ဘယ်ဟာဘယ်လို ထိုသို့ ဘယ်ရွေ့ ဘာကိုမှ မမြင်မတွေ့နိုင်တဲ့ ရှေ့ရေကဘဝ ခရီးမှာ ဒုက္ခကြီးလာခဲ့ရသူ လူ အညတရ လေးပါ ခင်ဗျာ "

အေးမြင့်ကျော်က မျက်မှောင်ကြုတ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com


“ ပော့လူ ကျွန်တော်တို့ ကောင်းကောင်းမေးရင် ခင်ဗျား ကောင်းကောင်းဖြေဗျာ ”

ကိုမျက်ကန်းလည်း ကြောင်သွားတယ်။ ကိုယ်က ‘အစ်ကိုကြီး ခင်ဗျား ခွက်ထဲကိုလည်း ကျွန်တော် အလှူငွေ မနည်းအောင် ထည့်ထားပါတယ်။ ခင်ဗျားကို သိချင်တာ မေးမလို့၊ နဘေလိုလို တေးထပ်လိုလို အော်ကြီးဟစ်ကျယ် ပြန်မဖြေပါနဲ့ ရိုးရိုးပဲ ဖြေပါ ”

ကိုမျက်ကန်းက အင်တင်တင်နဲ့ ပြန်ပြောတယ်။

“ ခင်ဗျားတို့က ဘာမေးမလို့လဲ ”

“ မွေးကတည်းက မျက်စိမမြင်တာဆိုတာ အရောင်တွေကို ခင်ဗျား ဘယ်သိမလဲ ”

“ ဟာ ဘယ်သိမလဲ ”

“ အင်း ဒီလိုဗျာ ၊ လောကကြီးမှာ အရောင်တွေရှိတယ်၊ ဥပမာ ကောင်းကင်ကြီးက ပြာတယ်၊ စိမ်ပန်းက နီတယ်၊ ပိတောက်က ဝါတယ်၊ အဲဒီလို ”

ကိုယ့်စကား မဆုံးမီ ကိုမျက်ကန်းက ဖြတ်ပြောတယ်။

“ ထားပါ၊ အဲဒါတွေက ကျုပ် ကြားဖူးပါတယ်။ ကျုပ် ဆိုနေတဲ့ သီချင်းတွေထဲမှာ အဲဒီလိုတွေ ပါတယ် ”


www.burmeseclassic.com

www.burmeseclassic.com


အေးမြင့်ကျော်က ပခုံးတွန့်ပြလို့ ကိုယ် ပြုံးမိသေးတယ်။

" ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော်က ခင်ဗျားရဲ့ အာရုံထဲမှာ အရောင် သဘောတရားတွေ ပေါ် မပေါ် မေးမလို့၊ နေဦး အဲဒါကို နောက်မှ ဆက်မေးမယ်၊ အလင်းအမှောင်ကို ခင်ဗျား ခွဲသိသလား "

" သိတာပေါ့ "

" အဲ ဘယ်လို သိသလဲ၊ ဟုတ်ရဲ့လား "

" ဟုတ်ပါတယ်၊ သိပါတယ် "

ကိုမျက်ကန်း ခဏတွေသွားတယ်။ ပြီးတော့မှ ...

" အထိအတွေ့၊ အထိအတွေ့ ရှိတယ် "

" အဲ ဟုတ်ပြီ "

ကိုယ် ရှေ့ကိုတိုးပြီး နားထောင်လိုက်တယ်။

" လုပ်စမ်းပါဦး ၊ ဘယ်လို အထိအတွေ့လဲ "

" အလင်းမှာလည်း အထိအတွေ့ရှိတယ်၊ အမှောင်မှာလည်း အထိအတွေ့ ရှိတယ် "

" ဟာ ဟုတ်ပြီဗျာ "


www.burmeseclassic.com

ကိုယ်က ဖိနပ်ကို ခုပြီး ဖင်ထိုင်ချလိုက်တယ်။ လူတွေက ကိုယ်တို့ကို ကြည့် ကြည့်သွားတယ်။ ဒါပေမယ့် ကိုယ် ဂရုမစိုက်ပါဘူး။ အေးမြင့်ကျော်ကို ကိုယ် လှမ်းပြောလိုက်တယ်။

" အေးမြင့်ကျော် မင်း သွားစရာရှိရင် သွားပါ၊ ငါ့ကို မစောင့်နဲ့တော့ "

အေးမြင့်ကျော်က 'ရပါတယ်' လို့ပြောပြီး ကိုယ့်လိုပဲ ဖင်ချထိုင်လိုက်တယ်။ အဲဒီလိုနဲ့ ရန်ကုန်ဘူတာကြီးရဲ့ ဂုံးတံတား တစ်နေရာမှာ ပန်းချီဆရာ တစ်ယောက်ရယ်၊ ကဗျာဆရာ တစ်ယောက်ရယ်၊ မျက်မမြင် တစ်ယောက်ရယ်ဟာ အလင်းအမှောင်နဲ့ အရောင်တွေအကြောင်းကို ဆွေးနွေးကြတော့တယ်။


www.burmeseclassic.com

(၁၆)

" လင်းဆက်တို့များကွာ "

အိပ်ရာပေါ်မှာ လှဲပြီး စာအုပ်ဖတ်နေရင်း ကိုမော့်အသံကြောင့် ကိုယ်ခေါင်းထောင်သွားတယ်။ ကိုမော်က ရဲဝေကို လှမ်းပြောတာပါ။

" ရည်းစားစကား သွားပြောတာတဲ့ "

ရဲဝေက ကိုယ့်ကို ဖြဲစပ်စပ်နဲ့ လှမ်းကြည့်ပြီး ကိုမော့ကို ပြန်မေးလိုက်တယ်။

" ဘာဖြစ်လို့လဲ ကိုမော်ရဲ့ "

" ဩော် ... ရည်းစားစကား သွားပြောတာတဲ့ကွာ ဖိုင်တွဲကြီးနဲ့ "

" ဟုတ်လား ဟား ... ဟား ... ဟား ... "

သူတို့နှစ်ယောက် တဝါးဝါး ရယ်ကြတယ်။ ကိုယ်ရှက်သွားတယ်။ ဟုတ်သားပဲ။ ကိုယ်ကလည်း ကြောင်တောင်တောင်နဲ့။

" ရည်းစားစကား သွားပြောတဲ့နေရာလည်း ကြည့်ဦးလေ "

" ဘယ်နေရာ "


www.burmeseclassic.com

www.burmeseclassic.com


“ ရုံးခန်းထဲမှာ ”

သူတို့ တဝါးဝါး ရယ်နေတုန်း ကိုယ်က ရှင်းချက် ထုတ်လိုက်တယ်။

“ ရုံးခန်းမဟုတ်ပါဘူးဗျ၊ နားနေခန်းပါ ”

“ ဘာမှ မထူးပါဘူးကွာ ”

ကိုယ်က စာအုပ် ဆက်ဖတ်ချင်ယောင်ဆောင်နေလိုက်တယ်။ ကိုမော် ကတော့ ဆက်ပြောနေလေရဲ့။ ရဲဝေက ဘေးကနေပြီး သူ့စကားတွေကို ထောက်ပေးနေတယ်။

“ အနုပညာသမားတဲ့ကွာ၊ စီကာပတ်ကုံးလေးတောင် မပြောတတ်ဘူး”

“ ဟုတ်လား ဘယ်လို ပြောလာခဲ့လို့လဲ ”

“ သူ့ဘာသာလည်း ပြန်မမှတ်မိဘူး ”

“ ဟား ... ဟား ... ပြောင်မြောက်ပါပေတယ် ”

သူတို့နှစ်ယောက် ရယ်စရာတွေ တွေ့နေကြပုံရတယ်။

“ ပြောပုံကလည်း ဆိုင်းမပါ ဗုံမဆင်း အချိုးမပါ နိဒါန်းမပျိုး ရည်းစားစကားကို ဖြဲခနဲ ပြောချလိုက်တာ ”


www.burmeseclassic.com

www.burmeseclassic.com


ကိုမော့်စကားကြောင့် ရဲဝေ တဟားဟား ရယ်သလို ကိုယ်လည်း ပြုံးလိုက်မိတယ်။

" မင်း ရည်းစားစကားကို ဒီလို ဗြဲခနဲ ပြောနိုင်ဖို့ ဆိုတာ တော်ရုံ အရည်အချင်းနဲ့ မရဘူး "

သူတို့နှစ်ယောက် အဲဒီလို ပြောနေရယ်နေကြတာကို နားကြားပြင်းကပ် လာလို့ ကိုယ် ခေါင်းအုံးနဲ့ ထပေါက်လိုက်တယ်။ အဲဒီတော့မှ ကိုမော်က ...

" ဟ လင်းဆက်ရ ၊ ငါတို့က အဆင်ပြေမှာပါလို့ ပြောနေကြတာ "

" တော်ပါ၊ ကိုမော် ဘာမှ သိတာလဲ မဟုတ်ဘဲနဲ့ "

" အောင်မာ ယဉ်ဝေနဲ့ ငါက မသိတာ ကျနေတာပဲ "

" အမ် "

ဟုတ်တာပေါ့၊ စာရေးဆရာကိုမော်နဲ့ ကဗျာဆရာမလေး ယဉ်ဝေလည်း သိနေနိုင်တာပေါ့လေ၊ မဂ္ဂဇင်းတိုက်တွေမှာ ဆုံနေတွေ့နေမှာပေါ့။။ ကိုယ် အဲဒါကို သတိလစ်နေတယ်။

" နောက်ပိုင်း ယဉ်ဝေနဲ့ တွေ့တဲ့အခါတွေမှာ မိုးစံကလေး ပါလာတတ်တယ်၊ တွေ့တွေ့ချင်း သူဟာ မင်းရဲ့ ဗားဂျင်းဆိုတာ ငါ မှတ်မိသားပဲ "

" ဩော် ... အင်း "

www.burmeseclassic.com

www.burmeseclassic.com


“ စကားစပ်လို့ မင်းအကြောင်း ပြောမိဆိုမိကြတဲ့အခါ ငါ နားလည်လိုက်ပါတယ်၊ မိုးစံကလေးကလည်း မင်း အပေါ်မှာ သံယောဇဉ် အငွေ့အသက် ရှိတယ်လို့ ”

ကိုယ် ပျော်သွားတယ်။

“ တကယ်နော် ”

ကိုမော် ဘာမှ ပြန်မပြောခင် ရဲဝေက ဝင်ပြောတယ်။

“ ဒါကတော့ ချင့်ချိန်ပြီး ယုံပေါ့ကွာ ”

“ ဟာကွာ ”

ကိုယ့်ကိုကြည့်ပြီး သူတို့ ရယ်ကြပြန်တယ်။ ကိုယ်ကတော့ ခံပြီးရင်း ခံနေရတယ်။

လာ ကြည့်လှည့်ပါဦး မိုးစံရယ်။


www.burmeseclassic.com

www.burmeseclassic.com


(၁၇)

ညလည်မှာ ကိုယ် ဖျတ်ခနဲ နိုးလာတယ်။ ရင်ထဲမှာ ခြေဖျား၊ လက်ဖျားမှာ ဟာတာတာကြီး ဖြစ်နေတယ်။ ရေလည်းမဆာ၊ အာလည်း မခြောက်ပါဘူး။ ဒါပေမဲ့ စိတ်အာရုံတွေ တလူးလူး တလွန့်လွန့် တိုးဝှေ့နေတယ်။

အိပ်မက်ထဲကနေ လူကို ဆွဲချွတ် ခံရသလို အယောင်အမှားမှား ဖြစ်နေတယ်။ ကိုယ့်တစ်ကိုယ်လုံး ပြောင်းပြန်လန်နေသလိုပဲ။ ကိုယ် အိပ်ရာထဲကနေ အပြင်ကို ထွက်လိုက်တယ်။

“ ချောက် ”

မီးခလုတ်ကို ဖွင့်လိုက်တယ်။ တစ်ခန်းလုံး လင်းထိန်သွားတယ်။ ကိုမော့် အခန်းဖက်က အသက်မှန်မှန် ရှူသံကြားရတယ်။ ကိုယ့်ပုံဆွဲစားပွဲဆီကို အသံမကြားအောင် လျှောက်သွားလိုက်တယ်

စားပွဲဘေးမှာလည်း စာအုပ်တွေ၊ စာရွက်တွေ၊ မစီမရီ ပြန့်ကြဲ နေတယ်။ ပီကာဆိုရဲ့ ပန်းချီကားတွေအကြောင်း သုံးသပ်ထားတဲ့ စာတမ်း တစ်စောင်ကို ယူဖတ်လိုက်တယ်။ ပြီးတော့ ပြန်ချ။


www.burmeseclassic.com

အိုတိုပင်ကောက်ရဲ့ ပန်းချီသဘောတရားတွေ၊ ဂေါ်ဂင်၊ ဘရက်၊ ဆီဇန်း အားလုံးကို ကောက်ကြည့်ပြီး ပြန်ထားလိုက်တယ်။

ကိုယ် ပန်းချီဆွဲဖို့ လိုအပ်နေပြီ။

ကိုယ့်သွေးတွေက အနုပညာကို ဆာနေပြီ။

ကိုယ့်လက်တွေက စုတ်တံကို အာသာငမ်းငမ်း တပ်မက်နေတယ်။ ကိုယ့် စိတ်အာရုံမှာ ကောက်ကြောင်းတွေ၊ ကုဗပုံတွေ၊ မှုန်ဝေ လွင့်မျော နေတယ်။

ကိုယ် ပန်းချီဆွဲမှ ဖြစ်မယ်။

ထောင်ထားတဲ့ င်းဗတ်စ်ပြားရှေ့မှာ ရပ်ပြီး စုတ်တံကို ဆေးဘူးထဲက ဆွဲမလိုက်တယ်။ ခဏရပ်ပြီး စဉ်းစားနေလိုက်တယ်။ နောက် စုတ်တံကို ကင်းဗတ်စ်ပေါ်မှာ ဆွဲချလိုက်တယ်။

အဲဒီအခါ ...

ကိုယ့် နဖဲကြောတွေက မြူးတူးခုန်ပေါက် အလုပ်လုပ်လာကြတယ်။ ကိုယ့် စုတ်တံဆွဲချက်တွေဟာ ရဲတင်း ထူးဆန်းနေတယ်။ ကိုယ် တခြား ဘာကိုမှ မတွေးမိတော့ဘူး။ ပန်းချီကားထဲမှာပဲ နစ်ဝင်သွားတော့တယ်။ ကိုယ့်တစ်ကိုယ်လုံးက ရုပ်ပိုင်းကော၊ စိတ်ပိုင်းကော ပန်းချီဆွဲခြင်းထဲမှာ ကြည်စင်ငြိမ်သက် သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီလိုနဲ့ မိုးစင်စင်လင်းသွားတယ်။ ပန်းချီကားရှေ့က ကိုယ် ခွာလိုက်တယ်။ ပန်းချီကားကို အနီးအဝေး ထောင့်အမျိုးမျိုးက ကြည့်ပြီး ကျောက်ရုပ်လို မလှုပ်မယှက် ရပ်နေတယ်။

" အဟမ်း "

ကိုယ် လှည့်မကြည့် ဖြစ်ဘူး။

" လင်းဆက် ညက မအိပ်ဘူးလား "

ကိုမော့်မေးသံက ထပ်ထွက်လာတယ်။ ကိုယ်က ပန်းချီကားကို ဆက်ငေးနေရင်း ...

" တစ်ရေးနိုးမှ ထဆွဲတာ ကိုမော် "

ကိုမော်က ကိုယ့်ဘေးဝင်ရပ်ပြီး ပန်းချီကားကို ကိုယ် ယှဉ်ကြည့်တယ်။ ခဏကြာတော့ ...

" ကောင်းတယ် "

စေ့စေ့ကြည့်ပြီး ထပ်မှတ်ချက်ချတယ်။

" ကောင်းတယ် ကောင်းတယ် "

" မပြီးတော့ မပြီးသေးဘူး ကိုမော် "


www.burmeseclassic.com

www.burmeseclassic.com


" အေး ... သိတယ်၊ ဒါပေမဲ့ ဒီအတိုင်းကကို ကောင်းနေတယ် "

ပြီးတော့မှ တစ်ခါ ...

" မင်းလည်း မပြီးသေးတဲ့ ပန်းချီကားတွေ ထပ်လာပြီ "

ကိုမော့်စကားကြောင့် မိုးစံ မျက်နှာကလေးကို ဖျတ်ခနဲ မြင်ယောင်မိတယ်။ မိုးစံနဲ့ ကိုယ့်ဆက်ဆံရေးကလည်း မပြီးသေးဘူး ပန်းချီကား ကလေးပဲမို့လား။

www.burmeseclassic.com

www.burmeseclassic.com


(၁၈)

ကိုမော့်စကားကြောင့်ပဲ ကိုယ်နဲ့ မိုးစံ မပြီးသေးတဲ့ ပန်းချီကားလေးကို ဆက်ဆွဲရတော့တယ်။ ဒါပေမဲ့ ကိုမော်သိရင် မင်းက ဗြဲခနဲ လုပ်ပြန်ပြီလို့ ပြောဦးမှာပါ။

“ သူတို့ကသာ ဂျက်ကလင်း ကနေဒီကို သိပ်လှတယ်ဆိုပြီး ဝိုင်းပြော နေကြတာ၊ ကိုယ်တွေ့မိတာတော့ သိပ်လည်း မလှပါဘူး မိုးစံရယ်၊ သူ အိုနာဆစ်နဲ့ လက်ထပ်တော့ အဲ... အဲဒါတွေ ထားလိုက်ပါဦး၊ ကိုယ့်ကို အဖြေ ပေးတော့လေ မိုးစံရယ် ”

ယဉ်ဝေတို့အိမ်မှာ ဘုရားကိုးဆူပွဲနဲ့ အလှူလုပ်တယ်။ အဲဒီကအပြန် ကိုယ်နဲ့မိုးစံနဲ့ စကားတပြောပြော လမ်းလျှောက်လာ ကြတာပေါ့၊ ဂျက်ကလင်း ကနေဒီ၊ နာတာရှာကင်စကီး၊ ထရေစီဟန်းတို့ အကြောင်းတွေ ပြောနေရင်းက သတိရလို့ ကိုယ် အဖြေတောင်းလိုက်တာပါ။

“ နော် မိုးစံ ကိုယ့်ကို အဖြေပေးတော့ ”

မိုးစံက ’အာလာလာ’လို့ တစ်ချက်ညဉ်းပြီး ...

“ စကားက ဘယ်ကနေ ဘယ်ကို ရောက်သွားတာလဲ ”


www.burmeseclassic.com

www.burmeseclassic.com


“ ဘယ်ကနေ ဘယ်လိုရောရောက် ဘာဖြစ်လဲ မိုးစံရယ်၊ ခုနက မိန်းမတွေကလည်း ကိုယ့်အတွက် မိုးစံလောက် အရေးမကြီးပါဘူး၊ အရင်ကဆို စကားထဲတောင် ထည့်ပြောတာ မဟုတ်ဘူး ”

“ အံမာ အံမာ ”

မိုးစံက လှောင်ပြုံးကလေးနဲ့ ကိုယ့်ကိုကြည့်တော့ ကိုယ့်ရင်ထဲမှာ ‘ကလိ ကလိ’ ဖြစ်သွားတယ်။

“ ကဲ ပြောပါဦး မိုးစံရယ်၊ ဘယ်လိုလဲ ”

“ ဘာ ဘယ်လိုလဲ လဲ”

“ ကိုယ်အဖြေတောင်းထားတာလေ၊ ဘယ်လိုလဲ ”

“ သူပြောတုန်းကဖြင့် အဖြေပြန်ပေးပါဆိုတဲ့ စကားတစ်ခွန်းမှ မပါဘဲနဲ့ ”

“ ဟင် ဟုတ်လား ”

ကိုယ် နားဝေတိမ်တောင် ဖြစ်သွားတယ်။

“ ဟုတ်လား၊ မပါဘူးလား ”

မိုးစံ ကိုယ့်ကို မျက်စောင်းလေးတစ်ချက်ခဲတယ်။


www.burmeseclassic.com

www.burmeseclassic.com


" မပါဘူးရှင့်၊ မပါဘူး "

" ဟာ အဲဒါဆိုလည်း ခုပြောတာပေါ့ မိုးစံရာ၊ ကိုယ့်ကို အဖြေပေးပါတော့ကွာ နော် "

မိုးစံက ခေါင်းငုံ့ပြီး ရယ်နေတယ်။ သူရဲ့ နားဆွဲကွင်း ဝိုင်းဝိုင်းလေး နှစ်ခုကို ကိုယ်ဆွဲခါပြီး မဖြေမချင်းသ ာမေးနေလိုက်ချင်တော့တယ်။

" နော် မိုးစံ မိုးစံလည်း ကိုယ့်ကို ဟိုဒင်း ဖြစ်တယ်မို့လား "

" ဘာဒင်း ဖြစ်ရမှာလဲ "

" ဟိုဟာလေ ဟိုဒင်း "

ချစ်တယ်မို့လားလို့ ပြောရမှာကို ကိုယ် မပြောရဲဘူး ဖြစ်နေတယ်။ ကိုယ် အိုးတိုးအမ်းတမ်း ဖြစ်နေတာကို ကြည့်ပြီး မိုးစံ သဘောကျနေပုံရတယ်။

" ဘာ ဟိုဒင်းလဲဆိုတာကို ပြောလေ "

" ဟိုလေ မိုးစံလည်း ကိုယ့်လိုပဲ မို့လား "

" အင်း လူပဲလေ အတူတူပဲ "

" ဟာ "

မိုးစံက တခစ်ခစ်ရယ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com


" ကိုဆက် "

" ဟင် "

" ဖြည်းဖြည်းပေါ့ ကိုဆက်ရယ် "

" ဟာ ဟင့်အင်း "

ကိုယ် ဆတ်ခနဲ ခေါင်းထောင် သွားရတယ်။ အဲဒါကိုတော့ ကိုယ် အကြောက်အကန် ပြန်ငြင်းရပါလိမ့်မယ်။

" အဲဒီလိုကြီးတော့ မလုပ်ပါနဲ့ မိုးစံရယ်၊ ကိုယ် မိုးစံကို စွဲလမ်းနေတယ် ဆိုတာကိုလည်း စတွေ့ကြကတည်းက မိုးစံ သိပါတယ်၊ အဲဒီကတည်းက ကိုယ့်အပေါ်မှာ တစ်ခုခုတော့ ပိုင်းဖြတ်မိတာ ရှိမှာပေါ့၊ ကိုယ့်အပေါ်မှာ ထားတဲ့ မိုးစံရဲ့ သဘောထားကို ကိုယ် သိချင်တာလေးပါ၊ နော် မိုးစံ ပြောပါ မိုးစံရာ "

" ဘာဖြစ်လို့ ဒီလောက်တောင် သိချင်နေရတာလဲ ကိုဆက်ရဲ့ "

" ဩော် ကိုယ်က ချစ်မိတဲ့သူကိုး "

မိုးစံ ငြိမ်သွားတယ်။ သူ့မျက်နှာကလေးက တစ်စုံတစ်ရာကို ချင့်ချိန်နေတဲ့ အမူအရာရှိတယ်။ ကိုယ်လည်း စကားသံ တိတ်တိတ်နဲ့ စောင့်ဆိုင်းနေလိုက်တယ်။ ဒါပေမယ့် အချိန်နည်းနည်း ကြာလာတော့ ကိုယ် စိတ်မရှည်တော့ဘူး။ ရင်ထဲမှာ မောပြီး လှိုက်လှိုက်ခါခါ ဖြစ်နေတာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com


" မိုးစံ "

" … … … … "

" မိုးစံ "

" … … … … "

" မိုးစံ "

မိုးစံက လက်ကလေးကာပြီး 'ဖြေပေးမယ် ဖြေပေးမယ်'လို့ ပြောတယ်။ ကိုယ့်စိတ်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူး။

" ကောင်းကောင်းလေး ဖြေပေးနော် မိုးစံ "

" အံမာ ဘယ်လို "

မိုးစံ ရယ်ချင်သွားပုံ ရတယ်။

ကိုယ် ကြည့်လိုက်တော့ သူ့မျက်နှာကလေးက တည်တစ်ဝက်၊ ရယ်တစ်ဝက်နဲ့။ မသက်သာစရာပဲ။

" မိုးစံ မဟုတ်တာတော့ မလုပ်နဲ့နော် "

" ဩော် အဖြေပေးမလို့ပါဆို "


www.burmeseclassic.com

www.burmeseclassic.com


ပြောပြောဆိုဆို မိုးစံက သူ့ပိုက်ဆံအိတ်ကလေးထဲက ပိုက်ဆံ အလေးစေ့ကလေး တစ်စေ့ကို ထုတ်တယ်။ ကိုယ့်ကို သေသေချာချာ ထောင်ပြပြီး

" ဒီပိုက်ဆံကလေးကို လေထဲမြှောက်မယ်၊ မြေပေါ် ပြန်ကျလို့ ခေါင်းဆိုရင် မချစ်ဘူး၊ ပန်းဆိုရင် "

သူက စကားကိုဆုံးအောင် မပြောဘဲ ရပ်ထားတယ်။ ကိုယ်က ဆက်ပေးလိုက်တယ်။

" ချစ်တယ်ပေါ့ "

သူက မချိုမချဥ်အပြုံးနဲ့ ...

" ဆိုပါတော့လေ "

ကိုယ်တော်တော်လေး အသည်းယား သွားတယ်။ စိတ်ရှိလက်ရှိသာ ဆွဲပွေ့ပြီး ဖက်နမ်းလိုက်ရရင် မကောင်းဘဲ ရှိတော့မယ်။

ဆိတ်ငြိမ်ရပ်ကွက်တစ်ခုရဲ့ လမ်းတစ်လမ်းမှာ ကိုယ်တို့ လျှောက်နေကြတယ်။ ဆိတ်ငြိမ်ရပ်ကွက်တွေရဲ့ ထုံးစံအတိုင်း လမ်းကလည်း သန့်ရှင်း တိတ်ဆိတ်နေတယ်။

" မြှောက်မယ်နော် "

သူက အကြွေစေ့ကလေးကို မြှောက်တော့မယ့်ဟန် ပြတယ်။

" နေ နေပါဦး "


www.burmeseclassic.com

www.burmeseclassic.com


" ဘယ်နှယ့် မိုးစံရာ ဒီကိစ္စမျိုးက ဒီလို အဖြေပေးလို့ ရတာမှ မဟုတ်ဘဲ ချစ်ခြင်း မေတ္တာဆိုတာ "

" ဟိုး ...ဆရာကြီး ဟိုး "

သူက ကိုယ့်စကားကို တားလိုက်ပြီး ...

" အဖြေ မြန်မြန်ကြားချင်တယ် ဆိုရင်တော့ ဒီလိုပဲ လုပ်ရမှာပဲ "

ဒါ သူ ကိုယ့်ကို သက်သက်ကပ်တာပါ။ ဒါပေမဲ့ ကိုယ်ကလည်း အဖြေ စကားကို သိပ်လိုချင်နေတာရယ်၊ သူ ကိုယ့်ကို ရက်ရက်စက်စက် မလုပ်လောက်ဘူးလို့ ထင်နေတာရယ်ကြောင့် ...

" ကဲ သဘော သဘော "

သူက အောင်မြင်သူတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့ ...

" ကဲ မြှောက်ပြီ "

ပိုက်ဆံကလေး ပစ်မြှောက်လိုက်တယ်။ ပိုက်ဆံကလေး လေထဲ မြှောက်တက်အသွားမှာ ကိုယ့်နှလုံးသား တန်းလန်း လိုက်ပါသွားတယ်လို့ ထင်ရတယ်။ လေထဲမှာ ပတ်ချာလည်နေပြီး ပိုက်ဆံကလေး အောက်ကို ပြန်အကျ ...

" လာခဲ့ "


www.burmeseclassic.com

www.burmeseclassic.com


မြေပေါ်မကျခင် ကိုယ်က ဆီးဖမ်းလိုက်တယ်။ လက်သီးဆုပ်ထဲက ပိုက်ဆံကို ချောင်းကြည့်လိုက်ပြီး 'အိုကေ'လို့ မိုးစံကို ဖွင့်ပြလိုက်တယ်။

လက်ဖဝါးပေါ်မှာ ပန်း...

" အံမယ် ... ဟင့်အင်း ဟင့်အင်း "

မိုးစံက ခေါင်းခါခါ လည်ခါခါနဲ့ ငြင်းတယ်။

" ဒီမှာ ပန်းလေ ဟုတ်တယ်လေ "

" ဟင့်အင်း ဒီလို မရဘူး၊ ပိုက်ဆံကို မြေပေါ်ကျတဲ့အထိ စောင့်ရမယ်၊ လိမ့်နေရင်လည်း ရပ်သွားတဲ့အထိ စောင့်ရမယ်၊ အဲဒါကိုမှ ကြည့်ရမယ် "

" ဟာကွာ "

" ဟုတ်တယ်လေ "

ကိုယ်က ရမလားလို့ ညစ်ကြည့်တာပါ။ တကယ်တော့ သူပြောတာက တရားနည်းလမ်း ကျတာပေါ့။ အဲဒါနဲ့ပဲ ...

" ကဲ ... ပြန်မြှောက်ပြီ "

" ပိုက်ဆံကလေး လေထဲ ပြန်တက်သွားတယ်။ အောက်ပြန်ကျတယ်။ မြေပေါ်မှာ လိမ့်တယ်။ နောက်တော့ တစ်နေရာမှာ ပတ်ချာလည်ပြီး ခွေကျသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com


ငြိမ်သွားတော့ ကိုယ် အပြေးသွားကြည့်လိုက်တယ်။

“ ဟင် ”

ခေါင်းကျနေတယ်။

“ ဟာ ဟ ”

မိုးစံက မလှမ်းမကမ်းက လာကြည့်ပြီး ...

‘ကဲ ဖြေပြီးသွားပြီ’လို့ ပြောတယ်။

အဲဒီအကြွေစေ့ကို ကိုယ်ပြေးပြီး ဖနောင့်နဲ့ ပေါက်နေလိုက်တယ်။ ဒင်း အသုံးမကျလို့ ဖြစ်ရတာ။ သတိရမှ လှည့်ကြည့်တော့ မိုးစံက တစ်ယောက်တည်း လျှောက်သွားတာ ခပ်ဝေးဝေး ရောက်နေပြီ။

“ မိုးစံ ”

ကိုယ် အမှီလိုက်သွားပြီး မိုးစံကို ထပ်ဂျီကျတယ်။

“ မိုးစံရယ် ဒါကြီးကတော့ ဘယ်ဟုတ်ဦးမလဲ ”

စသည်ဖြင့် ဘာညာကွိကွ ကိုယ်လျှောက်ပြောနေလိုက်တယ်။ ရင်ထဲမှာလည်း တကယ့်ကို မခံချိမခံသာကြီး ဖြစ်နေတယ်။ မိုးစံကတော့ ကိုယ်ပြောတာတွေကို နားထောင်ရင်း မရယ်မိအောင် ထိန်းနေပုံရတယ်။


www.burmeseclassic.com

“ နော် မိုးစံ ”

ပြောပြောဆိုဆို ကိုယ်က စီးကျလာတဲ့ ချွေးကို ပုဝါနဲ့ သုတ်လိုက်တယ်။

“ ကိုဆက် မျက်နှာကြီးကလဲ ပုပ်သိုးနေတာပဲ ”

“ မသိုးဘဲ ခံနိုင်မှာလား ”

ကိုယ်စူအောင့်အောင့် ပြောလိုက်တော့ သူရယ်ပါရော၊ နောက်ပြီး ရှေ့ဖက် လမ်းထောင့်က မြင်နေရတဲ့ တိုက်ကြီးကို လက်ညှိုးထိုးပြီး ...

“ မိုးစံက အဲဒီအိမ်က ဆရာဝန်မကြီးဆီမှာ အမမှာလိုက်တဲ့ စာအုပ်တွေ ဝင်ယူပေးရဦးမယ်၊ ကြာမှာ အဲဒါ ကိုဆက် ဘာသာ ကိုဆက် ပြန်တော့ ”

“ ဟင် ဟုတ်လို့လား ”

“ အဟုတ်ပေါ့ ”

“ ဟာ ”

ကိုယ် မျက်နှာကလေး ငယ်သွားတယ် ထင်တယ်။

သူက ကိုယ့်ကို ကြည့်ပြီး ...


www.burmeseclassic.com

www.burmeseclassic.com


" ကိုဆက်ဟာလေ ကလေးလေး ကျနေတာပဲ "

အဲဒီလိုပြောပြီး သူ့ရင်ခွင်ထဲက ရင်ထိုးပန်းကလေးကို ဖြုတ်တယ်။ ကိုယ့်ကို ကမ်းပေးတယ်။

" ပန်းကျတယ်လို့ပဲ သဘောထားလိုက်ပေါ့၊ ဟုတ်လား "

ကိုယ် လှမ်းယူတဲ့အချိန်မှာ သူက တိုက်ခြံဝင်းကြီးထဲကို လှစ်ခနဲ ပြေးဝင်သွားတယ်။ ကိုယ်လည်း တစ်ယောက်တည်း ဆက်လျှောက်လာရင်း ...

" ပန်းကျပေးလိုက်တယ်ဆိုတော့ "

ရင်ထဲမှာ လင်းခနဲ ဖြစ်သွားတယ်။

" ဟေး "

ဒါပဲ။

www.burmeseclassic.com

(၁၉)

ဆောင်းတွင်းရာသီနဲ့ နှင်းညတစ်ညဟာ ပြာလဲ့လှပနေတယ်။ သစ်ကိုင်း သစ်ရွက်တွေလည်း လင်းတစ်ဝက် မှောင်တစ်ဝက်နဲ့ မှိုင်းလက်တောက်ပနေတယ်။ မတိုက်ခတ်ဘူးလို့ ထင်ရလောက်အောင် ငြိမ်သက်အေးမြစွာ တိုက်ခတ်နေတဲ့ လေဟာလည်း ပျောင်းနွဲ့ ညင်သာလှပါတယ်။

မီးပုံကြီးတစ်ခုကို အလယ်ဗဟိုမှာထားပြီး ကိုယ်တို့ သူငယ်ချင်းများဟာ မြေပေါ်မှာ ဝိုင်းဖွဲ့ထိုင်နေကြတယ်။ အနုပညာလောကထဲမှာပဲ ဘဝကို လှန်ဖဲတစ်ချပ်လို ပစ်ချထားရတဲ့ ဝါသနာတူ လူငယ်လေးတွေပါ။ မီးပုံကြီးရဲ့ မလှမ်းမကမ်းမှာ အဝတ်နဲ့အုပ်ထားတဲ့ ပန်းပုရုပ်တစ်ရုပ် ရှိတယ်။ မကြာခင် ဒီပန်းပုရုပ်ကို ဖွင့်လှစ်ပါလိမ့်မယ်။

ညကောင်းကင်မှာလည်း လဟာ တအိအိ လွင့်စင်နေတယ်။ ကြယ်ရောင် ကြယ်ရိပ်တွေကလည်း မြေပြင်ညိုညိုပေါ် ယိုစီးစွန်းဖိတ်လို့ ကိုယ်တို့အားလုံးအတွက် အိပ်မက်ထက်တောင် လှတဲ့ည ပါပဲ။

ညိုလူက ထိုင်ရာက ထလိုက်တယ်။ မီးပုံဘေးကို လျှောက်သွားပြီး ပန်းပုရုပ်အနားမှာ ရပ်လိုက်တယ်။ နောက်တော့ ပန်းပုရုပ်မှာ လွှမ်းရုံ ကာဆီးထားတဲ့ ပိတ်စကို ခွာယူလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


" ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း "

ကိုယ်တို့အားလုံး လက်ခုပ်သံ ပြိုင်တီးလိုက်ကြတယ်။ ပန်းပုရုပ်ကိုလည်း ငေးစိုက်ကြည့်ပြီး ပင့်သက်ဖြိုင်ဖြိုင် ရှိုက်ကြတယ်။

" ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း "

နောက်ထပ် လက်ခုပ်တွေ ထပ်တီးလိုက်ကြတယ်။ မဆုံးနိုင်လောက်အောင်ပါပဲ။ ဒီပန်းပုရုပ်ဟာ ကိုယ်တို့ကို အနုပညာနဲ့ ပတ်သက်ပြီး နျူကလီးယားပါဝါတွေ အများကြီး ထုတ်လွှင့်ပေးနိုင်စွမ်း ရှိတယ်။

သူ

ကိုစောညိမ်း။

" ညီအစ်ကို သူငယ်ချင်းအားလုံးလည်း သိခဲ့ကြပြီးပါပြီ "

ညိုလူက ကိုစောညိမ်း ပန်းပုရုပ် ထုဆစ်ရခြင်းနဲ့ ပတ်သက်လို့ မကျယ်မကျဉ်း ရှင်းပြနေတယ်။

" ... ... စံထားအပ်တဲ့ မြန်မာ့အနုပညာရှင်တွေ မြောက်မြားစွာ ရှိခဲ့ပါတယ်၊ အဲဒီထဲက တစ်ယောက်ဖြစ်တဲ့ ကိုစောညိမ်းကို ကျွန်တော်ဟာ ပန်းပုရုပ်တု တစ်ရုပ်အဖြစ် လေးမြတ်စွာ ဂုဏ်ပြုထုဆစ် ခဲ့ရပါတယ် ... ... ... ကိုစောညိမ်းဟာ တေးသီချင်းများကို မြန်မာသံစစ်စစ်နဲ့ လုပပြောင်မြောက်အော


www.burmeseclassic.com

ဖွဲ့ဆိုနိုင်တဲ့ အလွန်တရာ ရှားပါးလှတဲ့ အနုပညာရှင် ဖြစ်ပါတယ်၊ ဒါကြောင့် သူ့ရုပ်ပုံကို ရွေးချယ်ပြီး ပန်းပုအဖြစ်ထုဆစ်ပါတယ် ”

ယိမ်းနွဲ့နေတဲ့ မီးပုံရဲ့ အလင်းကောက်ကြောင်းကို ကိုယ်ငေးကြည့်နေမိတယ်။ ညီလူစကားပြောလို့ အဆုံးမှာ ‘နန်းနွယ်’က ကိုစောညိမ်းရဲ့ ဘဝဖြစ်စဉ်ကို ရှင်းပြနေတယ်။

“ … … ကိုစေညိမ်းရဲ့ အနုပညာစွမ်းအင်တွေထဲမှာ ပန်းချီလည်း ပါဝင်ခဲ့ပါတယ်။ သူ့ရဲ့ အနုပညာဝိညာဉ်ဟာ အစဉ်သဖြင့် ကြည်လင်ကျစ်လျစ်နေတယ်၊ ကိုစေညိမ်းဟာ မြန်မာ အမျိုးသား ဂီတပညာရှင်တွေထဲက ကမ္ဘာကျော်တဲ့ ပုဂ္ဂိုလ် ပေါ်ထွက်စေလိုတဲ့ စေတနာနဲ့ သူကိုယ်တိုင် ဝင်ရောက်ကြိုးစားခဲ့ပါတယ်၊ မြန်မာ့ဂီတနဲ့ နိုင်ငံတကာကို ထိုးဖောက်ဝင်ရောက်ဖို့ သူ ရုန်းကန် လျှောက်လှမ်းလိုက်ပါတယ်၊ ဒါပေမဲ့ ကိုစောညိမ်းဟာ ရည်ရွယ်ချက်တွေ လမ်းဆုံးမရောက်သေးခင်မှာ အကြွေစောခဲ့ရှာပါတယ်၊ လူတစ်ချို့ရဲ့ မှားယွင်းတဲ့ ရိုက်နှက်မှုကြောင့် … ”

အားလုံး ငြိမ်သက်နားထောင် နေကြတယ်။ အားလုံးရဲ့ စိတ်ထဲမှာလည်း ကိုယ်တို့လို ရွယ်တူလူငယ်လေး မောင်စောညိမ်းရဲ့ အနုပညာမြတ်နိုးမှု၊ မျှော်လင့်ချက်ပင်လယ်ပြင်၊ နားမလည်သူတို့ရဲ့ ရှုတ်ချမှု၊ မလိုသူတို့ရဲ့ တိုက်ခိုက်မှု၊ အဲဒီကြားထဲကမှ ရုန်းကန်၊ တယောတစ်လက်နဲ့ အပြာရောင် ငှက်ကလေး၊ ပျံတက်လာတဲ့ ကောင်းကင်။

မျက်စိထဲမှာ မြင်ယောင်နေမိတယ်။ သူ့လို တက်ကြွပျော်ရွှင်၊ သူ့လို ကြေကွဲဝမ်းနည်း၊ သူ့လို သည်းထန်တဲ့ အနုပညာအာရုံ မုန်တိုင်း။



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တို့အားလုံးရဲ့ရင်ထဲမှာ သွေးတွေက လှိုင်းထန် ရှန်းကန် မောက်လာတယ်။

နောက်တော့ 'ကိုးဝါ'က ကိုစောညိမ်းရဲ့ သီချင်းတွေ၊ ဝတ္ထုကလေးတွေ၊ အကြောင်း ပြောတယ်။ ပွင့်ဦး၊ စံပယ်၊ သစ္စာ၊ ချစ်ပြုံးနှင်းဆီ၊ သပြေရွက်ရေစသဖြင့် ...

ညဟာ တစ်တထက်တစ်စ မှောင်လာတယ်၊ ဒါပေမဲ့ အမှောင်မှာလည်း အရောင်တွေရှိတယ်လို့ ခံစားနိုင်တဲ့ အနုပညာသမားတွေမို့ ဒီညကို တန်ဖိုးထားကြတယ်။ မီးပုံရဲ့ အလင်းက ပိုပြီး ရစ်သမ်ပြင်းလာတယ်။ တဟုန်းဟုန်း ယိမ်းထိုး တောက်လောင်နေတယ်။

အမှန်တော့ သာမန် ညလေးတစ်ညပါ။ ညိုလူဖိတ်ခေါ် ကျင်းပတဲ့ 'ကိုစောညိမ်း ပန်းပုရုပ် ဖွင့်ပွဲ' ကလေးကြောင့် ကိုယ်တို့အတွက် သာမန်ထက်လွန်သော ညကလေး ဖြစ်ခဲ့ရတယ်။ ကိုစောညိမ်းကို သတိရတယ်။ ဒီညကိုယ်၌ကလည်း လွမ်းနေတော့မယ်။

ကိုစောညိမ်းအကြောင်း နားထောင်ရင်း ကိုယ့်နားထဲမှာ စကားသံတွေကြားယောင်လာတယ်။ ဘယ်ကနေ ဘယ်သူပြောတာမှန်း မသိပေမယ့် အပြောခံရတဲ့သူကတော့ သေသေချာချာ 'ကိုယ်'ပါပဲ။

လင်းဆက်တဲ့။ ကိုစောညိမ်းကတော့ မြန်မာ့ အနုပညာ ကမ္ဘာကို ထိုးဖောက်ဖို့ ကြိုးစားရင်း လမ်းခရီးမှာ ကျဆုံးသွားတယ်။ မင်းသဘောတဲ့၊ ဒီတာဝန်ကို မင်းဆက်မယူနိုင်ဘူးလား။ မင်းမလုပ်ရဲဘူးလား တဲ့။


www.burmeseclassic.com

www.burmeseclassic.com


အံ့ကြိတ်ပြီး ခေါင်းကိုခါနေမိတယ်။ ဟင့်အင်း ကိုယ်မကြောက်ပါဘူး။ ကိုယ့်ကိုကိုယ် သတိထားပြီး ကိုယ့်အသားကို ပြန်စမ်းကြည့်တော့ ကြက်သီးတွေ တဖြန်းဖြန်း ပွင့်နေတယ်။

ကိုယ်မျက်လုံးအစုံကို မှိတ်လိုက်ပြီး သီချင်းသံကို နားစွင့်နေလိုက်တော့တယ်။

အေးမြင့်ကျော်က မယ်ဒလင်တီးပြီး ကိုမော်က သီချင်းဆိုနေတယ်။ ကိုမော်နဲ့ လိုက်ဖက်တဲ့ ကိုစောညိမ်းရဲ့ သီချင်းပါပဲ။ သစ္စာတဲ့။ ' ရေမြေဆုံးစေတော့ကွယ် … ခင်ဖုန်းကိုဖြင့် … တွေ့အောင်ရှာမယ် … ရှာရတော့မယ် …'

မီးရောင်ကမှိန်လာပြီ။ ဒါပေမဲ့ ကြယ်ရောင် လရောင်က ရှိန်ရှိန်တောက်ပြီပဲ။ ဝန်းကျင်ဟာ သာယာငြိမ်းချမ်းနေတယ်။ ခပ်လှမ်းလှမ်းက အရိုးပန်းတွေလည်း ရနံ့ပြေပြေ မျှောနေလေရဲ့။

ဒီညကို မကုန်လွန်စေချင်ဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com


(၂၀)

" မိုးစံက သိပ်လှတာပဲ "

မိုးစံနဲ့ ကိုယ်နဲ့ မြို့ထဲက လူရှင်းတဲ့ အအေးဆိုင်တစ်ဆိုင်မှာ ထိုင်နေကြတယ်။ အဝါရောင် ဝတ်စုံကလေးနဲ့ သိပ်လှနေတဲ့ မိုးစံကို ကိုယ်က မျိုသိပ်မထားနိုင်လို့ ဖွင့်ပြောလိုက်ရတယ်။

" သွားပါ လာမြှောက်မနေပါနဲ့ "

မိုးစံက ကိုယ့်ကို အယုံအကြည်မရှိသလို နှာခေါင်းကလေး ရှုံ့ပြပြီး ပြောတယ်။ အဲဒါလည်း လှတာပဲ။

" တကယ်ပြောတာပါ မိုးစံက သိပ်လှတာပဲ "

ကိုယ်က အဲဒီလိုပြောတော့ မိုးစံတွေသွားတယ်။ ပြီးတော့မှ ...

" ကိုဆက်က မိုးစံကို လှလို့ ချစ်တာလား "

" လှလို့ချည်းသက်သက်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ လှတာကြောင့်လည်း ပါတာပေါ့ "


www.burmeseclassic.com

www.burmeseclassic.com


“ ဒါဖြင့် မိုးစံထက် လှတဲ့သူတွေ့သွားရင် ”

“ အင် အဲဒီလိုကြီးတော့ မမေးနဲ့ကွာ၊ ဘာဆိုင်လို့လဲ၊ လှတိုင်း ချစ်ရမှာမှ မဟုတ်ဘဲ ”

သူက ပြုံးလဲ့လဲ့နဲ့ ‘ထားပါတော့လေ’လို့ ပြန်ပြောတယ်။ ပြီးတော့ တစ်ခါ … ။

“ ကိုဆက်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာ ဘယ်သူအလှဆုံးလဲ၊ မိုးစံကိုတော့ ထည့်မပြောနဲ့၊ တခြားကိုမေးတာ ”

ကိုယ်က ခဏစဉ်းစားလိုက်ပြီး …

“ မေမေပေါ့ ”

“ ဟင် ”

“ ကိုယ့် မေမေလည်း မိုးစံလိုပဲ သိပ်လှတယ် ”

“ ဪ ”

ကိုယ်က စကားလမ်းကြောင်း လှည့်လိုက်တယ်။

“ မိုးစံကော မိုးစံလိုလှတဲ့ မိန်းကလေးကို တွေ့ဖူးလား ”

“ အင်း ”

www.burmeseclassic.com

www.burmeseclassic.com


“ ဘယ်သူလဲ ဘယ်မှာတွေ့ဖူးတာလဲ ”

မိုးစံက ပိုက်ကလေးနဲ့ အအေးငုံ့သောက်နေရာက ခေါင်းမော့ပြီး ရယ်တယ်။

“ အင်း ... ကိုဆက်နဲ့ မိုးစံက တစ်ယောက်ကို တစ်ယောက် အမျိုးတွေ အကြောင်း လှည့်ကြွားသလို ဖြစ်နေပြီ ”

“ ဘာဖြစ်လို့လဲ ”

“ မိုးစံရဲ့ မမကလည်း လှတယ် ”

“ ဩော် ဟုတ်လား၊ အင်း ဟုတ်မှာပေါ့ လှမှာပေါ့ ”

“ မမနဲ့ မိုးစံက ရုပ်ရည်နဲ့ ကိုယ်လုံးကိုယ်ပေါက်လည်း တူတယ်၊ မမ ကလည်း ကျောင်းမှာကတည်းက နာမည်ကြီးပဲ ”

ကိုယ်သဘောကျသွားတယ်။

“ ကိုယ့် မရီးကလည်း အလှကြီးပဲကိုး ”

“ ဟယ် ကြည့်စမ်း ကြည့်စမ်း ”

“ အား မိုးစံရဲ့ ”

www.burmeseclassic.com

www.burmeseclassic.com



မိုးစံက ကိုယ့်ကို ဆိတ်ဆွဲတယ်။ သူ့အစ်မကို ကိုယ့်မရီးလို့ ခေါ်လိုက်လို့တဲ့။ ကိုယ် ရှုံ့မဲ့လိုက်ရင်းမှ သတိရပြီး ထပ်မေးလိုက်တယ်။

“ မိုးစံ ”

“ ဟင် ”

“ မိုးစံတို့ အိမ်မှာ နှလုံးရောဂါသမား ရှိလား ”

မိုးစံက မျက်မှောင်ကလေးကြုတ်သွားပြီး ...

“ မရှိဘူး ကိုဆက်ရဲ့၊ ဘာဖြစ်လို့လဲ ”

“ မရှိရင် ပြီးတာပဲ၊ တော်ကြာ ရုပ်ရှင်ထဲကလို ဖြစ်နေမှာ စိုးလို့ ”

“ ဘယ်လို ရုပ်ရှင်ထဲကလို ဟုတ်လား ”

“ အင်းလေ ရုပ်ရှင်ထဲကလို နောက်မှ မာမီရဲ့ နှလုံးရောဂါကြောင့် အိမ်က ပေးစားတဲ့သူနဲ့ပဲ ယူလိုက်ရ၊ အားလားလား ... နာတယ် မိုးစံရ ”

ကိုယ့်စကား မဆုံးမီ ကိုယ့်ကို ဆိတ်ဆွဲလိုက်ပြန်တာကိုး။ သူ ရယ်ချင်တာကိုလည်း အတင်းတည်ထားတယ်။ ပြီးတော့မှ ...

“ ကိုဆက်နော်၊ မိုးစံကိုပဲ လိုက်စနေတာပဲ၊ တခြားစကား ပြောချည် ”

“ တခြားစကား ဘာပြောရမှာလဲ ”



www.burmeseclassic.com

www.burmeseclassic.com


" မိုးစံအကြောင်း မပါစေနဲ့၊ တခြားစကားပြော "

" ကဲ ဒါဖြင့်ရင် ... "

ကိုယ်က စားပွဲကို လက်ညှိုးနဲ့ တတောက်တောက်ခေါက်လို့ စဉ်းစားလိုက်ပြီး ...

" မိုးစံ "

" ဟင် "

" ကကြီးကနေ အ အထိ ဗျည်း ၃၃လုံးထဲမှာလေ "

" အင်း "

" မိုးစံက ဘယ်ကောင့်ကို အချစ်ဆုံး ဘယ်ကောင့်ကို မချစ်ဆုံးလဲ "

" အယ် "

မိုးစံ ငြိမ်သွားတယ်။ ပြီးလည်း ပြီးရော။

" ကိုဆက်ကကော "

" ကိုယ်က ဏကြီးကို မချစ်ဆုံးဘဲ "

" ဘာဖြစ်လို့လဲ ကိုဆက်ရဲ့၊ ဂဏန်းကြီးနဲ့ တူလို့လား "


www.burmeseclassic.com

www.burmeseclassic.com


“ ဘယ်လို ”

“ ဒီလိုလေ ကိုယ်မကြိုက်တဲ့ ဝေါဟာရ တော်တော်များများက ဏကြီး နဲ့ ဖွဲ့ထားတယ်၊ ဥပမာ ပါဏာတိပါတာတို့၊ ပုဏ္ဏားတော်တို့၊ ဒဏ်ရာတို့၊ အာဏာတို့၊ မဏ္ဍပ်တိုင်တို့ အဲဒါမျိုးပေါ့၊ ကိုယ်မုန်းတဲ့ စာလုံး တော်တော် များများက ဏကြီးနဲ့ ရေးတယ်၊ အဲဒါကြောင့် ကိုယ် ဏကြီးကို မချစ်ဆုံးဘဲ ”

မိုးစံက ခေါင်းကလေး ညိတ်လိုက်ပြီး ...

“ အင်းနော် ကိုဆက် အချစ်ဆုံးကကော ”

“ အဟက် အချစ်ဆုံးကတော့ ဝလုံးကလေးပဲ ”

“ အဟင်း ဟင်း ဘာဖြစ်လို့ ”

“ ရိုးသားဖြူစင်တယ်လို့ ခံစားရလို့ ”

“ အဟင်း ဟင်း ”

မိုးစံ သဘောကျနေတယ်။ သူလည်း မျက်လုံးကလေး မှေးပြီး စဉ်းစား နေတယ်။ မျက်တောင်ရှည်ကြီးတွေက ကော့လို့။ ခဏကြာမှ အဲဒီ မျက်တောင် တွေကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ...

“ မိုးစံက တတလင်းချိတ်ကို အချစ်ဆုံးပဲ ”

ကိုယ် ဟိုက်ခနဲ အော်လိုက်မိတယ်။


www.burmeseclassic.com

www.burmeseclassic.com


" အဲဒီကောင်ကြီးကို လူတွေ သိပ်မရေးတတ်ကြဘူး သိလား "

" အဟင်း ဟုတ်တယ် အဟင်း "

" ကိုယ့် မျက်စိထဲမှာတော့ အဲဒီကောင်ကြီးက ကလန်ကလာကြီး ဖြစ်နေတယ် "

မိုးစံက ရယ်တယ်။ 'ကိုဆက်ကလည်း'တဲ့။

" ဘာဖြစ်လို့ ချစ်တာလဲ "

" ဒီကောင်ကြီးက ခံ့တယ် ကိုဆက်ရဲ့ "

" အင်း ... "

" သူနဲ့ ရေးရတဲ့ ဝေါဟာရတွေကလည်း အလှအခံ့တွေချည်းပဲ "

" ဘာတွေကို ပြောတာလဲ "

" ပိဋကတ်တို့၊ မဇ္ဈိမပဋိပဒါတို့ "

" အင်း ဟုတ်သားပဲ "

နောက်တော့မှ ကိုယ်တစ်ခုကို သတိရပြီး ထအော်လိုက်တယ်။

" ပဋိသန္ဓေ ပဋိသန္ဓေ "


www.burmeseclassic.com

www.burmeseclassic.com


မိုးစံက ကိုယ့်ကို မျက်စောင်းထိုးလို့ ကိုယ် ပြန်ငြိမ်နေလိုက်တယ်။ အဲဒီမှာပဲ ဆိုင်ထဲကို ဝင်လာခါစ လူငယ်တစ်ယောက်က ကိုယ်တို့နှစ်ယောက်ကိုတွေ့တော့ မသောက်ရသေးတဲ့ လိမ္မော်ရည် ပုလင်းကို စားပွဲပေါ် ဆောင့်ချ ပိုက်ဆံရှင်းပေးပြီး ချက်ချင်း ပြန်ထွက်သွားတယ်။

ကြဲကြဲလှမ်းသွားတဲ့ သူ့ခြေထောက်တွေကလည်း မကျေနပ်ဟန်နဲ့။ ကိုယ် ကြောင်သွားတယ်။ မိုးစံကို လှမ်းကြည့်တော့ မိုးစံက ကိုယ့်ကို ပခုံးလေး တွန့် လျှာလေး ထုတ်ပြတယ်။

" ဘာလဲ သူ့ကို မိုးစံ သိလား "

" သိတယ် "

မိုးစံက ကိုယ့်မျက်နှာကို စေ့စေ့ကြည့်တယ်။ အကြည့်ကို မလွှဲပဲနဲ့ ပြောတယ်။

" တက္ကသိုလ်မှာတုန်းက မိုးစံနဲ့ တစ်ခန်းထဲလေ "

" အင်း အဲဒီတော့ "

" မိုးစံရဲ့ အချစ်ကိုမှ မရရင် သေရပါလိမ့်မယ်ဆိုတဲ့ လူတွေထဲမှာ သူလည်း နံပါတ် ၁၉လောက်က ပါတယ် "

" ဩော် "


www.burmeseclassic.com

“ ဒါပေမဲ့ မိုးစံက သူ့ကိုရော တခြားသူတွေကိုရော လုံးဝ ဂရုမစိုက်ခဲ့ဘူး ”

“ အင်း ”

“ ကင်တင်းန်ထိုင်ဖို့ခေါ်ရင်လည်း မလိုက်ဘူး ”

“ အင်း ”

“ ဒါပေမဲ့ သူတို့ကလည်း လက်မလျှော့သေးဘူး၊ ခုကျောင်းပြီးလို့ အလုပ်ဝင်တဲ့အထိ လိုက်ပတ်သက်ချင်တုန်းပဲ။ အဲဒါ မိုးစံနဲ့ပ ကိုဆက် ခုလို ထိုင်နေတာ တွေ့တော့၊ အင်း နောက်ပြီး မိုးစံနဲ့ ကိုဆက်ကလည်း သာမန်အဆင့် မဟုတ်ဘူးဆိုတာ သိသာနိုင်တော့ သူမကျေမနပ် ဖြစ်သွားတာနေမှာပေါ့၊ အပေါင်း ဟန်တောင် မဆောင်နိုင်ဘူး၊ လာပြီး အူကြောင်ကြောင်နဲ့ ”

“ သြော် ”

ကိုယ့် ရင်ထဲမှာ နဲနဲလေးသွားတယ်။ စားပွဲကို ငေးကြည့်နေမိတယ်။

“ ဟိတ် ကိုဆက် ဘာလို့ ငေးသွားတာလဲ ”

ကိုယ် ဘာမှမပြောပဲ သူ့ကို မျက်လုံးလှန်ကြည့်လိုက်တယ်။ သူက ကိုယ့်မျက်နှာကို အလစ်မပေးပဲ စိုက်ကြည့်နေရင်း ...

“ ကိုဆက် ”


www.burmeseclassic.com

“ ဟင် ”

ကိုယ့်လက်ဖမိုးပေါ် သူ့လက်ဖဝါးလေး လာအုပ်တယ်။ တိုးတိုးလေး ပြောတယ်။

“ ကိုဆက်ဟာ မိုးစံရဲ့ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါပဲ။ ယုံနော်၊ တခြားလူတွေနဲ့ မတူပါဘူးကွယ် ”

ကိုယ်ဟာလည်း ဘာဖြစ်မှန်းကို မသိဘူး။ ဘာမှလည်း မတင်းနိုင်တော့ဘူး။ ဒီကောင်မလေးကို ကိုယ် သိပ်ချစ်တာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com


(၂၁)

" လင်းဆက် မင်း သတင်းထူး ကြားပြီးပြီလား "

ကိုယ် လက်ဖက်ရည်စားပွဲမှာ ဝင်ထိုင်ထိုင်ချင်း အေးမြင့်ကျော်က ဝမ်းသာအားရ ပြောလိုက်တယ်။ ကိုယ်သူ့ကို အကဲခတ်လိုက်ရင်းက ခေါင်းခါပြ လိုက်တယ်။

" ဟင့်အင်း ဘာမှ မကြားသေးဘူး၊ ဘာသတင်းထူးလို့လဲ "

အေးမြင့်ကျော်က ကိုယ့်လက်ကို လှမ်းဆုပ်ကိုင်ရင်း ပီပီသသ ပြောတယ်။

" ပြင်သစ်မှာ ကမ္ဘာ့ပန်းချီပြပွဲတစ်ခု လုပ်မယ်တဲ့ "

" အင်း "

" အဲဒါ ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်းဆုံး ပန်းချီကားတွေကို ဖိတ်ခေါ်ယူပြီး ပြမယ်တဲ့ "

" ဟေ ဟုတ်လား "

" အဲဒါ တို့နိုင်ငံကိုလည်း သူတို့ဆီက ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အကဲဖြတ် မစ်ရှင်တစ်ခု လာမယ်၊ စိတ်ကြိုက်တွေ့တဲ့ ပန်းချီကားကို ကမ္ဘာ့ပြပွဲဆီ ယူသွားမယ်တဲ့ "


www.burmeseclassic.com

www.burmeseclassic.com


" ဟာ "

ကိုယ့်သွေးတွေ တဝုန်းဝုန်း ဆူပွက်သွားတယ်။ အေးမြင့်ကျော်ရဲ့ လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်ရင်း ...

" ဟုတ်လား သေချာလား "

" အေး အဲဒါ သူတို့လာကြည့်ဖို့ ဒီမှာ ပန်းချီပြပွဲတစ်ခု လုပ်ပေးရမယ်၊ အဲဒါ မင်း သေသေချာချာ သိချင်ရင် ဘားလမ်း (မဟာဗန္ဓုလလမ်း) လက်ဖက်ရည်ဆိုင်လိုက်သွား "

" ဟာ အေးအေး ဒါဖြင့် ငါ အဲဒီကို လိုက်သွားလိုက်ဦးမယ် "

ကိုယ် လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။ လှုပ်ရှားတက်ကြွနေတဲ့ စိတ်တွေကြောင့် ခြေထောက်တွေဟာလည်း မြန်ဆန်နေတယ်။ ဒါ ကိုယ့်အတွက် သိပ်အရေးကြီးတယ်။

" ဟော "

ဘားလမ်း လက်ဖက်ရည်ဆိုင်ရောက်တော့ ပန်းချီဆရာအုပ်စုကလည်း အထဲကနေ လက်ပြပြီး လှမ်းခေါ်တယ်။ ပန်းချီသမားတွေ လူတော်တော် စုံတယ်၊ ခေါင်းချင်းဆိုင်နေကြတယ်။

" လာဗျာ ကိုလင်းဆက် "


www.burmeseclassic.com

www.burmeseclassic.com


ကိုယ်စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ ညိုလူက ကိုယ့်ကို လူငယ်တစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။

" ကိုလင်းဆက် ဒါ ကိုအုံ့ခေါင် "

" ဩော် ဟုတ်ကဲ့ခင်ဗျ "

ကိုယ် ဝမ်းသာအားရ ပြန်နှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ အုံ့ခေါင် ကတော့ နည်းနည်း တည်နေတယ်။

" ကိုအုံ့ခေါင် ဒါ ကိုလင်းဆက် "

" အင်း အင်း "

" ကိုအုံ့ခေါင်ပုံတွေကို ကျွန်တော် သိပ်ကြိုက်ပါတယ် "

အုံ့ခေါင်က မပွင့်မလင်း ပြုံးတယ်။

" အင်း ခင်ဗျားလည်း အလားအလာရှိတယ်လို့ ပြောကြတယ် "

သူ့စကားနဲ့ သူ့လေသံက တစ်မျိုးကြီးပဲ။

" ကြိုးစားပေါ့ဗျာ၊ ကြိုးစားပေါ့ "

" ဟုတ်ကဲ့ "

" ကဲ အားလုံးပဲဗျ ကျွန်တော် သွားလိုက်ဦးမယ် "


www.burmeseclassic.com

www.burmeseclassic.com


အံ့ခေါင်က အားလုံးကို နှုတ်ဆက်ပြီး ထထွက်သွားတယ်။ ကိုယ်နဲ့ သိပ်ပြီး စကားပြောချင်စိတ် ရှိပုံမရဘူး။ ဒါပေမဲ့ ထားလိုက်ပါလေ။ အေးမြင့်ကျော် ပြောတဲ့ ကိစ္စကိုပဲ ညိုလူတို့ဆီ မေးလိုက်တယ်။

ညိုလူတို့က ကိုယ့်ကို အသေးစိတ် ထပ်ရှင်းပြတယ်။ ကိုယ် အာရုံစိုက် နားထောင် နေလိုက်တယ်။

" အဲဒါဆို ဒီမှာ ပန်းချီပြပွဲ လုပ်ပေးရမယ့်နေ့က "

" ... ... ... "

ညိုလူက ရက်စွဲတစ်ခုကို ပြောပြတယ်။ ကိုယ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

" အင်း အချိန်တော့ ရပါသေးတယ် "

" ရပါတယ်၊ အချိန်ရှိပါသေးတယ် "

အားလုံးက ဝိုင်းပြောကြတယ်။ ပြီးတော့ ခဏ ငြိမ်သွားတယ်။ အဲဒီမှာပဲ နန်းနွယ် ရောက်လာတယ်။ ကိုယ့်ကိုမြင်တော့

" ကိုလင်းဆက် ဘယ်ကနေ လှည့်လာတာလဲ "

ကိုယ်က ရယ်ပြီး ' ဒီလိုပေါ့ဗျာ ' လို့ ပြောလိုက်တယ်။ နန်းနွယ်က ခုံမှာ ဝင်ထိုင်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com


" အေးဗျာ ခင်ဗျားကို ဆက်ဆံရတာ စိတ်ချမ်းသာတယ် "

သူ့စကားက အနှောင့်အသွား မလွတ်လို့ အားလုံးက ဝိုင်းရယ်လိုက်ကြတယ်။ နန်းနွယ်က ထပ်ပြီး ...

" ဟုတ်တယ်၊ ဟိုကောင် အံ့ခေါင်နဲ့ ဆက်ဆံရတာ အတော်သည်းခံရတယ်၊ သိပ်မောက်မာတဲ့ကောင် "

အားလုံး နားရွက်ထောင်သွားကြတယ်။

" ဘာဖြစ်လို့လဲ "

" ဟိုဖက်ဆိုင်မှာပြောနေတယ်၊ ဒီဖိတ်ခေါ် ပန်းချီပြပွဲမှာ ဒီနိုင်ငံအနေနဲ့ သူ့ကိုကျော်အောင် ဆွဲသွားနိုင်တဲ့လူရှိရင် သူ့လက်ကို ဖြတ်ပေးလိုက်မယ်တဲ့"

" အင် "

အားလုံးရဲ့စိတ်ထဲမှာ မအီမသာ ဖြစ်သွားတယ်။ ပြီးတော့ အားလုံးရဲ့ အကြည့်က ကိုယ့်ဆီကို ရောက်လာကြတယ်။ ကိုယ် ပင့်သက်ရှိုက်ရင်း ပြုံးမိတယ်။

" ကိုလင်းဆက် "

နန်းနွယ်က ကိုယ့်ကိုခေါ်တယ်။

" ဗျ "


www.burmeseclassic.com

www.burmeseclassic.com


" ခင်ဗျား သေသေချာချာ လုပ်စမ်းပါဗျာ "

ကိုယ်ဘာမှ ပြန်မပြောလိုက်ဘူး။ အဲဒီမှာ ဘေးက ပုဂ္ဂိုလ်တွေကပါ တစ်ယောက်တစ်ပေါက် ဝင်ပြောကြတယ်။

"ဟုတ်တယ် ကိုလင်းဆက် ခင်ဗျား အခုက ကျတယ်နော် "

ကိုယ်က လွယ်အိတ်ကို ပြင်လိုက်တယ်။

" ဟင် ခင်ဗျားကလည်း ပြန်တော့မလို့လား "

" ပြန်တော့မယ်ဗျာ၊ ဒီသတင်းကြားရတာ အိမ် စောစော ပြန်ချင်နေတယ်၊ ကိုယ့်စားပွဲကလေးဆီကိုပဲ စိတ်ရောက်နေတယ် "

ကိုယ် ပြန်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံးမှာလည်း အတွေးတွေ ဝေလို့ပေါ့။ အဲဒီမှာ မမျှော်လင့်ဘဲ ...

" ဟော့ကောင် လင်းဆက် "

ကားလေးတစ်စီးက ကိုယ့်ဘေးကို ထိုးရပ်တယ်။

" လင်းဆက် "

" ဟင် ကိုဦး "


www.burmeseclassic.com

ကားထဲမှာက ကိုတင်ဦး၊ ကိုယ့်ရဲ့ အစ်ကို တစ်ဝမ်းကွဲ တော်တယ်။ ဖေဖေနဲ့ တစ်ဂိုဏ်းတည်းသား၊ စင်ကာပူမှာ နေတယ်။ ကုမ္ပဏီကြီးတစ်ခုရဲ့ အရေးပါတဲ့ နေရာမှာ တာဝန်ယူထားတယ်။ ဘာကိစ္စနဲ့ ရန်ကုန်ကို ရောက်နေလဲ မသိဘူး။

" ဟေ့ကောင် "

" ဟင် ဘာလဲ "

ကိုတင်ဦးက သူ့ကားထဲက ခေါင်းထုတ်ပြီး ကိုယ့်ကို တအံ့တသြ ကြည့်နေတယ်။ ကိုယ့်လက်ထဲက အပေါစား ဆေးပေါ့လိပ်တို၊ ကိုယ့်ခြေအောက်က အကြမ်းစီးဖိနပ်၊ ကိုယ့်ကိုယ်ပေါ်က အဝတ်အစား ခပ်လတ်လတ်၊ ပြီးတော့ အရင်ကလောက် မဖြူဝင်းတော့ဘဲ နေလောင်စ ပြုနေပြီဖြစ်တဲ့ ကိုယ့်ရဲ့ အသားအရေ။

အဲဒါတွေကို အထူးအဆန်းလို သူ့မျက်လုံးကြီးနဲ့ ကြည့်နေတယ်။ သူကတော့ တစ်ရစ်ဝဖြိုး၊ အဆီတွေ ပြန်လို့ပါပဲ။ ရွှေကြိုးကြီးကလည်း ဟီးလို့။

ကိုယ်က မကောင်းတတ်လို့ ပြန်နှုတ်ဆက်လိုက်တယ်။

" ကိုဦး ဘယ်တုန်းက ရန်ကုန် ရောက်လဲ "

ဒါပေမဲ့ ကိုဦးက ကိုယ့်စကားကိုကြားပုံမရပါဘူး။ ကိုယ့်တစ်ကိုယ်လုံး ကို စုန်ချည်ဆန်ချည် ကြည့်နေပြီး နောက်ဆုံးမှာ


www.burmeseclassic.com

www.burmeseclassic.com


" မင်းကွာ "

အဲဒီလို သူ့မျက်လုံးကြီး ပြူးပြီး ပြောချိန်မှာပဲ ' သွားတော့မယ် ' ဆိုပြီး ကိုယ် လှည့်ထွက်ခဲ့တယ်။ သူ့ 'မင်းကွာ' က အဓိပ္ပာယ်တွေ အများကြီး ပါတယ်။ ' မင်း အခုထိ မိုက်တုန်းပဲလား၊ ဒီအနုပညာတွေ ဘာတွေ လုပ်နေတုန်းပဲလား၊ အဲဒါကြောင့် လမ်းပေါ်မှာ စုတ်ပြတ်နေတာပေါ့၊ မင်းအဖေ ခြေရာကို မင်း နည်းနည်းလေးမှ မနင်းဘူး၊ မင်း ဆင်ခြင်ဖို့ ကောင်းပြီ "

အဲဒါမျိုးတွေ အများကြီးပါတယ်။ ကိုယ့်ကိုကြည့်ပြီး သူ သံဝေဂလည်း တော်တော် ရသွားပုံ ပေါက်နေတယ်။ လာ လာချည်သေး။

ကိုယ် လွယ်အိတ်ကြိုးကလေးကို လက်နဲ့ တင်းတင်းဆုပ်ကိုင်မိတယ်။ ဖေဖေ့မျက်နှာ၊ အံ့ခေါင်မျက်နှာ၊ တခြား မမေ့နိုင်တဲ့ ရင်နာစရာတွေ အားလုံးကို မြင်ယောင်လာတယ်။

ရပါတယ်။ ကိုယ် ကြိုးစားမယ်။

ရပါတယ်။ တွေ့ကြမယ်။

ရပါတယ်။ ကိုယ့်နာမည် လင်းဆက်ပါ။

www.burmeseclassic.com

www.burmeseclassic.com


* ငါကတော့ မြက်ဖိနပ်နဲ့

ဒါပေမဲ့

မြင်းမိုရ်တောင်ကိုလည်း လိုက်တက်ခဲ့မယ်။

သွားနှင့်ကြပါ။

* ဟိုးမှာ ဘုရားသခင် ရှေ့တော်မှောက်က

အိပ်မက်တွေ ဒူးထောက်လဲကျနေတဲ့လူ

သူ့ကို ကူပါရ စေဦး


www.burmeseclassic.com

www.burmeseclassic.com


* ငါ့ရှင်တို့က ဘာလဲ
ငါက ဘာလဲ
နာမည်တွေ မြေကြီးပေါ် ပစ်ချပြီး
လှလှပပ ပြိုင်ရဲပါတယ်။
တစ်နေ့တော့ တွေ့ကြမယ်။

* နှစ်ဖက်သွား ဓားတစ်လက်လို
ပြိုးပြက်ဝင်းဖိတ်
သုညဂူမှာလည်း ငါ မှေးအိပ်ခဲ့ပြီးပြီ။

* အိမ်အပြန်လမ်း
အမေနဲ့တွေ့မှ နမ်းမယ့်
ငြိမ်းချမ်းနှင်းဆီ
ငါ့ရင်ဘတ်မှာ
သွေးတစ်စက်လို နီနေတယ်။

* ချစ်သူကလေးရေ
မြို့တံခါးကိုဖွင့်
မီးအိမ်တို့နှင့် အတူကြိုပါ
လရောင်စက်တဝေဝေနဲ့
သင့်ရဲ့ နွေရာသီမြင်းစီးခရီးသည်
ရူဝံထက်မြင့်တဲ့ ကြယ်ကို
ခူးယူလာမှာပေါ့ကွယ်။


www.burmeseclassic.com

www.burmeseclassic.com


(၂၂)

" အဲဒီတော့ ဒီနောက်ပိုင်းရက်တွေမှာ ကိုယ် ပန်းချီကို အာရုံစိုက်ဆွဲရမယ်။ မိုးစံဆီကို သိပ်မလာနိုင်တော့ဘူးနော် "

" အင်းပါ ရပါတယ် ကိုဆက်ရဲ့ "

မိုးစံက သူ့ဆံနွယ်လေးတွေကို သူ့နှုတ်ခမ်းနဲ့ ပြန်ကိုက်ထားရင်းဖြေတယ်။

" ကိုဆက် "

" ဟင် "

" အကောင်းဆုံးဖြစ်အောင် ကြိုးစားနော် "

" အင်းပါ မိုးစံရဲ့ "

မိုးစံကလည်း ကိုယ်နဲ့အတူ တက်ကြွရင်ခုန်နေတယ်။

" ကိုဆက်မှာ ဘာလိုအပ်တာရှိလဲ "

အမှန်တော့ ကိုယ့်မှာဘာမှ မပြည့်စုံပါဘူး။ ပန်းချီဆွဲဖို့ ဆေးပစ္စည်း၊ သုံးစရာ ငွေကြေး ဘာမှကို မလုံလောက်ပါဘူး။ ဒါပေမဲ့ ...


www.burmeseclassic.com

www.burmeseclassic.com


" မရှိပါဘူး မိုးစံ ရပါတယ် "

မိုးစံက ကိုယ့်ရဲ့လက်ကို ဆွဲယူပြီး လက်ချောင်းတွေကို ကိုင်ကြည့်နေတယ်။

" ကိုဆက် ပန်းချီဆွဲတာ ဒီလက်မို့လား "

" အင်း "

" ကိုဆက် လက်ချောင်းလေးတွေက သိပ်လှတာပဲ၊ တကယ့် အနုပညာလက်ချောင်းတွေ "

ပြီးတော့ ကိုယ့်ကို ရွှန်းရွှန်းဝင့်ဝင့် မော့ကြည့်တယ်။ ကိုယ့်လက်ချောင်းတွေကို သူ့ နှုတ်ခမ်းအိအိကလေးနဲ့ နမ်းလိုက်တယ်။ ကိုယ့်ရင်ထဲမှာ နွေးကနဲ လှိုက်သွားတယ်။

" ကိုဆက် "

" ဟင် "

" ကြိုးစားနော် "

" စိတ်ချပါ မိုးစံရယ် "

" လိုအပ်တာရှိရင်ပြော၊ တကယ်ပြော "


www.burmeseclassic.com

www.burmeseclassic.com


“ ရပါတယ်၊ ကိစ္စမရှိပါဘူး ”

“ ကိုဆက် ”

“ ဟင် ”

ရော့ ဒီတိတ်ခွေလေး ယူသွား ”

သူက တိတ်ခွေလေးတစ်ခွေ လှမ်းပေးလို့ ဘာမှန်းမသိပဲ ကိုယ် ယူထားလိုက်တယ်။

“ အခက်အခဲ ရှိတဲ့အခါ အဲဒီတိတ်ခွေလေးကို ဖွင့်နားထောင် ”

“ အင်း ”

“ အဲဒီထဲမှာ ကိုနေဝင်းရဲ့ သီချင်းတစ်ပုဒ်ကိုပဲ အပြည့်ကူးထားတယ် ”

မိုးစံက ကိုယ့်ရင်ခွင်ထဲကို တိုးဝင်လာတယ်။ ပြီး ကိုယ့်ကို မော့ကြည့်တယ်။ သူ့မျက်လုံးထဲမှာ ကိုယ့်အပေါ် မြတ်နိုးခြင်း အခိုးအငွေ့တွေ ငြိမ်းလဲ့ ရီဝေနေတယ်။ သူက ကိုယ်နဲ့ မျက်လုံးချင်း ဆုံအောင် ကြည့်နေပြီးမှ သီချင်း နာမည်ကို တည်ငြိမ်တဲ့ အသံလေးနဲ့ ပြောပြတယ်။

“ အားလုံးကို ကျော်ဖြတ်ရမယ် ”

www.burmeseclassic.com

(၂၃)

ည၊ မှောင်တာမှ ပိန်းပိတ်နေတယ်။ ကိုယ့်ခြေသံကို ထိန်းပြီး အမှောင်ထဲမှာ စမ်းတဝါးဝါး လှုပ်ရှားနေရတယ်။

ကိုယ့် လက်နှိပ်ဓာတ်မီး သေးသေးကလေးရဲ့ အလင်းရောင်တန်းက အမှောင်ထဲမှာ ကိုယ် ရည်ရွယ်နေတဲ့ နေရာတွေကို စူးဝင် ထိုးဆင်းနေတယ်။ နောက်တော့ အလင်းကွက်ထဲမှာ ကိုယ် လိုချင်တဲ့အရာတွေ ပေါ်လာတယ်။

“ ဟုတ်ပြီ ”

ဆေးဘူးတွေ၊ ပန်းချီဆွဲတဲ့ ပစ္စည်းကိရိယာတွေ။

ကိုယ် အဆင်သင့်ယူလာတဲ့ အိတ်ကြီးထဲကို အသံမမြည်အောင် ယူထည့်နေလိုက်တယ်။

ပြီး ပြတင်းပေါက်ဆီ ပြန်သွား၊ ပြတင်းတံခါးကနေ အောက်ကို ငုံ့ကြည့်လိုက်တယ်။ တိုက်ပေါ်ကနေ ဘယ်လို ပြန်ဆင်းပြီး ခြံထဲက ဘယ်လို ပြန်ထွက်ရမယ်ဆိုတာကို အခြေအနေ သုံးသပ်လိုက်တယ်။

ပြန်ဆင်းတော့မယ်၊ ပြန်မယ်။

ဒါပေမယ့် ရောက်တုန်းရောက်ခိုက် မေမေ့ကို ဝင်တွေ့သွားလိုက်ချင်သေးတယ်။ အစ ပထမ စဉ်းစားလာတုန်းကတော့ ဒီအချက် မပါဘူးပေါ့။ ဒါပေမယ့် အခုတော့ မေမေ့ကိုလည်း ဝင်တွေ့ချင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒါနဲ့ပဲ အိတ်ကြီးကို တရွေ့ရွေ့ဆွဲပြီး မေမေ့ အခန်းဘက်ကို ကူးလာခဲ့တယ်။

အခန်းတံခါးက ထုံးစံအတိုင်း စေ့ထားတယ်။ အခန်းထဲက အပြာရောင် မီးလုံးကလေးဟာ ကိုယ့်အတွက်တော့ တော်တော် တန်ဖိုးကြီးသွားတယ်။ အခန်းထဲမှာ နပ်စ်မလည်း မရှိဘူး။ ခုတင်ပေါ်မှာ မေမေ တစ်ယောက်တည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်။ ကိုယ်အနား တိုးကပ်သွားလိုက်တယ်။

“ မေမေ ”

ကိုယ် တိုးတိုး ခေါ်ကြည့်တယ်။ ဒါပေမယ့် မေမေ မနိုးဘူး။ ကိုယ်လည်း နိုးသွားအောင် ဆက်မခေါ်ရက်၊ မနှိုးရက်တော့ဘူး။ မေမေ့ကိုပဲ ပြာဝင်းတဲ့ မီးရောင် ပျော့ပျော့ကလေးနဲ့ ငေးကြည့်နေလိုက်တယ်။

မေမေကတော့ ပိန်ချုံးမြဲ ပိန်ချုံးနေတာပါပဲ။ မျက်တွင်းတွေလည်း ချိုင့်နေတယ်။ ဒါပေမယ့် လက်ထဲမှာတော့ ကိုးလုံးပုတီး သေးသေးလေး ရှိတယ်။ မေမေက ဘာသာရေး ကြည်ညိုတယ်။ ဘယ်သူ့အပေါ်မှာမဆို ခွင့်လွှတ်စိတ် သိပ်ကြီးတယ်။

မေမေ့ ခေါင်းအုံးဘေးမှာ ကိုယ် နောက်ဆုံးတစ်ခေါက်လာတုန်းက ပေးသွားတဲ့ ဆေးပုလင်းကလေးတွေရှိတယ်။ တကယ်ချစ်စရာကောင်းတဲ့ မေမေပါ။

www.burmeseclassic.com

ကိုယ် မေမေ့ကို ငေးကောင်းကောင်းနဲ့ ငေးပြီး ဟိုဟိုသည်သည် အတွေးတွေ ဝင်နေရာက ဖျတ်ခနဲ သတိရလိုက်တယ်။ သွားတော့မှ ဖြစ်မယ်။ ဒီအိမ်ပေါ်မှာ သိပ်ကြာကြာ မနေသင့်ဘူး။

အဲဒါနဲ့ပဲ ကိုယ် မေမေ့ ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်တယ်။

“ မေမေ သား ကန်တော့ ခဲ့ပါတယ်။ သား အရေးကြီးတဲ့ ပန်းချီပြပွဲ တစ်ခုအတွက် ကြိုးစားရမယ် မေမေ။ မေမေ့သားဟာ တစ်နေ့ကျရင် ထူးခြားအောင်မြင်တဲ့ အနုပညာသမားတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ မေမေ ယုံကြည်တယ် မဟုတ်လား။ မေမေ့ ယုံကြည်ချက်ကို မကြာမှ မေမေ ပြန်မြင်ရတော့မှာပါ မေမေရယ် ”

ရင်ထဲရှိတာတွေ လျှောက်ပြောပြီး ဦးချ ကန်တော့လိုက်တယ်။ ဦးခေါင်းကို ပြန်အမော့မှာပဲ ...

“ ဖျောက် ”

မီးခလုတ်သံ။

တခန်းလုံး လင်းထိန်သွားတယ်။ ကိုယ် ကမန်းကတန်း မတ်တပ်ရပ် လိုက်တယ်။ မျက်လုံးလည်း ပြာသွားတယ်။

သေသေချာချာကြည့်တော့ ကိုယ့်ရှေ့မှာ လူတစ်ယောက်၊ ကိုယ့်ကို အန္တရာယ်ပြုဖို့ တစ်စုံတစ်ရာနဲ့ ရွယ်ထားတယ်။ ရင်ထဲမှာ ခုန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com


ထပ်ပြီး သေသေချာချာ ကြည့်လိုက်တော့ ကိုယ့်ရှေ့ မလှမ်းမကမ်းမှာ ဖေဖေ။ ညဝတ်အင်္ကျီနဲ့၊ ကိုယ့်ကို သေနတ်နဲ့ ချိန်ထားတယ်။

“ ဩော် ”

“ ဩော် ”

ဖေဖေရော ကိုယ်ရော နှစ်ယောက်လုံး အာမေဋိတ်သံ ပြိုင်တူ ထွက်သွားတယ်။

“ ဖေဖေ”

ကိုယ်ခေါ်လိုက်တယ်။ ဖေဖေ့မျက်နှာက တင်းမာခက်ထန်နေတယ်။ တဖြည်းဖြည်းနဲ့ ကိုယ့်ကိုကြည့်ပြီး ခနဲ့တဲ့တဲ့ ပြုံးလာတယ်။

“ ဩော် ... ဟော ဟော ”

“ ကျွန်တော်ပါ ဖေဖေ ”

“ အေး ... အေး ငါက သူခိုး အောက်မေ့နေတာ၊ လက်စသတ်တော့ သူခိုးထက် စိတ်ပျက်စရာကောင်းတဲ့ ကောင်ကိုးကွ၊ ကလေကချေစရိုက်နဲ့ အိမ်ပေါ်တက်လာတာကိုး ”

“ ကျွန်တော် ”

ကိုယ် ဘာမှ ပြန်မပြောနိုင်ဘူး ဖြစ်နေတယ်။ ဖေဖေက ပြတ်ပြတ်ရှင်းရှင်း မေးတယ်။


www.burmeseclassic.com

www.burmeseclassic.com


" မင်း အခု ဘာလာလုပ်တာလဲ "

" ကျွန်တော် ကျွန်တော့် ပစ္စည်းတွေ လာယူတာပါ "

ပြောပြီး ကိုယ်က အိတ်ထဲက ပန်းချီဆေးပစ္စည်းတွေကို မြင်သာအောင် လှစ်ပြလိုက်တယ်။

" ကျန်သေးလား "

" ဟုတ်ကဲ့ "

" မကျန်စေနဲ့တော့ တစ်ခါတည်း အကုန်ယူသွား "

" မယူတော့ပါဘူး၊ ဒါလောက်ဆို ရပါပြီ "

"ဟင့် "

ကိုယ် မေမေ့ကို လှည့်ကြည့်တော့ မေမေက အိပ်ပျော်နေဆဲပဲ။ အိပ်ဆေးတွေ သောက်အိပ်ရပြန်ပြီ ထင်ပါရဲ့။ ကိုယ်က မေမေ နိုးသွားမှာ စိုးနေတယ်။ ဖေဖေကလည်း ကိုယ့်လိုပါပဲ။ မေမေ နိုးသွားမှာကို စိုးရိမ်နေတယ်။ ကိုယ့်ကို အသံ ခပ်အုပ်အုပ်နဲ့ လှမ်းပြောတယ်။

" ယောကျာ်းပဲကွ၊ မာနထားရမယ်။ မင်း အိမ်ပေါ်က ဆင်းခဲ့ရပြီးပြီ၊ ဘာမှ တက်မယူဘဲ နေရဲရမယ်ကွ "

ကိုယ် ဘာမှ ပြန်မပြောလိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com


“ မင်းက လမ်းပေါ်မှာလျှောက်၊ လမ်းပေါ်မှာ နေချင်တယ်။ အဲဒါဆို မင်းလိုချင်တာကိုလည်း လမ်းပေါ်မှာ ရှာယူနိုင်ရမယ်ကွ၊ မင်းလောက် ပျော့ညံ့တဲ့ကောင်ကို မွေးမိတာ ငါ့ဘဝမှာ ရှက်စရာ အကောင်းဆုံး ကိစ္စပဲ၊ အနုပညာသမားဆိုကွ၊ ဆင်းရဲတာကို ခံနိုင်ပါတယ်ဆိုကွ၊ ငွေမရှိလည်း နေတတ်ပါတယ် ဆိုကွ ”

“ အခု ဒီဆေးဘူးတွေကကျွန်တော့်ပစ္စည်းတွေပဲ၊ မေမေ့ တပည့် တစ်ယောက်က ကျွန်တော့်ကို လက်ဆောင်ပေးထားတဲ့ ပစ္စည်းတွေပဲ၊ ကျွန်တော့် ပစ္စည်း ကျွန်တော် ပြန်လာယူတာ ”

ကိုယ့်စကားကြောင့် ဖေဖေ ခဏ ကြောင်အမ်းသွားတယ်။ နောက်မှ အေးစက်စက်ပြုံးပြီး –

“ ဟင်း ဟင်း မင်းက ငါ့ကို ထောက်ရမယ်၊ စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ရမယ်ဆိုရင်တော့ တယ်လျှင်တာပဲကွ၊ မင်း ပြောပြောနေတဲ့ အနုပညာမာနက တသမတ်ထဲ မရှိဘူးလား၊ မင်း စိတ်ကူးယဉ်ခဲ့တဲ့ ပီကာဆိုတို့၊ မိုးနေးတို့ဟာ အခုလို ညဘက်၊ ကိုယ်နဲ့ မဆိုင်တော့တဲ့ ကိုယ့်ကို မလိုလားတဲ့ အိမ်ပေါ်ကို ခိုးကြောင်ခိုးဝှက် ပစ္စည်းလာယူမှာ မဟုတ်ဘူးကွ။ မင်းလည်း ဒီနေရာမှာ မင်းရဲ့ အနုပညာမာနကို ထားလိုက်နိုင်ရပေါ့ကွ၊ တကယ့်တကယ် ကျတော့လည်း မင်းမလုပ်ရဲဘူး။ ဒီမယ် မင်းကို ငါပြောမယ် ဟော့ကောင် အင်္ဂလိပ်စကားပုံ ရှိတယ်၊ “ ရေတံခွန်နဲ့ လူတော်လူကောင်းဟာ သူ့လမ်း သူဖောက်တယ် ” တဲ့၊ မင်းက ဟုတ်မလိုလိုနဲ့ စီးဆင်းသွား၊ ပြီးမှ


www.burmeseclassic.com

မင်းလမ်း မင်း မဖောက်နိုင်ဘူး၊ နောက်ပြန်စီးပြီး အိမ်ကြီးပေါ် ပြန်ကွေ့တက်လာတာ ပြောင်မြောက်ပါပေ့ကွာ ”

ကိုယ့်ရင်ထဲမှာ မခံချင် ဖြစ်သွားမိတယ်။ ဖေဖေကပဲ ဆက်ပြောတယ်။

“ မင်း ဂေါ်ဂင်လို အနူကြီး ဖြစ်ပြီး သေရဲလား၊ ဗန်ဂိုးလို ကိုယ့်နားရွက် ကိုယ်ဖြတ်ရဲလား၊ တကယ့် တကယ်ကျတော့ အဲဒီလူတွေလိုလည်း မင်း မစွန့်ရဲပါဘူးကွာ ”

“ ဟိုး ဟိုး တော်ပါတော့ ဖေဖေရယ် ”

ကိုယ်က ဖေဖေ့စကားကို လက်ကာပြပြီး တားလိုက်တယ်။

“ ကျွန်တော် သွားတော့မယ်။ ဒီမှာ ဆက်ပြီး အခြေအတင်ပြောနေရရင်ဆုံးမှာ မဟုတ်ဘူး၊ မေမေ နိုးသွားလိမ့်မယ်၊ ဖေဖေ့ကို ကျွန်တော် အချက်နှစ်ချက် ပြောခဲ့ပါဦးမယ်၊ ပထမအချက်က ဒီပန်းချီဆေးဘူးတွေ လာပြန်ယူတဲ့ကိစ္စ၊ ကျွန်တော် ညဘက်တွေ ပန်းချီဆွဲလေ့ရှိတာ ဖေဖေ သိပါတယ်၊ ကျွန်တော် ပန်းချီဆွဲနေရင်း တန်းလန်း လိုအပ်နေလို့ ချက်ချင်း လာယူတာပဲ၊ ည အချိန်မတော်တို့ ဘာတို့ဆိုတာ ကျွန်တော့် ခေါင်းထဲမှာ သိပ်မရှိပါဘူး၊ ဒီရောက်တော့ တံခါးတွေ အကုန်ပိတ်ထားလို့ ဝင်တတ်တဲ့အပေါက်က ကျွန်တော်ဝင်လာတယ်၊ ကျွန်တော့်အတွက် ခက်မှမခက်ဘဲ၊ ထားပါတော့လေ။ အခုတော့ ကျွန်တော် ဒီပစ္စည်းတွေကိုလည်း ယူမသွားတော့ပါဘူး၊ ဒီမှာပဲ ထားခဲ့ပါတော့မယ်၊ နောက် ဒုတိယအချက် ဂေါ်ဂင် နူသွားတယ်၊ ဗန်ဂိုး သူ့နားရွက် သူဖြတ်တယ်ဆိုတာတွေက သူတို့



www.burmeseclassic.com

နာမည်ကြီးလို့ ဖေဖေ သိတာပါ၊ သူတို့လို နာမည်မကြီးဘဲ သူတို့ထက်ဆိုးတဲ့ ဘဝနဲ့ နေသွားသေသွားတဲ့ အနုပညာသည်တွေ အများကြီး ရှိပါတယ်။ ဒီနိုင်ငံမှာကို ရှိပါတယ်။ ဒါတွေကို ဖေဖေ မသိလို့ပါ၊ ကျွန်တော် ပြောမယ် ဖေဖေ၊ ကျွန်တော်ဟာ အနုပညာကို ယုံကြည်မှု ပြင်းတဲ့ကောင်ပါ၊ လိုအပ်ရင် ကိုယ့် မျက်လုံးကိုလည်း ထိုးဖောက်ရဲပါတယ်၊ ကျောနဲ့ရင်ကိုလည်း ထက်ခြမ်း ခွဲပေးရဲပါတယ်၊ ဘာကိုမဆို ကျွန်တော့် အနုပညာယုံကြည်ချက်အတွက် လုပ်ရဲပါတယ်၊ လိုအပ်ရင် လိုအပ်သလိုပေါ့ ”

စကားအဆုံးမှာ မေမေ့ကို တစ်ချက် လှမ်းကြည့်ပြီး ...

“ ကဲ – ကျွန်တော် သွားမယ် ”

ခပ်တည်တည်နဲ့ အိမ်ရှေ့ပေါက်ကပဲ ဆင်းချလိုက်တယ်။ ဖေဖေ ခလုတ်ဖွင့်လိုက်လို့ ခြံထဲ မီးတွေပါ လင်းသွားတယ်။ ငိုက်နေတဲ့ ခြံစောင့် လက်ချမားလည်း အလန့်တကြား ဖြစ်သွားတယ်။

အိမ်ထဲက ထွက်လာတဲ့ ကိုယ့်ကို တွေ့တော့ –

“ အလို ဘုရားရေ အစ်ကိုလင်းဆက် ”

ဖေဖေက အထဲက လှမ်းအော်လိုက်တယ်။

“ လက်ချမား သူ့ကို တံခါးဖွင့်ပေးလိုက်၊ ပြီးရင် ချက်ချင်းပြန်ပိတ် ”

ကိုယ် အပြန်လမ်းမှာ ရင်ထဲ နွမ်းသလိုပဲ။ မဲ့ပြုံးကလေးနဲ့ မိုးပေါ်ကို မော့ကြည့်တော့ လမင်းကြီးက သာလို့။

www.burmeseclassic.com

www.burmeseclassic.com



(၂၄)

ကိုယ် ငယ်ငယ်ကတော့ ဖေဖေဟာ ကိုယ့်ကို သိပ်ချစ်ခဲ့တယ်။ သိပ်အလိုလိုက်ခဲ့တယ်။ ' ငါ့ခြေရာနင်းမယ့်သား ' ဆိုတဲ့ စကားကို နှုတ်ဖျားက မချဘဲ တဖွဖွ ပြောခဲ့တယ်။ အရာရာမှာ စောင့်ကြပ်ပျိုးထောင်ခဲ့တယ် တဲ့။

ဖေဖေဟာ သူ့ဘာသာသူကတော့ ကောင်းပါတယ်။ ဆိုးရွားတဲ့လူတော့ မဟုတ်ဘူး။ အများအမြင်မှာဆိုရင် ယဉ်ကျေး၊ ပညာတတ်၊ ဉာဏ်အမြော်အမြင်ကြီး၊ ဗဟုသုတကောင်း၊ စီးပွားရေးအကွက်မြင်တဲ့ လူကြီးလူကောင်း တစ်ယောက်ပေါ့။ ဖေဖေမှာ အဲဒီ အရည်အချင်းတွေဟာ တကယ်ကို ရှိနေပါတယ်။ လူမသိအောင် လျှို့ဝှက်ထားတဲ့ စွမ်းရည်ကလေးတွေတောင် သီးသီးခြားခြား ကျန်ပါသေးတယ်။

ဖေဖေဟာ ရန်ကုန်တက္ကသိုလ်က မဟာသိပ္ပံဘွဲ့ ရခဲ့တယ်။ အပေါင်းအသင်းဆန့်ပြီး စကားပြော ကောင်းတယ်။ အနုပညာဝါသနာ မပါပေမယ့် စန္ဒယား တီးတတ်တယ်။ စာဖတ်အားကောင်းတယ်။ သူက ယောကျ်ားကောင်းတစ်ယောက်ဟာ စီးပွားရေး၊ ပညာရေး၊ကိုယ်ရည်ကိုယ်သွေး စတာတွေမှာ သူများတကာထက် သာလွန်ရမယ်။ ရှေ့ရောက်ရမယ်၊ အမြဲတမ်း အမြင့်ဆုံးအဆင့်မှာ ခိုင်မာနေရမယ်ဆိုတဲ့ 'မဟာလူသားဝါဒ' မျိုး ရှိတယ်။

နေရာ တော်တော်များများမှာ လုပ်ရဲကိုင်ရဲတယ်။ လုပ်တတ်ကိုင်တတ်တယ်။ သူ့မျိုးဆက်ဟာ သူ့ထက်ပိုပြီး မြင့်မားရမယ်ဆိုတဲ့ စိတ်ကူးရှိတယ်။

www.burmeseclassic.com

အဲဒါကြောင့် သူ့ရဲ့ တစ်ဦးတည်းသော သားဖြစ်တဲ့ ကိုယ့်ကို ငယ်စဉ်ကတည်းက ငုံထားမတတ် ချစ်ခဲ့၊ ဂရုစိုက်ခဲ့တယ်။

ကိုယ်ကလည်း ငယ်ငယ်က စာတော်တယ်။ ဉာဏ်ထက်တယ်။ ဖေဖေဟာ ဒီအတွက် တစ်ပျော်ကျော်လုံး ဂုဏ်ယူနေခဲ့တယ်။ အရွယ်ကလေးရောက်လာတော့ ကိုယ်က ဖောက်လာတယ်။ ပန်းချီဆွဲလာတယ်။ သူ မျှော်လင့်ထားသလို ဖြစ်မလာဘူး။ ကိုယ့်မှာက အနုပညာပိုး ဝင်လာတယ်။

သူက နည်းပေါင်းစုံနဲ့ သူ့လိုဖြစ်အောင် ဆွဲဆောင်ပြန်တယ်။ ဒါပေမယ့် ကိုယ်ကလည်း မရတော့ဘူး။ ပန်းချီကို အရူးအမူး စိတ်ဝင်စားတယ်။ အဲဒီမှာ ဖေဖေနဲ့ ကိုယ်နဲ့ ကွဲလွဲလာတော့တာပါပဲ။

ဖေဖေက အနုပညာကို လူတန်းစေ့မယ့် ပညာလို့ မယုံကြည်ဘူး။ ဒါပေမယ့် ကိုယ်ကလည်း အဲဒီဘက်မှာ ဖုံးမရ ဖိမရဘူး၊ ထူးချွန်လာတယ်။ ကျောင်းပေါင်းစုံ ပန်းချီပြိုင်ပွဲမှာ ကိုယ် ပထမ ရတယ်။ ဒါပေမယ့် ဖေဖေ့ဒေါသကြောင့် ဆု သွားမယူရဘူး။ ကိုယ့်ရည်ရွယ်ချက်တွေ ကြီးလာတယ်။ စာကြီးပေကြီးတွေကို အလျှံညီးညီး ဖတ်လာတယ်။ ဒါပေမယ့် ဖေဖေဖတ်တဲ့ စာအုပ်တွေနဲ့ ကိုယ်ဖတ်တဲ့ စာအုပ်တွေ မတူဘူး။

အဲဒီလိုနဲ့ပဲ ကိုယ်နဲ့ ဖေဖေဟာ ကွဲပြားသထက် ကွဲပြားလာတယ်။ ဖေဖေကလည်း သူ့အယူအဆဘက်မှာ ခိုင်မာနေပြီး ကိုယ်ကလည်း ကိုယ့်အနုပညာမှာ မှော်ပေါက်သလို ဖြစ်နေတယ်။ ဘယ်လိုမှ ညှိလို့ မရတော့ဘူး။ ကိုယ်ကလည်း အလွန်အကျွံတွေ ဖြစ်သွားတယ်။ ပန်းချီချည်းပဲ ဆွဲနေလို့ စက်မှုတက္ကသိုလ် ပထမနှစ်ကို အခါခါ ကျရှုံးပြီး နောက်ဆုံးမှာ

www.burmeseclassic.com

ကျောင်းကထွက်လိုက်ရတယ်။ ဖေဖေဟာ သိပ်ရှက်သွားတယ်။ ကိုယ့်ကိုလည်း မုန်းသွားတယ်။ အင်း မုန်းသွားတယ်လို့ ကိုယ်ထင်တယ်။

ဒါပါပဲလေ။

ဖေဖေနဲ့ ကိုယ့်မှာ တိုက်ဆိုင်တူညီနေတာ တစ်ချက်ပဲ ရှိတယ်။ အဲဒါကတော့ မေမေ့ကို ချစ်တဲ့နေရာပဲ။ ကိုယ်ကလည်း မေမေ့ကို သိပ်ချစ်ပြီး ဖေဖေကလည်း မေမေ့ကို သိပ်တန်ဖိုးထားတယ်။ မေမေကတော့ ဖေဖေ့ကိုလည်း တွယ်တာအားကိုးပြီး ကိုယ့်ကိုလည်း ယုံကြည်မျှော်လင့်တယ်။ မေမေနဲ့ ဖေဖေနဲ့ ဆန့်ကျင်တာ တစ်ချက်ကတော့ ကိုယ့်အပေါ်ထားတဲ့ အမြင်မှာပဲ။

မေမေက ကိုယ့်ကို နားလည်တယ်။ ကိုယ့်အနုပညာကိုလည်း ရိပ်မိတယ်။ ကိုယ်ဟာ တစ်ချိန်မှာ ဒီအနုပညာနဲ့ နာမည်တစ်လုံး ရလာလိမ့်မယ်။ ကန့်သတ်တိုင်းတာဖို့ မလွယ်သေးတဲ့ အောင်မြင်မှု တစ်စုံတစ်ရာ ရလိမ့်မယ်လို့ မေမေက ယူဆတယ်။ မေမေကတော့ ကျောင်းဆရာမဟောင်း တစ်ယောက်မို့လို့ ကျောင်းသားလူဟယ်တစ်ယောက်ရဲ့ အနာဂတ်ကိုလည်း ပိုပြီး မြင်တတ်တယ် ထင်ပါရဲ့။

အခက်အခဲလေးတွေ ကြုံရတဲ့အခါ ကိုယ်ဟာ မေမေ့ကို သတိရတတ်တယ်။ ဒါပေမယ့် ဖေဖေ့ကိုလည်း မမေ့ပါဘူး။ ဒီတိုင်းပဲ ပြီးသွားမှာလား။ ကိုယ်ရယ်၊ ဖေဖေရယ်၊ မေမေရယ် ဘယ်လို ခရီးဆက်ကြဦးမှာလဲ။ ခုတော့ ကိုယ်တစ်ယောက်တည်း ကျောက်လမ်းပေါ်မှာ လမ်းလျှောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com


(၂၅)

“ မမ ”

“ ဟင် ဘာလဲ ညီမလေး ”

“ တစ်ခု မေးမလို့ ”

“ မေးလေ ဘာမေးမလို့လဲ ”

မမက ဖတ်လက်စ ဆေးကျမ်းကြီးကို ဘေးချပြီး မိုးစံကို အကဲခတ်သလို ကြည့်သည်။ မိုးစံ၏ အမူအရာက အတန်ငယ် မဝံ့မရဲ ဖြစ်နေ၍ မမအတွက် ထူးဆန်းနေပေလိမ့်မည် ထင်သည်။

“ မေးလေ ညီမလေးရဲ့ ဘာလဲ ”

“ ဩော် မမနဲ့ မိတ်ဆွေတွေ၊ သံအရာရှိ၊ နိုင်ငံခြားပြန် အဲဒီလို ပုဂ္ဂိုလ်ကြီးတွေထဲမှာလေ ”

“ အင်း ပြော ညီမလေး ”

“ မမ တောင်းကြည့်၊ မေးကြည့်ပေးလို့ရမလား၊ ဝယ်ရမယ် ဆိုရင်လဲ မိုးစံ ပိုက်ဆံစုထားတာတွေ ရှိတယ်၊ အဲဒီထဲက ဝယ်ချင်တယ် ”

“ အင်းလေ၊ ဘာကိုလဲ ညီမလေးရဲ့၊ ဘာကို တောင်းပေးရမှာလဲ ”


www.burmeseclassic.com

www.burmeseclassic.com


ထိုအခါကျမှ မိုးစံလည်း သူစကားပြော လောနေကြောင်းကို ပြန်သတိထား မိတော့၏။

" ဟို ပန်းချီဆွဲတဲ့ ပစ္စည်းတွေလေ၊ ဆေးတို့ စုတ်တံတို့ "

မမက မိုးစံကို ခပ်ငွေးငွေး ကြည့်သည်။

" မိုးစံ ဘာလုပ်မလို့လဲ "

" မိုးစံအသိ ပန်းချီဆရာ တစ်ယောက်ကို လက်ဆောင် ပေးချင်လို့ပါ "

မမက မိုးစံကို အတန်ကြာ ဆက်ကြည့်နေသည်။ နံရံကို ငေးကြည့်ပြီးတော့လည်း စဉ်းစားနေသည်။ မိုးစံငြိမ်၍ စောင့်နေရ၏။

အတော်ကြာမှ မမက ...

" လင်းဆက်အတွက်လား "

" ရှင် "

မိုးစံ မျက်နှာအမ်းသွားသည်။ ရင်ထဲမှာလည်း ထိတ်သွားသည်။ မမက မိုးစံမျက်နှာကို ကြည့်ပြီး ပြုံး၏။ မိုးစံလက်ကို ဆွဲယူပြီး 'ကောင်မလေးနော်'ဟု ပြောသည်။

မိုးစံ ဘာပြန်ပြောရမည် မသိ။ ရင်ထဲမှာလည်း တရိပ်ရိပ် လှုပ်ရှားနေသည်။

" ညနေက ဆေးခန်းကို ယဉ်ဝေလာသွားသေးတယ် "


www.burmeseclassic.com

“ ဟုတ်ကဲ့ ”

“ အခု ညီမလေး မေးသလိုပဲ မေးတယ်၊ သူနဲ့ ညီမလေးနဲ့ စပ်ပြီး လင်းဆက်အတွက် လက်ဆောင် အနည်းအကျဉ်း ဝယ်ပေးချင်လို့တဲ့ ”

မိုးစံ ကပျာကရာ ပြန် ပြောလိုက်သည်။

“ အဲဒါ ယဉ်ဝေက မိုးစံနဲ့ ဘာမှ မတိုင်ပင်ရသေးဘူး မမ၊ သူ့စိတ်ကူးနဲ့သူ ပြောတာ၊ ဒါပေမဲ့ အနည်းအကျဉ်း ဝယ်ပေးရုံလောက် မရဘူး၊ အဲဒါ မိုးစံက လုံလုံလောက်လောက် ဝယ်ပေးချင်လို့ ”

မမက မိုးစံမျက်နှာကို အကဲခတ်ဟန် ရှိသဖြင့် မိုးစံ အနေကျပ်နေသည်။ မမက ဆေးစာအုပ်ကြီးကို ပြန်ဆွဲယူပြီး ခစ်ကနဲ တစ်ချက် ရယ်၏။

“ ကဲ ... သွား သွား၊ မမ စာဖတ်ရဦးမယ် ”

“ မမ အဲဒါ ”

“ အေးပါ၊ မမ ကြည့်စီစဉ်လိုက်မယ်၊ တစ်ပတ်အတွင်း ရအောင် လုပ်ပေးမယ် ”

“ မမ အကောင်းစားနော် ”

“ အေးပါ မလျှာရှည်လေးရဲ့ ”

မိုးစံက ပျော်ရွှင်သွားပြီး မမကို ဖက်နမ်းလိုက်လေသည်။



www.burmeseclassic.com

(၂၆)

ကိုယ်တို့ ရန်ကုန်မြို့တော်ကြီးကို နှင်းမြူတွေ ထူထူပိန်းပိန်း ကျနေဆဲပါပဲ ချစ်သူရယ်။ အေးစက်ထုံပေနေတဲ့ ရွှေဝါရောင် ဆောင်းနေ့ရက်တွေမှာ ကိုယ်ဟာ ဆေးပေါ့လိပ်တစ်တိုနဲ့ အနုပညာအကြောင်းတွေ တွေးနေခဲ့တယ်။ ဘာကိုမှ ယုံကြည်စရာ မကောင်းတဲ့ လောကကြီးထဲမှာ အယုံကြည်ရဆုံးဟာ အနုပညာပဲ။

လှပတဲ့ မွန်မြတ်တဲ့ နက်ရှိုင်းတဲ့ ကိုယ်ချစ်သော အနုပညာဟာ အရာအားလုံးကို ကိန်းဝပ်ဖန်ဆင်းလို့နေတယ်။ အနုပညာဆိုတာ ဘုရားသခင်ရဲ့ အယဉ်ကျေးဆုံး၊ လက်တစ်ဖက်လို့ ကိုယ်ကတော့ ယုံကြည်ခဲ့တာပါပဲ။ အနုပညာကို ချစ်တယ်။ အနုပညာအတွက် ရဲရင့်တယ်။ အနုပညာရဲ့ မိုးကောင်းကင်မှာ ကိုယ့်ဝိညာဉ်ကို လွှင့်တင်ပျံသန်းစေတယ်။

ကိုယ်နဲ့ အနုပညာဟာ မြေပေါ် ခွဲဖြာပေါက်ရောက်နေတဲ့ မြက်ရိုင်းပင်တွေအောက်မှာလည်း ရှိတယ်။ နှင်းမြူတွေ လင်းဝေစိုလတ်နေတဲ့ မြရာရွက်တွေပေါ်မှာလည်း ရှိတယ်။ ခါးကုန်းနေတဲ့ နတ်ဆိုးကို မြင်းယဉ်တစ်ကောင်လို စီးနင်းပြီး ငြိမ်းချမ်းသော ဘုံဆီကိုလည်း ချဉ်းကပ်ဖူးတယ်။ နွားကျောင်းသားကလေးရဲ့ ပလွေမှာ တဝေဝေ စီးမျောပြီး သောကမဲ့စွာလည်း ရှင်သန်ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com


အနုပညာမှာ ရင့်ကျက်ခိုင်မာတဲ့ တရားတစ်ခုရှိပြီး အဲဒီ တရားကိုလည်း တစ်နေ့မှာ ကိုယ်တွေ့ပွေ့ ပိုင်ဆိုင်နိုင်လိမ့်မယလို့လည်း မျှော်လင့်လျက်ပါပဲ။ ကိုယ်ဟာ လူတွေအများကြီးနဲ့လည်း ကြုံခဲ့၊ စာတွေ အများကြီးကိုလည်း ဖတ်ခဲ့ပါတယ်။ အချို့သော အရာတွေကို ဝမ်းမြောက်ဝမ်းသာ လက်ခံပြီးကာမှ ဝမ်းနည်းပက်လက် ပြန်လည် ငြင်းဆန် စွန့်ခွာခဲ့ရဖူးတယ်။ အဲဒီလို လူငယ်တစ်ယောက် အနေနဲ့ သွေးစက်တွေဟာ ကျောက်သားလို မာကျစ်နေခဲ့တယ်။

ကိုယ့်ရဲ့ လက်ဝဲဘက်မှာ 'မာယာ'ဆိုတာကိုပဲ ယုံကြည်လာပြီး ကိုယ့်ရဲ့ လက်ယာဘက်မှာ 'အနုပညာ'ဆိုတာကို ပိုပြီး လေးမြတ်ဦးခိုက်လာတယ်။ တစ်ဘက်က 'မာယာ'ကို ငြင်းပြီး တစ်ဘက်က အနုပညာကို တင်းတင်း ဆုပ်ကိုင်တယ်။ ကိုယ်ဟာ မာယာကို မုန်းပြီး အနုပညာကို နှလုံးသားနဲ့ မီးရှို့ ပူဇော်တယ်။

ချစ်သူရေ ... ကိုယ့်ကို နားလည်နိုင်ပါ့မလား၊ ရိုးသားသော အလင်း အမှောင် အောက်မှာတော့ သန်းခေါင်နဲ့ နံနက်ဟာ အတူတူပါပဲကွယ်။ ဘယ်လမ်းမှာမဆို ခြေလှမ်းမမှားအောင် ကိုယ်တို့ လျှောက်ရဲရမှာပေါ့။

ချစ်သူသာ ကြည်ဖြူနိုင်မယ် ဆိုရင်တော့ ...

လိုက်ခဲ့လို့ ခေါ်ချင်ပါရဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com


(၂၇)

" အစ်ကို စာရေးဆရာ ကိုမော် မဟုတ်လား "

" ဗျာ ဟုတ်ပါတယ် "

ရန်ကုန်မြို့လည်ကောင်မှ စာပေသမားများ ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးတွင် ကိုမော်တစ်ယောက်တည်း ထိုင်နေချိန်မှာ ဖြစ်သည်။ ခေါင်းငုံ၍ သတင်းစာဖတ်နေရာမှ အသံကြား၍ မော့ကြည့်လိုက်ရာ ရုပ်ရည်သန့်ပြန့်သော လူငယ်နှစ်ဦးကို တွေ့ရလေသည်။

" ကျွန်တော်တို့ ခဏ ထိုင်မယ်နော် "

" ဩော် ဟုတ်ကဲ့ ထိုင်ပါ ထိုင်ပါ "

သူတို့နှစ်ယောက်က လက်ဖက်ရည်အသီးသီးမှာကြ၏။ အကောင်းစားစီးကရက်ဗူးများကိုလည်း အိတ်ထဲမှထုတ်၍ စားပွဲပေါ် ချကြ၏။ ဇစ်ပိုမီးခြစ်ကိုလည်း ပစ်တင်ပေး၏။ သူတို့၏ အပြုအမူနှင့် ဝတ်စားဆင်ယင်ပုံများအရ သူဌေးသားကလေးများ ဖြစ်ကြောင်း သိသာသည်။

" အစ်ကိုကတော့ ကျွန်တော်တို့ကို သိမှာ မဟုတ်ဘူး "

" အင်း ဟုတ်ကဲ့ ခင်ဗျာ "


www.burmeseclassic.com

www.burmeseclassic.com


လူငယ် နှစ်ယောက်အနက် တစ်ယောက်မှစ၍ မိတ်ဆက်စကား ဆိုသည်။

“ ကျွန်တော်က နိုင်မင်းလို့ ခေါ်ပါတယ်၊ သူကတော့ သက်ဝင်းအောင်ပါ ”

“ ဟုတ်ကဲ့ ”

“ ကျွန်တော်တို့ အစ်ကိုနဲ့ နည်းနည်း ဆွေးနွေးချင်တာ ရှိလို့ပါ ”

ကိုမော်က မျက်မှန်ပြင်တပ်ရင်း ခေါင်းညိတ်ပြလိုက်သည်။

“ စာပေကိစ္စပဲလား ”

“ ခြော် မဟုတ်ပါဘူး ”

ကိုမော် မျက်မှောင်ကြုပ်သွားရသည်။

“ ဒါဖြင့် ”

“ ကျွန်တော်တို့က လင်းဆက်ရဲ့ သူငယ်ချင်းတွေပ် ”

“ ခြော် ”

ကိုမော် စကားထောက်ပေးလိုက်သည်။

“ ဟုတ်တယ်၊ ပန်းချီမှာ ဒီကောင် သိပ်တော်တယ် ”

www.burmeseclassic.com

သက်ဝင်းအောင်က ဝင်ပြော၏။

“ ဒါကြောင့် ဒီကောင် အိမ်က ဆင်းသွားရတာ ”

“ အင်း ကိုယ်လည်း ရိပ်မိပါတယ် ”

ကိုမော်က မယုတ်မလွန် ပြန်ပြောလိုက်သည်။ တစ်ခု သတိထားမိသည်က နိုင်မင်းကော သက်ဝင်းအောင်ပါ မျက်နှာထား အတော်တည်နေကြခြင်း ဖြစ်၏။

“ လင်းဆက်က သိပ်မာနကြီးတယ်၊ ဘယ်သူဆီကမှ အကူအညီ မတောင်းဘူး ”

“ အင်း ဟုတ်တယ် ”

“ ဒီကောင် အိမ်ကဆင်းတော့ ဝန်းကျင်ဟောင်း တစ်ခုလုံးကို စွန့်လွှတ်သွားတယ်၊ ဝန်းကျင်သစ်ထဲကိုပဲ ခြေစုံပစ် ဝင်သွားတယ်၊ ကျွန်တော်တို့လို သူ့ရဲ့ အရင် သူငယ်ချင်း မိတ်ဆွေတွေကိုပါ မေ့ပစ်သွားတယ်၊ အကူအညီလည်း လုံးဝ မတောင်းဘူး၊ ပတ်ဝန်းကျင်သစ်မှာ လူသစ်တွေနဲ့ နေပြီး သူ့ဘဝသစ်ကို သူဖော်လိုက်တယ် ”

“ အင်း ဟုတ်ကဲ့ ”

“ ကျွန်တော်တို့က မနေနိုင်လို့ လိုက်စုံစမ်းတော့ အခု နောက်ဆုံးလေးမှ အစ်ကိုနဲ့အတူ နေမှန်း သိတယ် ”

www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်တယ်၊ သူ့ကို ကိုယ့်အိမ်မှာ ခေါ်ထားလိုက်တယ် ”

“ ဟုတ်ကဲ့ အဲဒီအတွက် အစ်ကို့ကို ကျွန်တော်တို့ လေးလည်း လေးစား ကျေးဇူးလည်း တင်ပါတယ် ”

ကိုမော်က ခေါင်းခါလိုက်သည်။

“ မလိုပါဘူး ကိုယ့်ညီတို့ရဲ့ ရပါတယ် ”

“ ကျွန်တော်တို့ အခု ကိုမော့်ဆီလာတာ နောက်နောင် အဆက်အသွယ် ဖြစ်ချေင်လို့ပါ၊ လင်းဆက်နဲ့ ပတ်သက်တာမှန်ရင် ကျွန်တော်တို့ ဝင်ပြီး တာဝန် ယူပေးနိုင်ပါတယ် ”

“ ဩော် အင်း အခုတော့ လင်းဆက်က ကိုယ့်အိမ်မှာလည်း မရှိဘူး၊ မြို့စွန်က ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ ပန်းချီဆွဲဖို့ သွားစီစဉ်နေတယ်”

“ ဟုတ်လား ”

“ အင်း အရေးကြီးတဲ့ ပန်းချီပြပွဲတစ်ခု ရှိတယ်လေ ”

ထိုနောက် ကိုမော်က ပါရီမှ ကမ္ဘာ့ပန်းချီပြပွဲအကြောင်း၊ ထို့အတွက် ပန်းချီဆရာအားလုံး ကြိုးစားနေကြကြောင်း၊ အထူးသဖြင့် လင်းဆက်သည် တစ်ပေးခံထားရသည့် လူငယ်တစ်ယောက်လည်း ဖြစ်နေကြောင်း၊ ဤကာလ သည် သူ့အတွက် အရေးကြီးသည့် ကာလဖြစ်ကြောင်း ရှင်းပြလိုက်သည်။



www.burmeseclassic.com

ကိုမော့်စကားအဆုံးတွင် နိုင်မင်းနှင့် သက်ဝင်းအောင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။

" အင်း အခုပုံဆိုရင်တော့ လင်းဆက်က အဲဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်ပါ့မလား မသိဘူး "

ကိုမော် မျက်လုံးပြူးသွားရသည်။

" ဘာဖြစ်လို့လဲ "

နိုင်မင်းနှင့် သက်ဝင်းအောင်က မည်သည့်စကားကိုမှ ပြန်မပြောဘဲ တွေတေါကြီး ငြိမ်နေကြသေးသည်။ နောက်မှ သက်ဝင်းအောင်က ကိုမော့်လက်ထဲက သတင်းစာကို ဆွဲယူကာ ...

" ဒါ သူ့အမေရဲ့ နာရေးကြော်ငြာပဲ ကိုမော် "

" ဟင် "

www.burmeseclassic.com

www.burmeseclassic.com


( ၂၈ )

" မေမေ "

ကျယ်လောင်စွာ ဟစ်အော်လိုက်သော်လည်း

ကိုယ့်အသံက တိမ်ဆင်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ငါ မငိုဘူး။

ဒါပေမဲ့

နှလုံးသားမှာ ဘီလူးဝင်ပူးတယ်။

လက်သည်းချွန် သိများတဲ့ မှော်ဆရာက

ငါ့ နှလုံးသားကို

ရင်ဘတ်ကနေ ဆွဲခွာတယ်

နာကျင်ပေမယ့် ငါ မငိုဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com


ငါ့ဘဝရဲ့

လင်းတောက်တဲ့ ရောင်ခြည်တစ်စက်အတွက်

အသက်နဲ့လဲပြီး ရဲရင့်ပြမယ်။

ချစ်သောမေမေ

ငါ့ကို တမလွန်က နိုးထတွေမြင်စေမယ်။


www.burmeseclassic.com

www.burmeseclassic.com


ငါ့ရဲ့ ဝိညာဉ်မှာ

ပန်းနှင်းဆီတွေ အပြာလွင့်ဆုံးပွင့်

ငါ့ရှက်တိုင်ကို အမြင့်မားဆုံး လွှင့်ထူမယ်။

ဟေး ... ပင်လယ်

ဟေး ... လှဲအိပ်နေတဲ့ ပင်လယ်

ခုထစမ်း

သင့်ဆီ ငါလာတယ်။

www.burmeseclassic.com

www.burmeseclassic.com


(၂၉)

ဒီနေ့ မမကို မှာထားသော ပန်းချီပစ္စည်းများရသဖြင့် မိုးစံ ပျော်နေလေသည်။ ထို ပန်းချီပစ္စည်းများကို မမနှင့် အတူပင် မြို့ထဲမှ ငှားယူရခြင်း ဖြစ်၏။ ထိုပစ္စည်းများကို ကြည်ကြည်နူးနူး ကိုင်တွယ်ကြည့်နေသော မိုးစံကို မမက မျက်စောင်းဝင့်ကာ ...

" ကိုယ့်ဘာသာကိုယ် ကိုင်လာနော် "

" အား လေးတယ် မမရဲ့၊ တစ်ယောက်တစ်လှည့်စီ ကိုင်မယ်လေနော်"

" ဟင်း "

" မမက လိမ္မာပါတယ် အဟဲ "

မိုးစံလည်း မမကို ကပ်ချွဲနေလေသည်။ ထိုမှအပြန်တွင် အိမ်သို့ တန်းမသွားရဘဲ မမ မိတ်ဆွေတစ်ယောက်၏ စျာပနကို လိုက်ပို့ရသေး၏။ သင်္ချိုင်းမှ မိုးစံတို့ ပြန်ထွက်မည်အပြု –

" ဟယ် မမရေ ကြည့်စမ်းပါဦး "

" အင်း ဟုတ်ပါရဲ့ "


www.burmeseclassic.com

www.burmeseclassic.com



အလွန်ခမ်းနားသော ရှာပနတစ်ခု ဝင်လာခြင်းဖြစ်သည်။ လိုက်ပါပို့ဆောင်သည့် များပြားလှစွာသော လူကြီးလူငယ်များ ကားကြီးကားငယ်များကြောင့် လမ်းတွေလည်း ရှုပ်ထွေးပြည့်ကျပ်သွား၏။

" ဒေါ်ခင်ခင်ဆက်၊ အသက် (၅၀)နှစ်တဲ့၊ အင်း ခေတ်ပုံအတိုင်းဆိုရင်တော့ ငယ်ငယ်က သိပ်လှမှာပဲ "

မိုးစံ နှုတ်မှ တတွတ်တွတ် လျှောက်ပြောနေလိုက်သည်။ မမကတော့ ငြိမ်သက်စွာ ကြည့်ရှုအကဲခတ်နေ၏။ ရှာပနမှာ လိုက်ပါ ပို့ဆောင်သူများပြားလွန်းလှသလို ခံ့ငြားထည်ဝါလွန်းလှသည်။ အတော်ချမ်းသာသော အသိုင်းအဝိုင်းမှ ဖြစ်ပုံရသည်။ စီးပွားရေးကုမ္ပဏီများမှ ကားများ၊ နိုင်ငံခြားသားများလည်း အစုံအညီ ပါလာကြသည်။ တယောအလက်များစွာကလည်း ဝမ်းနည်းကြေကွဲဖွယ်ရာ တေးသွားတစ်ခုကို တီးခတ်လာသဖြင့် ထိုအမျိုးသမီးကြီး၏ ရှာပနမှာ လွမ်းဆွတ်စရာ ဖြစ်နေတော့၏။

" ဦးအောင်မြင်ရဲ့ မိန်းမလေ "

" ဩော် "

သင်္ချိုင်းတွင်းမှ လူများက တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုနေကြသည်။ ရန်ကုန်မြို့မှ နာမည်ကျော် စီးပွားရေးသမားကြီး ဦးအောင်မြင်ကို လူတိုင်းလိုလို ကြားဖူးကြပါသည်။

" အဲဒါ ဦးအောင်မြင်ပေါ့ "



www.burmeseclassic.com

www.burmeseclassic.com


" ဩော် သူ့မိန်းမကို တော်တော်ချစ်ပုံရတယ်နော် "

မိုးစံက ကြားရသော စကားများအရ ဦးအောင်မြင်ဟူသော အသက်(၅၀)ကျော်ခန့် ပုဂ္ဂိုလ်ကြီးကို လှမ်းကြည့်နေမိလေသည်။ ရုပ်ရည်အားဖြင့်တော့ လေးစားစရာအသွင်ဆောင်သည့် လူရည်သန့်တစ်ဦးပင် ဖြစ်၏။ ဇနီးဖြစ်သူ၏ နောက်ဆုံးခရီးကို ဆွေးမြေ့ငြိမ်သက်စွာ လိုက်ပါပို့ဆောင်ပုံက ဘေးမှ မြင်ရသူများအတွက် ပင့်သက်ရှိုက်စရာပင် ဖြစ်၏။

ထည်ထည်ဝါဝါနှင့် စနစ်တကျ ပြုလုပ်သော ဈာပနဖြစ်၍ အားလုံးက ခေါင်းတညိတ်ညိတ် အသိအမှတ် ပြုမိကြသည်။

" ဦးအောင်မြင်က သူ့မိန်းမရဲ့ နောက်ဆုံးခရီးကို အကောင်းဆုံး လိုက်ပို့တာပဲ "

" ဟုတ်တယ် နောက်လူတစ်ယောက်က ဒီလို ဈာပနမျိုး လိုက်လုပ်ဖို့ မလွယ်ဘူး "

" ဟာ ဘယ်ရမှာလဲ ဦးအောင်မြင်တို့က စွမ်းလွန်း တော်လွန်းလို့ ဒီလောက်ရတာ "

" ဟုတ်တယ်နော် "

ထိုကဲ့သို့ ပြောဆိုနေကြသော လူများကြားတွင် မိုးစံနှင့် မမလည်း ခက်ခဲစွာပင် ကိုယ့်လမ်းကိုယ် သွားနေရသည်။

www.burmeseclassic.com

" ဟယ် ဖြစ်မှ ဖြစ်ရလေ "

" ဘာလဲ "

" ဟိုးက အုတ်ဂူတွေကြားထဲမှာ ရပ်နေတဲ့ ကောင်လေးဟာ ဦးအောင်မြင်ရဲ့ သားပေါ့၊ အခု ဆုံးသွားတဲ့ ဒေါ်ခင်ခင်ဆက်ရဲ့သားပေါ့၊ တစ်ဦးတည်းသောသား "

" ဘယ်မှာလဲ အဲဒီ ကောင်လေးလား၊ အဲဒါ ဘာဖြစ်လို့လဲ "

ဘာရယ်မဟုတ်ဘဲ မိုးစံလည်း အုတ်ဂူတွေကြားကို လိုက်ကြည့်မိ၏။ အုတ်ဂူတွေကြားကို လိုက်ကြည့်မိ၏။ အုတ်ဂူတွေကြားထဲတွင် မတ်တပ်ရပ်ကာ ဈာပနအခမ်းအနားဆီ ငေးကြည့်သော ဂျင်းဝတ်စုံခပ်နွမ်းနွမ်းဖြင့် လူငယ်တစ်ယောက်ကို တွေ့ရ၏။

" ဟင် "

မိုးစံ၏ နှုတ်ဖျားမှ အာမေဋိတ်သံ ထွက်သွားသည်နှင့်အမျှ မိုးစံ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသော မမ၏ လက်ကလည်း တင်းခနဲ ဖြစ်သွားလေသည်။

" အဲဒီကောင်လေးကို ဦးအောင်မြင်က သားအဖြစ်ကနေ စွန့်လွှတ်ထားတာလေ၊ သူ့အမေကတော့ သူ့သားကို သိပ်ချစ်တာ၊ သားအဖနှစ်ယောက်က အဆင်မပြေဘူး၊ အခု သူ့အမေရဲ့ ဈာပနကို သူ လာခွင့်မရဘူး ထင်ပါရဲ့၊ အုတ်ဂူတွေကြားထဲကပဲ ရပ်ကြည့်နေတယ် "



www.burmeseclassic.com

“ ဟယ် သနားပါတယ် ”

လူတွေက ကြွက်စီ ကြွက်စီ ပြောနေကြသည်။ မိုးစံ မမကို လှည့်ကြည့်တော့ မမကလည်း လင်းဆက်ရပ်နေရာသို့ ငေးကြည့်နေလေသည်။

“ မမ ”

မမ၏ မျက်နှာက ဖြည်းညင်းစွာ လှည့်လာ၏။

“ မိုးစံ သူ့ဆီ ခဏ သွားချင်တယ် ”

မိုးစံနှင့် မမ အတော်ကြာ အကြည့်ချင်း ဆုံနေမိကြသည်။ မိုးစံက ထပ်ပြောလိုက်၏။

“ ဒီပစ္စည်းတွေက သူ့အတွက်ပေါ့ ”

“ အင်း ”

မမက နှုတ်ခမ်းလေးကိုက်ပြီး ခေါင်းညိတ်၏။

“ သွားလေ မမ ဒီဘက်နားက စောင့်နေမယ် ”

မိုးစံ ဆေးပစ္စည်းများယူ၍ လင်းဆက်ရှိရာသို့ ထွက်လာခဲ့သည်။ လင်းဆက်အတွက်လည်း ဝမ်းနည်းနေမိသည်။ လင်းဆက်၏ ဘဝကို အရိပ်အမြွက် နားလည်ထားသော်လည်း ဦးအောင်မြင်၏ သားဟုတော့ မထင်ခဲ့မိချေ။



www.burmeseclassic.com

www.burmeseclassic.com


လင်းဆက်အနီးသို့ ရောက်အောင် ကွေ့ပတ်သွားနေရ၏။ လင်းဆက်ကတော့ သူမကို မြင်ပုံမရချေ။ တခြား ဘာကိုမှလည်း သိပုံမရချေ။ သူ့အမေ၏ ရုပ်ကလပ်ရှိရာသို့သာ ငေးကြည့်နေသည်။

မိုးစံက အနား တိုးကပ်သွားလိုက်သည်။

" ကိုဆက် "

" ဟင် "

လင်းဆက် လှည့်ကြည့်၏။ မိုးစံ၏ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။ လင်းဆက်၏ မျက်နှာက သိသိသာသာ ချောင်ကျသွားသည်။ မျက်နှာအနေအထားကလည်း အလွန် တည်ငြိမ်ရင့်ကျက်သည်။ ဝမ်းနည်းကြေကွဲမှုကို တည်ငြိမ်စွာ မျိုသိပ်ထားရသူ တစ်ယောက်၏ ရင့်ကျက်မှုမျိုးဖြစ်၏။

" ကိုဆက်ရယ် "

မိုးစံ ဘာပြောရမည်မှန်း မသိတော့ချေ။

လင်ဆက်၏ ပခုံးမှာ သူ့နဖူးလေးကို ထိကပ်ထားလိုက်၏။ လင်းဆက်၏ လက်ကို တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်ထားလိုက်၏။ လင်းဆက်နှင့်အတူ ပန်းရနံ့တို့ ထည်ဝါမွှေးပျံ့နေသော ဈာပန အခမ်းအနားကို ငေးကြည့်ရင်း ရင်ထဲမှာလည်း တလှပ်လှပ် ဖြစ်နေမိသည်။ ကိုဆက်ကို သနားလိုက်တာ ကိုဆက်ရယ်။ ဖြစ်နိုင်မယ်ဆိုရင် ကိုဆက်ရဲ့ သောက ခံစားချက်ကို မိုးစံ မျှဝေပြီးတောင် ခံစားချက်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


ခဏကြာသော် မိုးစံက လင်းဆက်ကို လှုပ်၍ ခေါ်လိုက်၏။

" ကိုဆက် "

လင်းဆက်က မိုးစံကို ငုံ့ကြည့်သည်။

" ဟင် "

" ကိုဆက် ပန်းချီဆွဲဖြစ်ပါဦးမှာလား "

လင်းဆက်က နက်ရှိုင်းစွာ ပြုံး၏။

" ဆွဲမှာပေါ့ မိုးစံရဲ့ "

" ဒါဖြင့် ဒီမှာ "

မိုးစံက အိတ်ထဲမှ ပန်းချီပစ္စည်းများကို ပြလိုက်၏။ လင်းဆက်၏ မျက်လုံးများက ဝင်းခနဲ တောက်သွားပြီး မျက်နှာက ပို၍ ငြိမ်သက်သွား၏။ ထို့နောက်မှ ခေါင်းတစ်ချက်ညိတ်ပြီး ဈာပန အခမ်းအနားဘက်သို့ လှည့်ကြည့်၏။ ထို့နောက် မိုးစံလက်ကို ပြန်ဖျစ်ညှစ်ကာ ပစ္စည်းအိတ်ကို မ, ယူလေသည်။

" ကဲ ဒါဖြင့် ကိုယ် သွားမယ်၊ မိုးစံလေး မလိုက်ခဲ့နဲ့တော့ "


www.burmeseclassic.com

www.burmeseclassic.com


ပြောပြီးသည်နှင့် လင်းဆက်က ချာခနဲ လှည့်ထွက်သွားသည်။ အုတ်ဂူကြိုကြားတို့၌ ကွေ့ပတ်လျှောက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။ မိုးစံ ဆို့ဆို့နင့်နင့်ကြီး ခံစားရင်း ကျန်ရစ်ခဲ့သည်။

" ညီမလေး "

မိုးစံ၏ ပခုံးပေါ်သို့ မမ၏ နူးညံ့သော လက်ကလေးတစ်ဖက် ကျလာသည်။ မိုးစံ လှည့်ကြည့်တော့ မမကလည်း စိတ်မကောင်းသော အသွင်မူရာ ရှိလေသည်။

" မမ "

" ဟင် ညီမလေး "

' ကိုဆက် သနားပါတယ် ' မမက ခေါင်းညိတ်ပြ၏။

" သွားကြစို့ ညီမလေးရယ်၊ ပြန်မယ် "

အပြန်လမ်းမှာ ကျီးကန်းတွေ အာနေကြသည်။


www.burmeseclassic.com

www.burmeseclassic.com


(၃၀)

အပြင်ဖက်မှာ နှင်းတွေ ကျနေတုန်းပဲလား။ နွေရာသီ ရောက်ပြီလား။ ဆောင်းနှင်းရာသီထဲမှာပဲလား။ အခုကကော နေ့လား ညလား ကိုယ် ဘာကိုမှ မသိတော့ဘူးကွယ်။

ကိုယ့်ရင်ထဲမှာ မောပြီး ကိုယ် အသက်ရှူရတာ ကြပ်နေတယ်။ မျက်လုံးတွေကလည်း ကျိန်းစပ်နေပြီး ဘာကိုမှ ကြာကြာ မကြည့်နိုင်ဘူး။ မျက်ရည်ပူတွေ ကျ ကျနေတယ်။ ချောင်းဆိုးရင် ရင်ခေါင်းတစ်ခုလုံး ဗြောင်းဆန် နာကျင်သွားတယ်။ ကိုယ့်အသားကို ကိုယ် ပြန်ကိုင်ကြည့်တော့ မထိမိသလို ထိမိသလို ထုံထိုင်းနေတယ်။

ကိုယ် အသက်ကို မျှင်းပြီး ရှူရှိုက်လိုက်တယ်။ မျက်လုံးကို ဖြည်းဖြည်းညင်းညင်းဖွင့်၊ ရှေ့တူရူကိုကြည့်၊ ပြင်းထန်တဲ့ စိတ်ဓာတ်နဲ့ အားယူ စိုက်ကြည့်၊ တရွေ့ရွေ့ ကြည်လင်ပြတ်သား ခန္ဓာကိုယ်ထဲမှာ သွေးများဟာ ပူနွေးစွာ လှည့်ပတ် စီးဆင်းလာတယ်။

" ဒီနေရာလေး မွေးမှိန်နေတယ် "

ပန်းချီကားကို ကြည့်ပြီး တစ်ယောက်တည်း စကားပြောနေမိတယ်။ ပန်းချီကားက တစ်ပိုင်းတစ်စပါပဲ။ ပြီးဖို့ အဝေးကြီး လိုသေးတယ်။ ကိုယ် ဒီပန်းချီကားကိုဆွဲတာ နေ့တွေ ညတွေတောင် ကြာလာခဲ့ပြီ။


www.burmeseclassic.com

ကိုယ် စုတ်တံကို ပြန်ချလိုက်တယ်။ ကြမ်းပြင်ပေါ်မှာ လှဲပြီး၊ ပန်းချီထဲကို အာရုံနှစ် ခံစားနေလိုက်တယ်။ အပျော့၊ အမာ၊ မျဉ်းနဲ့ အရောင်၊ စိတ်ထဲမှာ ကြယ်တစ်ပွင့် ပွင့်သွားတယ်။

ခြောက်ကပ်ကပ်နဲ့ ရယ်ပြီး ကိုယ် လှဲနေရာက ထလိုက်တယ်။ ပန်းချီနဲ့ ပတ်သက်တဲ့ အတွေးအခေါ်လေးတစ်ခု တွေးမိတယ်။ ကိုယ် တံခါးကို တွန်းဖွင့်ပြီး အိမ်ကလေးရဲ့ အပြင်ကို ပြေးထွက်လာခဲ့တယ်။

ဒီပန်းချီကားကြီးကို ဆွဲရာမှာ ကိုယ့်စိတ်ဝိညာဉ်တစ်ခုလုံးကို သွန်မှောက်ဖျော်စပ်ပြီး ဆွဲနေခဲ့တယ်။ ပန်းချီနဲ့ ပတ်သက်ပြီး ဘယ်သူမှ မတွေ့ရှိသေးတဲ့ ထူးခြားဆန်းပြားတဲ့ အယူအဆသစ်ကလေးတွေကိုလည်း တစ်ခုပြီး တစ်ခု ရှာတွေ့နေတယ်။

ကိုယ် ပြေးနေရင်း မောလာတယ်။ ဒါပေမဲ့ ကိုယ် ရောက်ချင်တဲ့ တောစပ်ကို ရောက်လာပြီ။ အခု နေ့ခင်းကြီးပါလား။ ကိုယ် မူးရီနေလို့ သစ်ပင်တစ်ပင်ကို မှီပြီး အတော်ကြာအောင် မှေးနေရသေးတယ်။ နောက်တော့မှ တောထဲကို တဖြည်းဖြည်း လျှောက်ဝင်လာခဲ့တယ်။

တစ်နေရာကျတော့ ကိုယ် ရပ်လိုက်တယ်။ လေက ညက်ညက်ကလေး တိုက်နေတယ်။ ကောင်းတယ်။ ကိုယ် ခေါင်းညိတ်လိုက်တယ်။ ရုပ်ဒြပ်တွေရဲ့ လှုပ်ရှားတုန်ခါမှုကို ကိုယ် ကြည့်ချင်သေးတယ်။ နောက်ပြီး အလင်းရောင်၊ အလင်းရောင်ကို ကိုယ် ခံစားကြည့်ချင်သေးတယ်။ ကိုယ့်ကိုကိုယ် အလင်းရောင်တွေနဲ့ လိမ်းပြီးမှ တဲကလေးထဲကို စိမ်းစိမ်းလန်းလန်း ပြန်မယ်။ ကိုယ် ပြုံးမိတယ် ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ် တောထဲမှာ အတော်ကြာကြာ နေလိုက်တယ်။

တဲကလေးကို ကိုယ်ပြန်ရောက်တော့ ထမင်းချိုင့် ရောက်နေပြီ။ ကိုသိန်း လာပို့သွားပြီပဲ။ အရင်နေ့တွေက စားဖို့ မေ့နေတဲ့ ထမင်းဟင်းတွေကို လည်း သူပဲ ပြန်သိမ်းသွားပြီ။ ကိုယ် ထမင်းချိုင့်ကို ဖွင့်ပြီး တစ်ဇွန်း စားလိုက်တယ်။ နောက်တစ်ဇွန်း အမြောက်မှာပဲ မစားရသေးခင် ကိုယ့်လက်တွေ ရပ်တန့်သွားတယ်။ မျက်လုံးတွေက ပန်းချီကားဆီကို ရောက်ပြီး ကိုယ် စဉ်းစား နေတယ်။

နောက်တော့ ဇွန်းကို ပြန်ချ၊ ပန်းချီကားဆီသွားပြီး စုတ်တံကို ပြန်ကိုင်နေလိုက်တယ်။ နောက် ကိုယ့် ပန်းချီကားကို ဆက်ဆွဲနေတယ်။ စိတ်ထဲမှာ ဘာကိုမှ မသိတော့ဘူး။

တစ်လောကလုံး မှုန်မှိုင်းပြီး လှိုင်းတွေက တလိပ်လိပ် ထန်နေတယ်။ ကြယ်တွေက လွတ်လပ်စွာ ပျံနေတယ်။ ပန်းတွေကလည်း ပွင့်ပြီးရင်း ပွင့်လို့။ ဟော စကြာဝဠာထဲမှာ မျောလာတဲ့ အားတစ်ခု၊ နအိသစ်ရှိုင်းပြီး လှလိုက်တာ။ မြေပြင်က ရေပြင်ကြီးလို ပျောင်းအိ ပျော့တွဲကျ။ ကိုယ် တငြိမ့်ငြိမ့်နဲ့ နစ်မြုပ်သွားတယ်။

လေတွေက ပန်းချီကားထဲကို ဝင်တိုက်နေကြတယ်။ ပန်းချီဆွဲနေတဲ့ ကိုယ့်လက်တောင် လေစီးထဲ ပါ ပါသွားတယ်။ ပန်းချီကားပေါ်မှာ ကိုယ်ဆွဲချတဲ့ မျဉ်းကြောင်းကလေးက မြေအက်ကွဲကြောင်းကြီးဖြစ်လို့ ကိုယ့်လက်တွဲ မျိုချပြန်လေရော၊ ကိုယ် မောလိုက်တာ။

www.burmeseclassic.com

ကိုယ် မက်ခဲ့တဲ့ အိပ်မက်တွေက သံပြိုင် ဥသြဆွဲကြပြီ။ သူတို့တွေ အိပ်သွားပြီ။ သူတို့တွေ အိပ်ပျော်သွားပြီ။ အိပ်ပျော်နေတဲ့ အိပ်မက်တွေက ကိုယ့်ကို ပြန်လည် မြင်မက်ကြပြီ။

“ လင်းဆက် လင်းဆက် ”

ကိုယ့်ကို အော်ခေါ်နေကြတယ်။ မေမေ့ကို ပြန်ရှာတွေ့ပြီတဲ့။ ကိုယ် ဝမ်းသာလိုက်တာ ရင်ထဲမှာ သိမ့်သိမ့်ကို ခါလို့။

လာပြီ လာပြီ ကိုယ်ပြေးလိုက်သွား။

“ လင်းဆက် လင်းဆက် ”

ကိုယ့်မျက်စိထဲမှာ အလင်းအမှုန်တွေ ဖွားခနဲ ဖြစ်သွား။

“ လင်းဆက် လင်းဆက် ”

“ ဟင် ”

ကိုယ့်ကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်နေတဲ့ ကိုသိန်းရဲ့ လက်ချောင်းတွေ အောက်မှာ ကိုယ် ပြန်သတိဝင်လာတယ်။

“ ကိုသိန်းလား ”

“ အေး ငါ ဘာမှ မဖြစ်ဘူး၊ မင်း ဖျားနေတာ ”

www.burmeseclassic.com

www.burmeseclassic.com


" ဟုတ်လား "

" မင်း အခု နေရထိုင်ရ ဘယ်လိုရှိသလဲ "

" မသိဘူး "

" ဒုက္ခပါပဲ၊ စောစောက မင်း သတိလစ်နေတယ်၊ တစ်ကိုယ်လုံးလဲ ခြစ်ခြစ်တောက် ပူနေတယ်၊ အဲဒါ "

" နေစမ်း နေစမ်းပါဦး၊ ပန်းချီကားရော "

" ဒီမှာ ရှိတယ်လေ၊ မင်း ပန်းချီကားက ဘယ်ရောက် ရမှာလဲ "

ကိုယ် လှူးလဲ ထလိုက်တယ်။

" ပန်းချီ ပန်းချီ ဆွဲမယ် "

ကိုသိန်း လက်ထဲမှာ ထမင်းချိုင့်နဲ့။ မစားရသေးတဲ့ အရင် ထမင်းချိုင့် ကိုကြည့်ပြီး ကိုသိန်းက ခေါင်းခါတယ်။

" ထမင်းစားစမ်းပါကွာ၊ ဟာ နေဦး၊ ဖျားနေတော့ စားလို့မဖြစ်ပြန်ဘူး၊ ငါ ဆန်ပြုတ်နဲ့ ဆေး ယူလာခဲ့မယ် "

" ဆေး ဆေးက ဘာလုပ်ဖို့လဲ၊ ကျွန်တော် မသေပါဘူးဗျ "

www.burmeseclassic.com

www.burmeseclassic.com


မောမောဟိုက်ဟိုက်နဲ့ ကိုယ် ပြန်ပြောနေမိတယ်။ ဒယိမ်းဒယိုင်နဲ့ လျှောက်သွားပြီး ကိုယ် ပန်းချီကား ရှေ့မှာ ရပ်လိုက်တယ်။ တဟားဟားနဲ့ ပန်းချီကားကို ဝမ်းသာအားရ ကြည့်လိုက်ပြီး စုတ်တံကို ကောက်ကိုင်လိုက်တယ်။

ပြီး ပန်းချီကားပေါ်မှာ စုတ်တံကို တစ်ချက်ချင်းဆွဲချ ၊တစ်လောကလုံး တဖြည်းဖြည်း ပြန်ငြိမ်သွားတယ်။ ကိုယ် ဘာမှ မသိတော့ပြန်ဘူး။


www.burmeseclassic.com

www.burmeseclassic.com


(၃၁)

"အေးဟာ ငါလည်း ဘာမှကို မသိလိုက်ဘူး "

ကိုမော်က ခပ်ငြီးငြီး ပြောသည်။ မျက်မှန်ကိုမ၍ မျက်နှာကို ပဝါနှင့် သုပ်ရင်း ဆက်ပြောလိုက်သည်။

" ငါလည်း လိုက်တော့ စုံစမ်းနေတာပဲ "

မျက်မှန်ကိုပြန်တပ်လိုက်တယ်။ ထိုနောက် ယဉ်ဝေ့ကို ကြည့်ကာ ...

" အခုဆိုရင် သူနဲ့နောက်ဆုံး တွေ့လိုက်ရတာ ဗားဂျင်းကလေးပဲ ရှိတာပဲ "

ယဉ်ဝေက သဘောမပေါက်ချေ။

" ဘယ်က ဗားဂျင်းလဲ "

ကိုမော်က ငြိမ်သက်စွာထိုင်နေသော မိုးစံကို မေးငေါ့ပြ လိုက်၏။ မိုးစံ လင်းဆက်ကိုပို၍ သတိရစရာ ဖြစ်သွား၏။ လင်းဆက် သူ့ကို ပေးခဲ့သော ရုပ်ပုံကလေး အမည်က *ဗားဂျင်း* ဟူ၍ကိုး။ မိုးစံ သက်ပြင်း တစ်ချက်ချပြီး လင်းဆက်ကို စိတ်ပူနေမိသည်။

လွမ်းတယ် ကိုဆက်ရယ် ...

www.burmeseclassic.com

www.burmeseclassic.com


“ ဟိုးတစ်နေ့က သူ့သူငယ်ချင်း ကောင်လေးတွေ လာမေးတယ်၊ အဲဒီတော့တောင် ပြောလိုက်သေးတယ်၊ ကိုယ့်အိမ်မှာမရှိဘူး၊ ကိုယ့်မိတ်ဆွေတစ်ယောက် အိမ်မှာလို့၊ ဟော နာရေးကြော်ငြာ ဖတ်လိုက်ရလို့ စိုးရိမ်ပြီး လိုက်သွားတော့ ခုပဲ ထွက်သွားတယ်တဲ့၊ နောက် ဘယ်မှာမှ ရှာမရတော့ဘူး ”

ကိုမော် နှုတ်ခမ်းကိုတစ်ချက် တင်းတင်းစေ့ပြီး စဉ်းစားနေမိသည်။ ထိုနောက်မှ ...

“ ဗားဂျင်းကလေး ”

“ ရှင် ”

မိုးစံ ခပ်တိုးတိုးကလေး ထူးသည်။ သောက အရိပ်အယောင်များ ခပ်ပါးပါး လွှမ်းခြုံနေသည့် မိုးစံ၏ မျက်နှာ လှလှလေးကို ကြည့်ကာ စိတ်မကောင်း ဖြစ်မိပြန်သည်။ လင်းဆက်အတွက်လည်း တစ်ဖက်က စိတ်ချမ်းသာမိ၏။ မိုးစံက လင်းဆက်ကို တော်တော်ချစ်ပုံရသည်။

“ သူ ညီမလေးကိုတော့ ပန်းချီ ဆွဲမယ်လို့ ပြောသွားတယ်နော် ”

“ ဟုတ်ကဲ့၊ ပစ္စည်းတွေလည်း ယူသွားတာပဲလေ ”

“ အေး ဟုတ်ပါပြီ ”

www.burmeseclassic.com

www.burmeseclassic.com


မိုးစံက သူ့လက်သည်းလေးများကို သူပြန်ကြည့်နေမိသည်။ အတန်ကြာမှ မျက်တောင်ကော့ကြီးများကို တစ်ချက် နှစ်ချက် ဝင့်ကာ...

“ သူ တစ်နေရာမှာ ပန်းချီဆွဲမယ်လို့တော့ ထင်တာပဲ၊ ဒါပေမဲ့ သူက သိပ်ခံစားနေရတော့ ... ”

ယဉ်ဝေကလည်း ဝင်ပြောသည်။

“ ယဉ်ဝေကလည်း အဲဒီလိုပဲ ထင်မိတယ် ကိုမော်၊ ပန်းချီ ပြပွဲ ရက်ကလည်း အတော်နီးနေပြီ၊ ကံမကောင်း ရင်လည်း လွဲချော် သွားနိုင်တယ်၊ နောက်ပြီး ယဉ်ဝေ စိုးရိမ်မိတာက ကျန်းမာရေးပါ ချွတ်ယွင်းပြီး တစ်ခုခု ဖြစ်သွား မှာကိုပဲ ”

ကိုမော် ဆေးပေါ့လိပ်ကို မဲဖွာနေမိသည်။ သူလည်း နီးစပ်၍ လက်လှမ်းမှီသမျှ နေရာများသို့ လိုက်လံ စုံစမ်းပြီးပြီ ဖြစ်သည်။ မည်သည့် နေရာတွင်မှမရှိ။ လိုက်ရှာလို့မရသည့်အဆုံး သူ့ဘာသာ ပြန်လာတာကိုပဲ စောင့်ရမလို ဖြစ်နေသည်။ ကိုမော် မီးခိုးငွေ့များကို တွင်တွင် မှုတ်ထုတ် နေမိသည်။ ထိုနောက်မှ ..

“ ဗားဂျင်းကလေး ”

“ ရှင် ”

“ ကိုယ့်ကို အစ်ကိုကြီး တစ်ယောက်လို၊ လူရင်းတစ်ယောက်လို သဘောထား ”


www.burmeseclassic.com

www.burmeseclassic.com


" ဟုတ်ကဲ့ "

" ယဉ်ဝေကလည်း ညီမလေးနဲ့ နှစ်ကိုယ့်တစ်စိတ်လို နေတာပဲ၊ အဲဒီတော့ကာ ... "

" ဟုတ်ကဲ့ ပြောပါ "

မိုးစံနှင့် ယဉ်ဝေက ကိုမော့်ကို စိုက်ကြည့်နေမိသည်။

" ကိုယ်တစ်ခု မေးချင်လို့၊ အဲဒါ ညီမလေး "

" ရပါတယ် မေးပါ "

" လင်းဆက်က ညီမလေးကို တော်တော်ချစ်သလား "

မိုးစံ ခေါင်းငုံ့သွားသည်။ ယဉ်ဝေက နံဘေးမှနေ၍ ကိုမော်နှင့် မိုးစံကို အကဲခတ်နေသည်။ ကိုမော်က ဆက်ပြောလိုက်သည်။

" အကြောင်းတစ်ခုကို စဉ်းစားမိလို့ မေးတာပါ "

မိုးစံ၏ ဦးခေါင်းက ပိုငုံ့သွားသည်။ ထိုစဉ် ယဉ်ဝေက နံဘေးမှ ဝင်ဖြေသည်။

" ချစ်တယ်၊ ကိုလင်းဆက်က မိုးစံကို တော်တော်လေး ချစ်တယ် "


www.burmeseclassic.com

www.burmeseclassic.com


မိုးစံက ယဉ်ဝေ့ကို မျက်လုံးဝင့်ကြည့်၏။ ယဉ်ဝေက မိုးစံကို ပြန်ကြည့်ရင်း ကိုမော်ကို ဆက်ပြော၏။ သူ့လေသံက တည်ကြည်နေသည်။

“ ကိုလင်းဆက်ကလည်း မိုးစံကို တော်တော်ချစ်တယ်၊ မိုးစံကလည်း အဲဒီ့အတိုင်းပဲ ”

ကိုမော်က ‘အဲဒါဆိုရင်တော့ အခြေအနေ ကောင်းပါတယ်’ဟု ပြောလိုက်၏။ ပြီးမှ ...

“ လင်းဆက်က တကယ့် အနုပညာသမားလေ၊ သာမန်လူတွေနဲ့ မတူတာ အများကြီးပဲ၊ ပန်းချီကလွဲရင် ဘာကိုမှ ဂရုစိုက်တာ မဟုတ်ဘူး၊ အရင်က သူခင်တွယ်စရာ ဆိုလို့ တစ်လောကလုံးမှာ သူ့အမေ တစ်ယောက်ပဲ ရှိတယ်၊ အဲဒါကြောင့် သူ့အမေ ဆုံးသွားတဲ့အခါ စိုးရိမ်စရာ ဖြစ်လာတယ်၊ ပန်းချီပဲ ဆွဲရင်း သေရင်လည်း သေသွားနိုင်တယ်၊ အခု သူချစ်တဲ့ မိန်းကလေး တစ်ယောက်ရှိနေသေးတော့ သူပြန်လာမှာပါ၊ အနုပညာသမားတွေက ချစ်သူကို တန်ဖိုးကြီးကြီးထားပြီး ချစ်တတ်ပါတယ်၊ ချစ်သူနေရာမှာ တခြားအရာကို အစားထိုး ပစ်ဖို့ သိပ်ခက်ပါတယ် ”

ကိုမော် စကားအဆုံးမှာ ငြိမ်သက်သွားကြ၏။ လှိုက်မောဆွေးမြေ့စွာ မိုးစံ ရင်ခုန်နေလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုသောညမှာ နှင်းပြာအုပ်မိုး

အိပ်မက်မိုးမျှင် သခင်ဖြစ်၏


www.burmeseclassic.com

www.burmeseclassic.com


ကြယ်စက်ညတွေ ပန်ရင်းကြွေသက်

မျက်ရည်ဝိုးဝင်း အိပ်မက်လင်းပြာ

ငါ နမ်းမွေးရှိုက် ရင်ကိုစိုက်၏။

ငါ ... ချစ်မိသည်

ငါ ချစ်မိသည်

ယုံကြည်ကြေကွဲ စိုတွဲကိုင်းညွတ်

ပွင့်ဦးဆွတ်ပျံ့ စံပယ်နံ့အေး

အဝေးစကား နှုတ်ဖျားထုံကျဉ်

သခင် ... သိပါ။


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ဖြင့်

ငါနှင့်ကြယ်တို့ ညမြို့ရိုးထက်

သွေးပျက်သီချင်း ဆိုညင်းဖွဲ့ဝေ

ကြွေခဲ့ကြသည်။

သြော် ထိုသို့ဖြင့်

ငါနှင့်သခင် ရာဇဝင်ပန်း

လွမ်းမှိုင်းဝေရီ ရွှေလက်ဖဝါး

ပါးပြင်ထိအနပ် ခုံမင်တတ်လည်း

ရေးမှတ်မိရုံ ဝတ်မှုန်မြေဆွေး

ဝေးသွားခဲ့လျှင် .......

ဝေးသွားခဲ့လျှင် ...

(ကြယ်ကြွေလသာ)

www.burmeseclassic.com

www.burmeseclassic.com


(၃၂)

" ဟော့လူ ကိုလင်းဆက်အကြောင်း ဘာကြားသေးလဲ "

ညိုလူက အေးမြင့်ကျော်၏ ပခုံးကို ကိုင်လှုပ်ပြီး မေးလိုက်၏။ အေးမြင့်ကျော်က ခေါင်းခါပြလိုက်သည်။

" ဘာမှ မကြားဘူး၊ ကျုပ်က ခင်ဗျားကို မေးမလို့ "

သူတို့နှစ်ယောက် ပန်းဆိုးတန်းဖက်သို့ လမ်းလျှောက်ရင်း စကားပြောလာကြခြင်း ဖြစ်သည်။ အေးမြင့်ကျော်က ညိုလူ့ကို ...

" ခင်ဗျားကော ပန်းချီကား အဆင်သင့်ဖြစ်ပြီလား "

ညိုလူက စဉ်စားနေသေး၏။ အတန်ကြာမှ ခေါင်းညိတ်သည်။

" အင်း ပြီးတော့ ပြီးပါပြီဗျာ "

" ခင်ဗျား ဖြေပုံကြီးကလဲ "

" အေးလေ ဆွဲတော့ပြီးပြီ၊ ကိုယ့်ပန်းချီကား ကိုယ်အားမရပဲ "


www.burmeseclassic.com

www.burmeseclassic.com


“ သြော် ခင်ဗျားကလဲ ”

ညိုလူက ပခုံးတွန့်ပြ၏။

“ တကယ်ဗျို့၊ တကယ်ပြောနေတာ၊ ပြပွဲတောင် မတင်တော့ဘူးလို့ စိတ်ကူးနေတာ ”

အေးမြင့်ကျော်က ညိုလူကို ကန့်ကွက်ရန် နှုတ်ခမ်းပြင်ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် စကားလမ်းကြောင်း ပြောင်းသွား၏။

“ တစ်ယောက်ကို တစ်ကားပဲ တင်ကြရတယ်နော် ”

“ အင်း ”

“ အေးလေ ဒါမှလဲ ဖြစ်မှာပဲ ”

လမ်းဖြတ်အကူးမှာ စကားစ ပြတ်သွားကြသည်။ ထို့နောက် ညိုလူက ဆက်ပြော၏။

“ ကိုးဝါရဲ့ ကြယ်ပြောင်းပြြန် လပြောင်းပြန် ဆိုတဲ့ ပန်းချီကား သိပ်ကောင်းတယ် ”

“ အင်း ကြားတယ်”


www.burmeseclassic.com

www.burmeseclassic.com


“ စစ်ဝေးရဲ့ လည်ပြန် လှည့်ကြည့်သောသူများ ဆိုတဲ့ ကားလည်း သိပ်ကောင်းတယ် ”

“ ဟုတ်လား ”

“ ဩော် နောက်ပြီး အံ့ခေါင် အံ့ခေါင် ”

“ အင်း အံ့ခေါင်ကကော ဘယ်လိုလဲ ”

“ ကောင်းတယ်ဗျာ၊ သိပ်ကောင်းတယ် ”

“ ဩော် ”

“ အံ့ခေါင်ရဲ့ အာလာဒင်မသိလိုက်တဲ့မီးခွက် ဆိုတဲ့ ပန်းချီကား တအားကောင်းတယ်ဗျာ ”

ထိုစဉ် လမ်းဘေး လက်ဖက်ရည်ဆိုင်လေးထဲမှ သူတို့ကို လှမ်းခေါ် သံ ကြား၏။ လှည့်ကြည့်ရာ ပန်းချီဆရာ အုပ်စုတစ်စုကို တွေ့သည်။

“ ဟာ ဆရာခက် ”

ပန်းချီဆရာကြီးတစ်ဦးဖြစ်သူ ဆရာခက်လည်း ကြုံတောင့်ကြုံခဲ ထိုင်နေသည်။ လက်ဖက်ရည်စားပွဲမှာ သူတို့ နှစ်ယောက် ဝင်ထိုင် လိုက်ကြ၏။ အေးမြင့်ကျော်ကို ‘ကဗျာဆရာလည်း ပါလာတာကိုး’ဟု ဝိုင်းနှုတ်ဆက်ကြသည်။ အေးမြင့်ကျော်က ကဗျာဆရာ ဖြစ်သော်လည်း ပန်းချီဆရာများနှင့် အတွဲများလေသည်။

www.burmeseclassic.com

www.burmeseclassic.com


" ဘယ်လိုလဲဗျ ဘာသတင်းတွေ ကြားသေးလဲ "

" နန်းနွယ်ရဲ့ ပန်းချီကားလေးကို သဘောကျသဗျာ "

" ဟုတ်လား၊ ဒီကောင်နဲ့တောင် မတွေ့တာ ကြာလှပြီ၊ ပန်းချီကား နာမည်က ဘာတဲ့လဲ "

" ပေးမှယူမယ် တဲ့ "

" နာမည်လေးက ချစ်စရာလေး "

" ပန်းချီကားလည်း ကောင်းတယ်၊ တကယ် "

အေးမြင့်ကျော်က ဝင်ညည်းလိုက်သည်။

" အေးဗျာ ကြားနေရတာက ကျွန်တော့် သူငယ်ချင်းကို သတိရလိုက်တာ "

" ကိုလင်းဆက်ကိုလား "

" အင်း ဒီဘက်မှာ ကျန်တဲ့လူတွေက တက်ညီလက်ညီ အားရဖို့ ကောင်းတယ်၊ ကျွန်တော့် သူငယ်ချင်းကတော့ ဘယ်သောင် ဘယ်ကမ်း ဆိုက်နေပြီလဲ မသိဘူး၊ သူ့ ပန်းချီကား မတင်ဖြစ်လိုက်ရင်တော့ သိပ်နာတာပဲဗျာ "

www.burmeseclassic.com

www.burmeseclassic.com


ထိုအခိုက် ဆရာခက်က ဝင်ပြောသည်။

“ အေးကွ ဟုတ်တယ်၊ ကိုလင်းဆက်ကလေး အခြေအနေ ... ”

အားလုံးက တပြိုင်နက် ပြန်ဖြေလိုက်၏။

“ ဘာမှမသိဘူးဆရာ၊ သတင်းပျောက်နေတယ် ”

“ ကွာ ဒီကောင်လေး ဝင်နွှဲရမယ့်ပွဲကွ၊ ဒီကောင့် ပါရမီက နည်းနည်းနောနော မဟုတ်ပါဘူး ”

“ သူလည်း ဆွဲတော့ ဆွဲမယ် ထင်ပါရဲ့ ”

“ မဆွဲဖြစ်ဘူး ထင်တယ်၊ သူ့အမေ နာရေးကိစ္စနဲ့ ”

တစ်ယောက်တစ်ပေါက် ဝင်ပြောဖြစ်၏။ ထိုစဉ်...

“ ဘယ်သူလဲ လင်းဆက်လား ”

အသံနှင့်အတူ လူရောက်လာ၏။ မော့ကြည့်သောအခါ ရဲဝေကို တွေ့ရသည်။ သူထိုင်ရန် ခုံဆွဲပေးလိုက်ကြပြီး ...

“ အေး၊ လင်းဆက်အကြောင်း ပြောနေတာ ”

“ ဆွဲဖြစ်တယ်၊ ဆွဲဖြစ်တယ်၊ ဆေးတွေ စုတ်တံတွေ ယူပြီး ဆွဲမယ်ဆိုပြီး ထွက်သွားတာ ”

www.burmeseclassic.com

www.burmeseclassic.com


" ဟေ ဒါဖြင့် ဘယ်မှာလဲ "

" အဲဒါတော့ မသိဘူး၊ လူရော ပန်းချီကားရော ပျောက်နေတယ် "

ဆရာခက် ထိုင်ရာမှ ခုန်ထမိမတတ် ဖြစ်သွားသည်။

" ဟ ဟ ဒါဆိုရင်တော့ ရှာကြပါကွ၊ ဝိုင်းရှာကြပါကွ "

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ ပန်းချီပြပွဲက ငါးရက်သာ လိုတော့သည်။ အားလုံး ခေါင်းညိတ်မိကြ၏။

ဟုတ်သည်။ ဆွဲသည်ဆိုလျှင် ရှာရတော့မည်။


www.burmeseclassic.com

www.burmeseclassic.com


(၃၃)

" ဟင် "

တဲထဲသို့ဝင်လျှင် ဝင်ချင်း ကိုသိန်း လန့်သွားသည်။

" လင်းဆက် "

တဲလယ် မြေပြင်ပေါ်မှာ ပန်းချီကား တစ်ချပ်ကို ထောင်ထားပြီး ပန်းချီကား နဘေးမှာ လင်းဆက် လဲခွေကျနေ၏။ လုံးဝ မလှုပ်ချေ။

" လင်းဆက် "

ကိုသိန်း လင်းဆက်အနားသို့ ကဗျာကရာ ချည်းကပ်သွားလိုက်၏။ တဲတစ်ခုလုံးကိုလည်း ခြုံငုံ အကဲခတ် လိုက်သေးသည်။ မျက်လုံးက ပန်းချီကားကြီးဆီသို့ ရောက်သွားသည်။

" အိုး "

လင်းဆက်ဆီ ဆက်မသွားဖြစ်တော့ဘဲ ငေးကြောင် ရပ်တန့်ကာ ပ်းချီကားကြီးဆီ ကြည့်နေမိတော့သည်။ ပန်းချီကားကြီးက သူ့ကို ညို့ယူဖမ်းစားနေသည်။ သူသည် ပန်းချီအနုပညာကို အလျဉ်း နားလည်သူ မဟုတ်။ သို့သော် ပန်းချီကားကြီးက သူ့စိတ်ကို တုန်ရင် ချောက်မော

www.burmeseclassic.com

www.burmeseclassic.com


သွားစေသည်။ သူ ငေးကြည့်မျောပါနေပြီး အတော်ကြာတော့မှ လင်းဆက်ကို ပြန်သတိရသည်။

" လင်းဆက် "

ကိုင်လှုပ်နေလိုက်၏။ အသက်ရှူသော်လည်း သတိလည်မလာချေ။

" လင်းဆက် "

မရသည့်အဆုံး လင်းဆက်ကို သူထမ်းလိုက်။ လင်းဆက်၏ ခန္ဓာကိုယ်က သူ့ပခုံးပေါ်မှာ ပျော့ခွေစွာ ပါလာ၏။ တဲတံခါးမှ ထွက်မည်ပြုပြီးမှ ပန်းချီကားကြီးဆီ တစ်ခါပြန်လှည့် ကြည့်မိသည်။

" ဘုရား ဘုရား "

ပြီးတော့မှ မျက်နှာလွှဲကာ ရွာထဲသို့ ...

အမြန် ...။

www.burmeseclassic.com

www.burmeseclassic.com


(၃၄)

အပြင်ဖက်မှာနေပူနေသည်။ အရက်ခွက်ကိုမြှောက်၍ ဖြည်းဖြည်းချင်း မျှင်းသောက်ရင်း စိတ်ထဲမှာ ရစ်ထွေး လေးလံနေသည်။ အရာရာကို တည်ငြိမ်စွာ ရင်ဆိုင် ဖြတ်သန်းနိုင်သူဟု လုပ်ဖော်ကိုင်ဖက်များက သူ့ကို မကြာခဏ ချီးမွမ်းကြသော်လည်း တစ်ပိုင်းတစ်စသော အပူငွေ့တို့က သူ့ရင်မှာ မအေးမချမ်း ကျွမ်းမြိုက်လျက် ရှိလေသည်။ မည်သူသိသိ မသိသိ သူကတော့ သိပါသည်။

ဖန်ခွက်ကို ပြန်ချလိုက်၏။ ရေမြုပ်များကို ငေးကြည့်နေမိသည်။ အခန်းထဲမှာ လှောင်အိုက်နေသည်ဟု ခံစားရ၏။ တစ်ခါ တစ်ခါ သူတစ်ယောက်တည်း လာထိုင်နေကျ စားသောက်ဆိုင်ဖြစ်ပြီး သူလာရောက် စားသောက်လေ့ရှိသည့် အတွက်လည်း ဤဆိုင်ပိုင်ရှင်များက ဂုဏ်ယူကြလေသည်။

သူ့ကို အထူးဧည့်သည်တော် တစ်ယောက်နှယ်ပင် သဘောထားကြ၏။ ဖန်ခွက်ထဲသို့ အရက်ထပ်ငှဲ့ထည့်စဉ် သူ့စားပွဲရှေ့မှာ လူတစ်ယောက် လာရပ်လေသည်။

" ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ ခင်ဗျာ "

www.burmeseclassic.com


သူ စိတ်အနှောင့်အယှက် အနည်းငယ် ဖြစ်သွားသည်။ ခန်းမထဲ၌ အခြား စားပွဲလွတ်များ ရှိပါလျက် သူ့စားပွဲကို ဘာကြောင့်လာချင်လဲမသိ။ သို့သော်လည်း သူက စိတ်ရှည်ပြီး ယဉ်ကျေးသိမ်မွေ့သော လူကြီး လူကောင်းတစ်ယောက် ဖြစ်၍ ...

“ ဟာ ရပါတယ်ခင်ဗျာ ထိုင်ပါ ”

ထိုလူ သူ့စားပွဲမှာ ဝင်ထိုင်၏။ အသင့်အတင့်မျှသာ တန်ကြေး ရှိသော အရက်နှင့် စားသောက်ဖွယ်ရာများကို မှာသည်။ ထို့နောက် နှစ်ယောက်လုံး စားပွဲမှာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြတော့သည်။

စားသောက်ခန်းထဲမှာ တိတ်ဆိတ်နေ၏။ တစ်ချက်တစ်ချက် ကျမှသာ တိုးသဲ့သော ပုလင်းသံ၊ ဖန်ခွက်သံများကို ကြားနေရသည်။

“ အဟမ်း ... အရက်ခွက်ကလေးတွေက လှတယ်ဗျနော် ”

သူနှင့် တစ်စားပွဲတည်း ထိုင်နေသူက စကားစလာသည်။ လောလောဆယ် အချိန်မှာ သူ စကားပြောချင် ဆိုချင်စိတ်လည်း မရှိလှပါ။ ထိုကြောင့် ‘အင်း’ဟုသာ ခပ်လေးလေး ပြန်ပြောလိုက်၏။

သို့သော် ထိုလူက အလိုက်သိပုံမရပဲ စကားဆက်လာသည်။

“ အရက်သောက်တဲ့ ဖန်ခွက်ကိုပဲ ဘာဖြစ်လို့ ဒီလောက်လှအောင် လုပ်ကြလဲ မသိဘူး ”


www.burmeseclassic.com

“ အင်း ”

“ ကျွန်တော်က မသိတာကိုပြောတာပါ၊ ခင်ဗျားကတော့ သိမှာပါ ”

သူက ထိုလူ့ကို မျက်လုံးလှန်၍ ကြည့်လိုက်မိသည်။ ထိုလူက ပခုံးတွန့်ပြ၏။

“ ခင်ဗျားကတော့ အောင်မြင်နေတဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီး ဆိုတော့ ဒါတွေကို ကျွမ်းကျွမ်းကျင်ကျင် နားလည်မှာပါ ”

သူ့ကို သိနေသည်ပဲ။ သူက ထိုလူ့ကို စိုက်ကြည့်နေလိုက်၏။ ထို့နောက်မှ ...

“ ခွက်တစ်ခွက်ကို ထည့်လို့ရရင် ပြီးတာပဲ ဆိုပြီး သမားရိုးကျ လုပ်လို့ မရတော့ဘူး ”

ထိုလူက အံ့သြဟန်ပြပြီး ...

“ ဘယ်လိုကြောင့်လဲဗျ ”

“ ကုန်ပစ္စည်းတွေ အပြိုင်အဆိုင် ထုတ်လုပ်လာတာကိုးဗျ၊ အဲဒီတော့ ပိုယ်ထုတ်လုပ်တဲ့ ပစ္စည်းတစ်ခု အရောင်အသွေးရှိဖို့၊ အရည် အချင်း ရှိဖို့စသဖြင့် ကြိုးစားလုပ်ရတာတွေ ရှိလာတယ်၊ အဲဒီမှာ ကုန် ပစ္စည်းတစ်ခုကို ဝယ်သူက လိုလိုချင်ချင် ဝယ်ဖို့အတွက် ကုန် ပစ္စည်းကို အသက်သွင်းရတာတွေ ရှိလာတယ် ”



www.burmeseclassic.com

www.burmeseclassic.com


" ဟုတ်ကဲ့ ဆက်ပါဦး "

" လူတွေကို ဆွဲဆောင်နိုင်အောင် လုပ်ရတယ် "

" ဟုတ်ကဲ့ "

" ကုန်ပစ္စည်းတွေကို ပေါ့ပါးဖို့၊ ရေရှည်ခံဖို့ ဆိုတာတွေအပြင် အရေးကြီးတဲ့ အချက်တစ်ချက်အနေနဲ့ အဲဒီ ကုန်ပစ္စည်းကို အသက်သွင်း ပေးရတာတွေ ရှိလာတယ် "

" ဟုတ်ကဲ့ ဆက်ပါဦး "

" လူတွေကို ဆွဲဆောင်နိုင်အောင် လုပ်ရတယ် "

" ဟုတ်ကဲ့ "

" ကုန်ပစ္စည်းတွေကို ပေါ့ပါးဖို့၊ ရေရှည်ခံဖို့ ဆိုတာတွေအပြင် အရေးကြီးတဲ့ အချက်တစ်ချက် အနေနဲ့ အဲဒီကုန် ပစ္စည်းကို အနုပညာပါအောင် လုပ်ရတယ် "

" ဩော် ဒီလိုလား "

" အင်း အနုပညာပါတဲ့ ရုပ်ဝတ္ထုကို လူတွေက လိုလိုလားလား ပေးပြီး ဝယ်ယူကြယ် "

" ဩော် ဩော် "


www.burmeseclassic.com

www.burmeseclassic.com


ထိုလူက ခေါင်းကို တဆတ်ဆတ် ညိတ်သည်။ သူကလည်း ပြောပြသင့်သော စကားအတိုင်းအတာ ကုန်ဆုံးသွားပြီဖြစ်၍ အရက်ကိုသာ ဖိသောက်နေလိုက်တော့သည်။ ထိုသို့ဖြင့် သူတို့ စားပွဲဝိုင်းကလေးလည်း ပြန်လည် တိတ်ဆိတ်သွားလေသည်။

အတန်ကြာမှ ထိုလူက သက်ပြင်းချ၏။

" ဒါဆိုအနုပညာကလူ့လောကမှာ အတော်အရေးကြီးတာပဲဗျနော် "

သူ့အကြည့်က ထိုလူ့ဆီ ရောက်သွားသည်။ 'အင်း'ဟု ပြန်ဖြေလိုက်၏။

" အခု ကမ္ဘာကြီးမှာ စက်နဲ့လုပ်ရင် ဘာမဆို ဖြစ်သယောင် ရှိနေတယ်၊ အဲဒီတော့ လုပ်မှရတဲ့ လက်မှုပညာတွေ၊ အနုပညာတွေ ဆိုပါတော့ ၊ ပန်းချီကဗျာ စတာတွေဟာ အတော်တန်ဖိုးကြီးမှာပဲဗျနော် "

" အင်း "

သူက လေးတိလေးကန်နှင့် ခေါင်းညိတ်ပြလိုက်ရသည်။

" ဒါနဲ့များတောင်ဗျာ "

ထိုလူက သက်ပြင်းချရင်း ဆက်ပြောသည်။

" အန်မတန်တော်တဲ့ ပန်းချီဆရာတစ်ယောက်ကို သားအဖြစ်သိနေ ဥပက္ခာပြုရက်တဲ့ ခင်ဗျားကို ကျွန်တော် နားမလည်နိုင်ဘူး "


www.burmeseclassic.com

www.burmeseclassic.com


" ဘာ "

သူက လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ် ပြန်ချလိုက်၏။ တစ်ဖက်လူကို စိုက်ကြည့်လိုက်သည်။ ထိုလူက သူ့မျက်မှန်ကို ပြင်တပ်ပြီး သူ့ကို ဆက်ပြောလေသည်။

" ကျွန်တော့်နာမည် ကိုမော်လို့ခေါ်တယ်၊ စာရေးဆရာ "

သူကြားဖူးသည်ဟု ထင်မိသည်။ သို့သော် ဤစာရေးဆရာက သူ့ကို ဤအကြောင်းတွေ ဘာကြောင့်လာပြောနေသည်ကိုတော့ သူတွေး မရချေ။ သူ အရက်ခွက်ကို ပြန်မ ယူလိုက်သည်။ မော့သောက်ရင်း လင်းဆက်ကို တစ်ချက် မြင်ယောင်မိ၏။ အရက်ခွက်ကို ပြန်ပြီး ချလိုက်သည်။

" ခင်ဗျားစကားက ကျွန်တော့်ကိုယ်ရေးကိုတာထဲကို ရောက်နေပြီ "

ကိုမော်က မဲ့ပြုံးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

" ဟုတ်ပါတယ်၊ အဲဒီလိုတော့ ဖြစ်နေတယ်၊ ခင်ဗျားလည်း ခင်ဗျား အင်မတန်ချစ်တဲ့ ဇနီးအတွက် သောကမပြယ်သေးဘူး ဆိုတာလည်း ကျွန်တော် ကိုယ်ချင်းစာ နားလည်ပါတယ်၊ ခင်ဗျား ဒီအချိန်မှာ ဒီလောက် စိတ်ရှည်ရှည်ထားပြီး ကျွန်တော့်ကို စကားတွေ ပြန်ပြောပေးနေတာ ဟာလည်း လေးစားစရာ ကောင်းတဲ့ အရည်အချင်းတစ်ရပ်ကို တွေ့ရ တာပါပဲ၊ ဒါပေမဲ့ ကျွန်တော့်ကို စကားပြောခွင့်ပြုပါဦး၊ ကျွန်တော့်မှာ ပြောစရာလေးတွေ ရှိနေပါသေးတယ် "

www.burmeseclassic.com

www.burmeseclassic.com



ကိုမော်က သူ့တိုက်ပုံအကျႌထဲမှ ဖိတ်စာတစ်စောင်ကို စားပွဲပေါ် ပစ်ချလိုက်၏။

" ပါရီမှာ ကျင်းပမယ့် ကမ္ဘာ့ပန်းချီပြပွဲအတွက် မြန်မာ့ ပန်းချီကားတွေကိုလည်း ပညာရှင်တွေက လာလေ့လာကြမယ်၊ ဒါဟာ အဲဒီ လေ့လာမယ့် ပန်းချီပြပွဲမှာ မဖြစ်မနေ ဝင်ဆွဲဖို့ လင်းဆက်ကို သံရုံးက တစ်ဆင့် ကမ်းလှမ်းတဲ့ အထူးဖိတ်စာ "

သူအံ့သြသွား၏။ လင်းဆက်က ဤမျှလောက် ပေါက်ရောက်နေပြီလား၊ မြန်လှချည်လား။ ဖိတ်စာကို သူဆွဲယူ ကြည့်လိုက်သည်။ ထို့နောက် ပြန်ချလိုက်သည်။ သူ့ကို ပြောလာသော ကိုမော့်ထံမှ စကားတို့ကို ခပ်မောမော နားထောင်နေလိုက်သည်။

ကိုမော်က သူ့ကို လင်းဆက်နှင့် ပတ်သက်၍ မြောက်မြားစွာသော အကြောင်းအချက်တို့ကို ခြုံပြောသွားသည်။ ကိုမော်ဆိုသော ဤစာရေးဆရာက စကားပြောလည်း ပြောင်မြောက်လေသည်။ သူ ခပ်မဆိတ် နားထောင်ရင်း ရင်ထဲမှာ ဖြည်းဖြည်းညင်းညင်း လှိုင်းထလာသည်။

ယခင်က သူ့အိမ်ကြီးနှင့် သူ့မိသားစုလေးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ရှိခဲ့၏။ ယခုတော့ ထိုအိမ်ကြီးတွင် သူတစ်ယောက်တည်း၊ ဇနီးက ဆုံးပါးသွားသလို သားကလည်း လမ်းပေါ်မှာ၊ ယခု ကြားရသော စကားတွေ အရဆိုလျှင် ပျောက်ဆုံး၍ပင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း သူ့မိသားစုရေးအတွက် ပင့်သက်အခါခါ ရှိုက်ခဲ့ရသည်ပဲ ဖြစ်သည်။ ဒါကိုတော့ ပတ်ဝန်းကျင်က နားလည်ကြလိမ့်မည် မထင်။ ဇနီးဖြစ်သူကို တမြွေမြွေ မြင်ယောင်မိ၏။ သူ့ဇနီးက သားဖြစ်သူကို အတော်ချစ် အတော်မျှော်လင့်လေသည်။

သူက ဟူးကနဲ လေပူမှုတ်ထုတ်လိုက်၏။ ကိုမော်က သူ့မျက်နှာကို စေ့စေ့ အကဲခတ်ကာ သူပြောချင်သော စကားတွေကို တစ်ခွန်းချင်း ထပ်ပြောနေသည်။

နောက်ဆုံးတော့ သူက လက်ကာပြလိုက်သည်။

" ကဲ... ကိုမော် "

" ဟုတ်ကဲ့ "

" အခု ခင်ဗျားပြောနေတဲ့ စကားတွေရဲ့ အချုပ်က လင်းဆက် ပျောက်နေတာ ရှာမတွေ့တဲ့အကြောင်း "

" ဟုတ်ကဲ့ "

" အရေးကြီးတဲ့အချိန် တစ်ခုမှာ အရေးကြီးတဲ့ လူတစ်ယောက် ဖြစ်နေလို့ တွေ့အောင် အမြီ ပြန်ရှာရမယ့်အကြောင်း "

" ဟုတ်ကဲ့ "

" ဒါပဲမို့လား "



www.burmeseclassic.com

www.burmeseclassic.com


“ ကျွန်တော့် ရည်ရွယ်ချက်တွေကတော့ အများကြီးပေါ့ဗျာ၊ ဒါကို ခင်ဗျားလည်း နားလည်မှာပါ၊ လောလောဆယ်အရဆိုရင်တော့ ခင်ဗျား ပြောတဲ့အတိုင်းပဲ၊ လင်းဆက်ကို တွေ့အောင်ရှာရမယ်၊ ကျွန်တော်တို့ ရှာတာကတော့ မတွေ့ဘူး၊ သူရှိမယ့်နေရာ ခင်ဗျားသိနိုင်မလား ဒါပဲ ”

သူက အရက်ပုလင်းကို ကြည့်၍ စဉ်းစားနေလိုက်ရင်း ...

” ခင်ဗျားတို့ ရှာပြီးတဲ့နေရာတွေ ကျွန်တော့်ကို ပြောစမ်းပါဦး ”

ကိုမော်က သူတို့ ရှာဖွေခဲ့သော နေရာများကို သွက်သွက်လက်လက် ရွတ်ပြ ပြောပြလိုက်သည်။ သူက မမိုတ်မသုန် နားထောင်နေပြီး ...

” အင်း ဒါဆိုရင်တော့ သူရှိမယ့်နေရာ ကျွန်တော်သိတယ်ဗျ ”

ကိုမော့် ကိုယ်ခန္ဓာ မတ်ခနဲ ဖြစ်သွားသည်။

“ ကျွန်တော့်အိမ်မှာ မာလီလာလုပ်သွားတဲ့ အလုပ်သမား တစ်ယောက်က သူနဲ့ အတော်လေး ခင်တယ်ဗျ၊ ဒီကောင် အဲဒီသူဆီ ရောက်နေလိမ့်မယ် ”

“ သေ သေချာလား ”

“ ဟင်း ဟင်း သေချာပါတယ်ဗျ ”

ထို့နောက်မှ ကိုမော့်ကို တစ်ချက်ကြည့်လိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



" ကဲ ကျွန်တော်တို့ အဲဒီကို အခုပဲ သွားကြမယ်၊ ထ အပြင်မှာ ကျွန်တော့်ကား ရပ်ထားတယ် "

စားသောက်ဆိုင်ထဲမှ သူတို့ထွက်လာခဲ့ကြသည်။ ကားပေါ် ရောက်တော့ ကားစက်နှိုးရင်း ကိုမော့်ကို သူပြောလိုက်သည်။

" နေရာကတော့ ရင်ကုန်မြို့ပြင်မှာပဲဗျ "

ကားကလေးကို မောင်းထွက်လိုက်၏။

" အဲဒီ အလုပ်သမားနာမည်က မောင်သိန်းလို့ ခေါ်တယ် "

www.burmeseclassic.com

www.burmeseclassic.com


(၃၅)

ရွာ၏ အပြင်ဖက် တောစပ်နှင့် မလှမ်းမကမ်းမှာ ရှိသော မြေစိုက် တဲကလေး တစ်ခုဆီသို့ လူသုံးယောက် ရောက်လာကြသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူက တဲကလေးအဝတွင် ရပ်လိုက်၏။ တံခါးကို ဖြေးညင်းစွာ တွန်းဖွင့်ပြီး တဲထဲသို့ ဝင်လိုက်သည်။ နောက်မှ လိုက်ပါလာသူ နှစ်ယောက်အနက် တစ်ယောက်က တဲထဲသို့ လိုက်ဝင် လာသော်လည်း ကျန်တစ်ယောက်ကမူ တဲအပြင်မှာသာ ရပ်၍ ကျန်ရစ် ခဲ့သည်။

ရှေ့ဆုံးမှ လူက တဲလယ်မြေပြင်မှာ ရပ်သွားသည်။ နောက်မှ လူကလည်း လိုက်ရပ်၏။ ထို့နောက် စကားသံများ ထွက်လာသည်။

" ဒါက သူလဲကျနေတဲ့ နေရာ "

စိုထိုင်းသော အငွေ့အသက်ရှိသည့် မြေပြင်ညီညီ ပေါ်မှာပဲ ဖြစ်သည်။ နံဘေးမှာ ကွပ်ပျစ်တစ်လုံး ရှိ၏။

" ဒါက သူရေးပြီး လျှောက်ကပ်သွားတဲ့ စာတန်းတွေ "

" အင်း "


www.burmeseclassic.com

www.burmeseclassic.com


တဲနံရံတွင် ပန်းချီဆေးများကို အသုံးပြု၍ စုတ်တံဖြင့် ရေးခြစ်ထားသော မညီမညာ စာတန်းများကို တွေ့ရလေသည်။ ထိုစာတန်းများ၏ အဓိပ္ပါယ် တစ်စေ့တစ်စောင်းအရ လူငယ်တစ်ယောက်၏ ပြင်းပြသော အနုပညာ ဝိညာဉ်ကို တွေ့ရလေသည်။

သက်ပြင်းအုပ်အုပ် ချသံ ထွက်လာသည်။

“ ဒါကတော့ သူဆွဲသွားတဲ့ ပန်းချီကား ”

“ အင်း ”

နောက်မှလူက ရှေ့မှလူကို ကျော်ကာ ပန်းချီကားဆီသို့ သွား၏။ ပန်းချီကားရှေ့မှာ မားမားရပ်၏။ ပန်းချီကားကို ဖုံးအုပ်ထားသော ပိတ်စအား ဆွဲဖယ်လိုက်သည်။

“ ဟင် ”

လက်ထဲမှ ပိတ်စ လွတ်ကျသွား၏။ ပြန်ဖမ်းဖို့၊ ပြန်ကောက်ဖို့ သတိမရတော့။ ပန်းချီကားကြီးရှေ့မှာသာ အသက်မဲ့သွားသလို ရပ်တန့် ငြိမ်သက်နေသည်။ အတော်ကြာသွားသည်။ တဲတစ်ခုလုံး ငြိမ်ဆိတ်နေ၏။

“ ဟင်း ”


www.burmeseclassic.com

www.burmeseclassic.com


သက်ပြင်းရှည်ကြီးတစ်ချက် ချကာ မြေပေါ်မှ ပိတ်စကို ပြန်ကောက်ယူ၏။ ပန်းချီကားကို ပြန်ဖုံးရန် ပြင်လိုက်သော်လည်း မဖုံးအုပ်ဖြစ်ဘဲ ရပ်ကြည့်နေသေးသည်။

" ကောင်းလိုက်တဲ့ ပန်းချီကား၊ ကောင်းလိုက်တဲ့ ပန်းချီကား "

ကမူးကရှူးထိုးနှင့် တဖွဖွရေရွတ်လိုက်ရင်း ပန်းချီကားကို ယုယု ယယ ပွေ့ယူသည်။ ပိတ်စဖြင့် ဖုံးသည်။

" ကဲ သွားကြစို့ "

" ဟုတ်ကဲ့ "

" နံရံက အဲဒီစာရွက်ကလေးကို ဖြုတ်ပေးစမ်းပါဗျာ "

ထိုစာရွက်ကလေးပေါ်တွင် ယိုင်မှောက်နေသော လက်ရေးဖြင့် ကဗျာတစ်ပုဒ်ကို အောက်ပါအတိုင်း ရေးထားလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ငါ့ ကောင်းကင်မှာ နက္ခတ်တွေ ကြမ်းပြီး

ငါ့ လမ်းက တောင်ပြို့နေတယ်

ငါ့နောက်ကို ဘယ်သူမှ မလိုက်နဲ့

ဖြစ်နိုင်ရင်

ငါ့အရိပ်တောင် ငါ့နောက်ကို မလိုက်နဲ့။

(လင်းဆက်)

www.burmeseclassic.com

www.burmeseclassic.com


(၃၆)

မြန်မာပြည်ရှိ ပန်းချီဆရာ အများအပြား ဝင်ရောက် လက်စွမ်းပြ ရေးသားကြသော 'နှင်းဇရာဝတီ' အမည်ရှိ ပန်းချီပြပွဲရှေ့တွင် လူတွေ အုံးအုံးကျက်ကျက် စုဝေးနေကြ၏။ ပန်းချီပြခန်းထဲမှာလည်း လူတွေ အုံခဲနေ၏။ လူကြီးလူငယ်၊ မိန်းမရွယ်စသည်များ ပျားပန်းခတ် လှုပ်ရှားနေ၏။

ထိုအခိုက်မှာပင် ပန်းချီပြခန်းထဲမှခေါင်းလောင်းသံ ထွက်လာသည်။

" ကဲ ... အားလုံး ခဏထွက်ကြပါ ခင်ဗျာ၊ မကြာခင် နိုင်ငံ တကာက ပန်းချီအကဲဖြတ် ပညာရှင်အဖွဲ့ ဝင်ရောက်လေ့လာတော့မှာ ဖြစ်ပါတယ်၊ ဧည့်ပရိသတ်များက ခဏ အပြင်ထွက်ပေးကြပါ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ခဏ အပြင်ပြန်ထွက်ပေးကြပါ "

လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပြန်သည်။ တဖြည်းဖြည်း ပြခန်း အပြင် လမ်းမပေါ်သို့ စိမ့်ပြီး ပြန်ရောက်လာကြသည်။ ပြခန်းထဲမှာလည်း လူရှင်းသွားသည်။ အချို့လူများသာ ပန်းချီကားများ ရှေ့မှ မခွာနိုင်သလို အပြင်ထွက်ဖို့ အပြင်ထွက်ဖို့ ခြေလှမ်းမပြင်သေးဘဲ ရှိသည်။

တာဝန်ရှိသူများက ထိုသူများကို မေတ္တာရပ်ခံ၍ ထွက်ခိုင်းနေရသည်။

" ကဲ အစ်ကိုတို့၊ မိတ်ဆွေတို့ အပြင်ကို ခဏထွက်ပေးကြပါ ခင်ဗျာ၊ ကူညီပါ "


www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ပြီးတစ်ယောက် ပြခန်းထဲမှ ပြန်ထွက်သွားကြသည်။ သို့သော် ထောင့်ဘက်မှ လူတစ်စုက ယခုထက်တိုင် ပန်းချီကား တစ်ချပ်ကို စူးစူးနင့်နင့် ငေးကြည့်နေကြဆဲ။ ပန်းချီကားထဲမှာ စိတ်ရောက်ပြီး အားလုံးကို မေ့လျော့နေသလိုပင် တုတ်တုတ်မျှ မလှုပ်ချေ။

" ကဲ ... မိတ်ဆွေတို့ "

သူတို့၏ ပခုံးကို ကိုင်လှုပ်ရသည်။ ထိုအခါကျမှ 'ဗျာ'ခနဲ ယောင်ရမ်း လှည့်ကြည့်ကြသည်။

" ဟုတ်ကဲ့ ထွက်ပေးပါမယ်၊ ထွက်ပေးပါမယ် "

ပြောပြီး ပန်းချီကားကို ပြန်ကြည့်ကြပြန်သည်။ ထို့နောက် 'ဟင်း' ခနဲ သက်ပြင်းကြီးချပြီး ပန်းချီကားရှေ့မှ ခွာသွားကြ၏။

" အင်မတန် အသက်ဝင်တဲ့ ပန်းချီကားပဲဗျာ၊ ဘယ်လိုပြော ရမလဲ တောင် မသိဘူး "

" အေးဗျာ၊ ရင်ထဲမှာ တစ်မျိုးကြီးတောင် ဖြစ်နေတယ်၊ သြော် ... နောက်ဆုံးသော သောကြာနေ့ကတဲ့ ... "

ပြခန်းထဲမှာ လုံးဝ လူရှင်းသွားပြီ ဖြစ်၏။ တာဝန်ရှိသူများက ပြခန်း၏ အတွင်းအပြင်မှာ လိုအပ်တာများကို စစ်ဆေးလိုက်သည်။ ပြခန်း ရှေ့လမ်းမ၏ ဟိုနား သည်နားမှာတော့ လူတွေ အုံနေဆဲ။ ဟိုလူတစ်စု


www.burmeseclassic.com

www.burmeseclassic.com


သည့်တစ်စု လူတွေ ဝိုင်းရံကာ ပန်းချီကားများကို အာပေါင်အာရင်းသန်သန် ဝေဖန်နေကြသည်။ တက်ကြွ ဆူညနေကြသည်။

“ ပန်းချီကားတွေ သိပ်အားရတယ်ဗျာ၊ ဗတော်တော် ကောင်းကြတာပဲကိုး ”

ကျုပ်တို့ အနုပညာက ကမ္ဘာကို ပခုံးချင်း ယှဉ်နိုင်ပါတယ်ဗျ ”

တစ်ယောက်နှင့် တစ်ယောက် ဆွေးနွေးမေးမြန်းသူများ ခံစားချက်ဖလှယ်သံများလည်း လှိုင်နေသည်။

“ ပန်းချီကားတစ်ချပ်ဗျာ၊ မျက်လုံးထဲကကို ဖျောက်မရဘူးဖြစ်နေတယ်၊ ရက်ရက်စက်စက် ကောင်းတဲ့ကားပဲ ”

“ ဘယ်ပန်းချီကားလဲ အံ့ခေါင်ဆွဲတာလား ”

“ အံ့ခေါင်မဟုတ်ဘူးဗျ၊ အသစ်ထဲကပဲ ကျုပ်က သိပ်မသိလို့ ”

“ ဟုတ်လား ပန်းချီကားနာမည်က ဘာတဲ့လဲ ”

ထိုစဉ်မှာပင် ‘ဟာ လာကြပြီဟေ့’ဟူသော အသံကို ကြားရပြီး လူတွေအနည်းငယ် ငြိမ်ကျသွား၏။ အသံဗလံလည်း ခေတ္တ တိတ်ဆိတ် သွားသည်။ ပန်းချီပြခန်းရှေ့သို့ ဥရောပဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထား သောနိုင်ငံခြားသား ပန်းချီ အကဲဖြတ် ပညာရှင်များ၊ သံအရာရှိများ၊ သတင်းထောက်များ အစီအရီ ရောက်ရှိလာကြ၏။


www.burmeseclassic.com

တာဝန်ရှိသူတစ်ဦးက ဧည့်ခံ ကြိုဆိုလိုက်သည်။

" ကြွကြပါ ခင်ဗျာ၊ ကြွကြပါ "

အင်္ဂလိပ်ဘာသာဖြင့် သူတို့ကို စကားအနည်းငယ် ပြောပြီး ပြခန်းတွင်းသို့ ခေါ်ဆောင်သွားလိုက်သည်။ အားလုံးကလည်း စနစ်တကျ လိုက်ပါဝင်ရောက်သွားကြသည်။

ထို့နောက် အခန်းထဲတွင် ပန်းချီကားများကို လှည့်ပတ် ကြည့်ရှုကြ၏။ ခေါင်းတဆတ်ဆတ် ညိတ်ကြ၏။ အချင်းချင်း စကားတစ်ခွန်း နှစ်ခွန်း ပြောကြ၏။ ဓာတ်ပုံများလည်း တဖျတ်ဖျတ် ရိုက်ယူနေသည်။

သူတို့ကို ကြည့်ရသည်မှာ ပန်းချီကားများအပေါ် ကျေနပ် သဘောကျပုံ ရှိသည်။ သူတို့ထဲမှာ ပုဂ္ဂိုလ်ကြီး တစ်ဦးက ပြခန်း တာဝန်ခံဖက်သို့ လှည့်ကာ ...

" ပန်းချီကားလေးတွေ ကောင်းသားပဲ "

" ဟုတ်ကဲ့ အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ် "

" မြန်မာ့ပန်းချီကလည်း တော်တော် အဆင့်ရှိပါတယ် "

" ဟုတ်ကဲ့ ကြားရတာ ဝမ်းသာပါတယ်ဗျ "

ပန်းချီကားတွေကို သူတို့ ကြည့်ရှု အကဲခတ်ပုံက အားရစရာ ကောင်းသည်။ စနစ်တကျနှင့် ဂရုတစိုက် လေ့လာနေကြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခိုက် ဂျာမန်အမျိုးသား တစ်ဦးထံမှ တိုးတိုးကလေး အသံထွက်လာသည်။

" အား "

သူ့မျက်လုံးအစုံကိုလည်း လက်နှင့်အုပ်ပြီး မျက်နှာ အောက်ငုံသွား၏။ တာဝန်ရှိသူ တစ်ဦးက အလျင်အမြန် ချဉ်းကပ်သွားလိုက်သည်။

" ကျွန်တော် ဘာအကူအညီ ပေးရမလဲ ခင်ဗျာ "

ထိုလူက မျက်နှာပြန်မော့လာသည်။ လက်ကိုလည်း မျက်လုံးရှေ့ ကမှ ပြန်ခွာလိုက်သည်။

" ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး ခင်ဗျာ၊ ပန်းချီကားကို ခံစားလိုက်ရလို့ပါ "

" အို... ဆောရီး ဆရာ "

ဂျာမန်အမျိုးသားက သူ့ရှေ့မှ ပန်းချီကားကို တစိမ့်စိမ့် ပြန်ကြည့်နေသည်။ ရင်ထဲမှာ လှပ်လှပ်ဟာဟာကြီးလည်း ဖြစ်နေသည်။ နှုတ်ခမ်းကို လျှာနှင့်သပ်လိုက်၏။ ပန်းချီကားထဲမှလည်း မျက်လုံးကို လုံးဝ မလွှဲမိ။ တံတွေးကို အထပ်ထပ် မျိုချနေမိသည်။ ထို့နောက် သူ့လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်လိုက်ပြီး ဘေးဘီကို အကဲခတ်ကြည့်လိုက်၏။ ပြီး မလှမ်းမကမ်းမှ ပြင်သစ်အမျိုးသမီး ပန်းချီပညာရှင်ကို လှမ်းအသံပြုလိုက်သည်။


www.burmeseclassic.com

“ ရွှတ် ရွှတ် ”

အမျိုးသမီးက လှည့်ကြည့်လိုက်၏။ သူက ပြုံးပြလိုက်ပြီး ...

“ မင်းအတွက် ထူးခြားလိမ့်မယ်လို့ ငါပြောရဲတယ် ”

“ အိုကေ ”

ပြင်သစ် အမျိုးသမီးက သူကြည့်နေသော ပန်းချီကားကြီး ရှေ့သို့ ရောက်လာသည်။ ပန်းချီကားကို ကြည့်၏။ သူမ၏ မျက်လုံးအစုံ အပြင်သို့ ခုံးမောက်ထွက်လာသည်ဟု ထင်လိုက်ရသည်။ ပန်းချီကားကို မမှိတ်မသုန် ကြည့်နေမိ၏။ ပန်းချီကားကို မျက်လုံးမလွှဲဘဲ လက်ထဲမှ ပဝါလေးကို ဖျစ်ညှစ်နေမိ၏။ ထိုသို့ အတန်ကြာသွားပြီး ...

“ အိ ”

အမျိုးသမီး မိုက်ကနဲ လဲကျမလို ဖြစ်သွား၏။ ဂျာမန် အမျိုးသားက လှမ်းထိန်းရသည်။ သူမ၏ အဖြစ်ကို အနီးအပါးမှ လူများကလည်း မြင်သွားပြီး နံဘေးသို့ ချက်ချင်းရောက်လာသည်။

“ မဒမ် ဘာဖြစ်လို့လဲ မဒမ် ”

“ အို... မဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး ”

သူမ၏ မျက်လုံးထဲတွင် မျက်ရည်ကြည်များ စိုစွတ်နေသည်။ သူမက ဗလုံးဗထွေး လေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com


" ဒီ ပန်းချီကားကို ကြည့်ကြစမ်းပါဦး "

" ဟုတ်ကဲ့ မဒမ် "

အခြားသူများကလည်း သူမကို အားပေး နှစ်သိမ့်သည့်နှယ် ပြုံးပြုံးရယ်ရယ်ဖြင့် ပန်းချီကားကို ကြည့်လိုက်ကြ၏။

" အို "

" အိုး...ဘုရားသခင် "

အားလုံးသော လူတို့ ပန်းချီကားထဲမှာ ငိုက်ပါသွားကြသည်။ Expression ပန်းချီကား တစ်ချပ်ဖြစ်ပြီး ပန်းချီကားအမည်က 'နောက်ဆုံးသောသောကြာနေ့က မေမေ'ဟူ၍ ဖြစ်သည်။

မုတ်ဆိတ်ကျင်စွယ်နှင့် သတင်းထောက်တစ်ဦးက ဓါတ်ပုံ ရိုက်မည်ပြုပြီးမှ မရိုက်သေးဘဲ တရှိုက်ရှိုက်မက်မက် လှမ်းငေးနေ၏။ နောက်မှ သွားကြိတ်သံဖြင့် 'ဂရိတ်'ဟု ဆွဲဆွဲငင်ငင် အော်ဟစ်လိုက်သည်။

ပန်းချီကားကို ကြည့်နေသူအားလုံး ကတုန်ကယင် ဖြစ်နေမိသည်။ ဤပန်းချီကားကို ကြည့်ပြီး သူတို့ရင်ထဲမှာ နင့်နင့်ပိုးပိုး ခံစားနေရသည်။ ပန်းချီကားထဲမှာ သူတို့ အလိုလို သိလိုက်ရတာတွေ ရှိနေသည်။

ဒီပန်းချီကားထဲမှာ ပန်းချီဆရာ၏ မိခင် ပါဝင်သည်။ သောကြာနေ့ တစ်နေ့မှာ ပန်းချီဆရာနှင့် နောက်ဆုံးတွေ့ခဲ့ကြပြီးနောက် မိခင်ဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com


ဆုံးပါးသွားသည်။ ထိုအချိန်မှာ ပန်းချီဆရာက အနီး၌မရှိ။ နောက်ဆုံး သောကြာနေ့မှာ တွေ့ကြစဉ် မိခင်ဖြစ်သူက သူ့ကို စကားများစွာ ပြောခဲ့သည်။ သူမနှင့်အတူ ပြန်လာနေဖို့အကြောင်း၊ သားဖြစ်သူကို သူမ အလွန် ချစ်ကြောင်း စတာတွေ ပါဝင်သည်ဟု ခံစားရသည်။

" မျက်လုံး မျက်လုံး "

တစ်ယောက်က ရေရွတ်၏။ ထိုအချက်များကို အဓိကအားဖြင့် ပန်းချီကားထဲမှ အမျိုးသမီး၏ မျက်လုံးထဲမှာ ရှာတွေ့လေသည်။ ထို့ပြင် ထူးဆန်းသော မျဉ်းကြောင်းများ၊ အရောင်သုံးစွဲမှုများ၊ လှပထွတ်မြတ်သည့် ပန်းချီ အယူအဆသစ်များ ...

" လင်းဆက် ဟုတ်လား "

အကဲဖြတ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူက ပြပွဲ တာဝန်ခံကို မေးလိုက်သည်။

ထိုအချိန်မှာပင် ပလက်ဖောင်းမှ လူအုပ်ထဲသို့ သတင်းစကား ကလည်း ရောက်လာသည်။

" ပန်းချီကားတစ်ချပ်ကို အားလုံး ဝိုင်းအုံ ကြည့်နေကြတယ် "

အားလုံး ထိုင်ရမလို ထရမလို ဖြစ်သွားကြ၏။ တစ်ယောက် တစ်ပေါက် ဝိုင်းမေးကြသည်။

www.burmeseclassic.com

" ဘယ် ပန်းချီကားလဲ "

" နောက်ဆုံးသော သောကြာနေ့က မေမေ "

" ဘယ်သူဆွဲတာလဲ "

" လင်းဆက် "

အသံများ ဝေါခနဲ ဆူထွက်သွားသည်။ လှိုက်ခနဲပင် အေးမြင့်ကျော်က မျက်ရည်လည်လာသည်။ ရဲဝေက ဆေးပေါ့လိပ်ကို ထိုးခြေပစ် လိုက်မိ၏။ ရင်ထဲမှာလည်း တရားတစ်ခုကို အပိုင်ရလိုက်သလိုပင်။ ကိုမော် ပွေ့လာသော ထိုပန်းချီကားကို သွားကြည့်ပြီး သူ့ပန်းချီကားကို ဤပွဲတွင် မတင်တော့ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယခု မှန်သည်။

လူအုပ်ထဲမှာ တစ်ယောက် 'ကျုပ်ပြောတာ အဲဒီ ပန်းချီကားပေါ့၊ ကျုပ်ပြောတာ အဲဒီ ပန်းချီကားပေါ့'ဟု အော်ဟစ်နေသည်။

ပြပွဲတာဝန်ခံက အကဲဖြတ်အဖွဲ့၏ ခေါင်းဆောင်ကို ပြည့်စုံစွာ ပြန်ဖြေလိုက်သည်။

" ဟုတ်ပါတယ်၊ ဒီပန်းချီကားကို ဆွဲကာ လင်းဆက်ဆိုတဲ့ လူငယ် ပန်းချီဆရာလေး တစ်ယောက်ပါ "

ပြင်သစ် အမျိုးသမီးက ဝင်မေး၏။

" အသက် ဘယ်လောက်ရှိပြီလဲ "


www.burmeseclassic.com

www.burmeseclassic.com


" ၂၅နှစ် ဝန်းကျင်လောက် ရှိပါပြီ "

" အိုး "

တစ်ယောက်က မေးလာပြန်သည်။

" အခု ဒီအနားမှာ သူရှိပါသလား "

" သူ ဆေးရုံမှာ ရှိပါတယ် "

" အို... ဘယ်လိုဖြစ်လို့လဲ "

" ဒီ ပန်းချီကားကြီးကို ဆွဲပြီး သတိလစ် မေ့မျောနေတဲ့ အတွက်ကြောင့် သူ့ကို ဆေးရုံတင်ပြီး စစ်ဆေးကုသနေပါတယ် "

" အိုး "

အားလုံးဆီမှ ဂရုဏာ အာမေဋိတ်သံများ ထွက်ပေါ်လာ၏။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။ ခေါင်းကိုလည်း တဆတ်ဆတ် ညိတ်ကြ၏။

ထို့နောက် ...။

www.burmeseclassic.com

www.burmeseclassic.com


(၃၇)

ကိုယ့်နဖူးပေါ် လက်တစ်ဖက် လာအုပ်တယ်။

အဲဒီလက်က ကိုယ့်နဖူးပေါ်မှာ အချိန်အခိုက်အတန့် တစ်ခုထိ ကြာတယ်။ ပြီး ကိုယ့်ရဲ့ လက်ကောက်ဝတ် သွေးကြောဆီကို ပြောင်းရွှေ့ ရောက်ရှိလာတယ်။ ကိုယ့်ရဲ့ သွေးခုန်နှုန်းကို ရည်မှတ် တိုင်းဆနေပုံရတယ်။

ကိုယ် မျက်လုံး ဖွင့်မကြည့်ဘူး။ ဒါပေမဲ့ ဘယ်သူလဲဆိုတာ သိပါတယ်။

" ဖေဖေ "

ကိုယ် ဖွဖွလေး ရွတ်ခေါ် လိုက်တယ်။ မျက်လုံးကို အသာအယာ ဖွင့်ကြည့်တော့ ကိုယ့်ကို စိုးရိမ်တကြီး ငုံ့ကြည့်နေတဲ့ ဖေဖေရဲ့ မျက်နှာကို မြင်တယ်။

" သား "

ကိုယ် မျက်လုံးကို ပြန်မှိတ်လိုက်တယ်။

" သား သက်သာတယ်မို့လား "


www.burmeseclassic.com

www.burmeseclassic.com


" သက်သာပါတယ် "

ကိုယ်က လှဲနေရာမှ ထထိုင်ဖို့ပြင်တော့ ဖေဖေက ကူပြီး ထိန်းပေးတယ်။

" သား ထနိုင်မှ ထပါ၊ အိပ်ချင်ရင် ဆက်အိပ်နေ "

" ဟင့်အင်း "

ဖေဖေက ကိုယ့်ဘေးမှာ ဝင်ထိုင်တယ်။ ကိုယ်လည်း ဘာတွေ ပြောရမလဲ မသိလို့ ခေါင်းငုံ့ပြီး ငူငူကြီးထိုင်နေလိုက်တယ်။ ဖေဖေကလည်း နံရံကို ငေးနေတယ်။ ခဏကြာမှ ...

" သား "

" ဗျာ "

" အိမ်မှာပဲ ဖေဖေနဲ့ လာနေတော့နော် "

ကိုယ်ဘာမှ ပြန်မပြောမိဘူး။ ကိုယ် စဉ်းစားနေတာကို သိနေသလို ဖေဖေက ဆက်ပြောတယ်။

" သား ပန်းချီဆွဲတာကို ဖေဖေ မတားတော့ပါဘူး "

ကိုယ် လှည့်ကြည့်လိုက်တော့ ဖေဖေက ခေါင်းတစ်ချက် ညိတ်ပြီး မိန့်မိန့်ကြီး ပြုံးပြတယ်။ 'တကယ်ပါကွ သားရ'လို့လည်း ဆက်ပြောတယ်။



www.burmeseclassic.com

“ အခု ဥရောပ ပန်းချီ အကဲဖြတ် ပညာရှင်တွေ ရောက်နေကြတယ်ကွ၊ မင်းတို့ ပန်းချီကားတွေ စုတင်ထားတဲ့ ‘နှင်းဇရာဝတီ’ ပန်းချီပြပွဲကို လေ့လာဖို့အတွက်ပဲ ”

အဲဒီတော့မှ ကိုယ်က ဖေဖေ့ကို ကမန်းကတန်း မေးလိုက်မိတယ်။

“ ဖေဖေ ဒီနေ့ ဘယ်နှစ်ရက် ရှိပြီလဲ ”

“ ... ... ... ... ”

ဖေဖေက ရက်စွဲတစ်ခုကို ပြောတယ်။ ကိုယ် အကြီးအကျယ် စိတ်လှုပ်ရှားသွားတယ်။

“ ဒီနေ့ ပြပွဲနေ့ပဲ ”

ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။ ပြီးတော့ ...

“ အခု ညနေ ရောက်နေပြီနော် ”

ဖေဖေက ကိုယ့်ကို ကြည့်ပြီး ခေါင်းညိတ်ပြတယ်။

“ ဟာ ဒါဖြင့် ပန်းချီပြခန်း အခြေအနေ ”

ကိုယ့်စကား မဆုံးလိုက်ပါဘူး။ ခြေသံတွေ ကြားလိုက်ရပြီး အခန်းထဲကို လူတွေ တစ်အုပ်ကြီး ဝင်လာတယ်။ ကိုမော်၊ ရဲဘော်၊


www.burmeseclassic.com

www.burmeseclassic.com


အေးမြင့်ကျော်၊ ပြပွဲတာဝန်ခံ၊ နောက် နိုင်ငံခြားသား ပန်းချီ အကဲဖြတ် ပညာရှင်တွေ၊ သူတို့နောက်က သံရုံးဝန်ထမ်းတစ်ချို့နဲ့ သတင်းထောက်တွေ။

" အို "

ကိုယ် ငေးကြောင်ပြီး ကြည့်နေဆဲမှာပဲ ...

" ဒါ လင်းဆက်ပါပဲ "

ပြပွဲတာဝန်ခံက ကိုယ့်ကို လက်ညိုးညွှန်ပြီး ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ဓာတ်ပုံတွေ တဖျတ်ဖျတ် ဝိုင်းရိုက်လိုက်ကြတယ်။ ကိုယ်ဖြင့် မျက်လုံးတွေတောင် ပြာဝေသွားတယ်။

အေးမြင့်ကျော်က ကိုယ့်လက်ကို ဆွဲပြီး ပြောတယ်။

" လင်းဆက် လင်းဆက် မင်းအအောင်မြင်ဆုံးပဲ သိလား "

" ဟင် "

သူ့အသံက ကိုယ့်အတွက် ဝမ်းသာကြည်နူးမှုတွေ ရိုက်ခတ်ပြီး တုန်ခါနေတယ်။ ကိုယ်က သူတို့အားလုံးကို တွေကြည့်နေတုန်းမှာပဲ အကဲဖြတ်အဖွဲ့ရဲ့ ခေါင်းဆောင်လို့ ထင်ရတဲ့ ပုဂ္ဂိုလ်ကြီးက ကိုယ့်ရှေ့ကို ရောက်လာတယ်။

" မစ္စတာလင်းဆက် ကွန်ကရက်ကျုလေးရှင်း ကွန်ကရက် ကျုလေးရှင်း "


www.burmeseclassic.com

www.burmeseclassic.com


ခာတ်ပုံတွေ ဝင်းခနဲ ရိုက်လိုက်ကြပြန်တယ်။

နောက်ထပ် တစ်ယောက်ပြီး တစ်ယောက် ကိုယ့်ကို လက်ဆွဲနှုတ်ဆက် နေကြတယ်။ ကိုယ့်ကိုလည်း ချီးကျူးစကားတွေ ပြောကြတယ်။ အဲဒီကြားထဲမှာ ကိုမော့်အသံ ထွက်လာတာကို ကြားလိုက်တယ်။

" ဒါကတော့ လင်းဆက်ရဲ့ ဖခင် ဦးအောင်မြင်ပါ "

ဖေဖေ့ကိုလည်း တစ်ယောက်က ခာတ်ပုံရိုက်လိုက်တယ်။ ဖေဖေက 'လုပ်ကြပါ လုပ်ကြပါ'ဆိုပြီး ဒီစကားဝိုင်းကြီးရဲ့ အပြင်ကို ခွာထွက် ပေးတယ်။ ဘေးကနေ ရပ်ကြည့်နေတယ်။

တစ်ယောက်က ကိုယ့်ကို ပြုံးပြီး လာပြောတယ်။

" မစ္စတာလင်းဆက် ခင်ဗျားရဲ့ ပန်းချီကားကတော့ ကမ္ဘာကျော် မှာပဲ၊ တော်ရုံတန်ရုံလောက် ကောင်းတဲ့ ပန်းချီကား မဟုတ်ဘူး။ ဒီလို ပန်းချီကားများကို ကမ္ဘာ့ ပြည်သူ လူထုဆီ တင်ပြတဲ့ နေရာမှာ ကိုယ်စားလှယ် တစ်ယောက်အဖြစ် ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော့်ကိုယ် ကျွန်တော် အင်မတန် ဂုဏ်ယူမိသွားပြီဆိုတဲ့အကြောင်းကို ပြောပါရစေ "

ဘေးကလူတွေ အားလုံးက လက်ခုပ်တွေ တဖြောင်းဖြောင်း ဝိုင်းတီး လိုက်ကြတယ်။ အသံဖမ်းစက်တွေလည်း အသီးသီး ကိုင်လို့။ ကိုယ်ကတော့ ဝဲလာတဲ့ မျက်ရည်တွေကို မျက်တောင်နဲ့ပုတ်ခတ် တားနေလိုက်သေးတယ်။


www.burmeseclassic.com

www.burmeseclassic.com


" မစ္စတာလင်းဆက် ကျွန်တော်တို့ သိသင့်သလောက်ကို သိခဲ့ ပြီးပါပြီ၊ ခင်ဗျား တက်ရောက်ခွင့် မရခဲ့တဲ့ ခင်ဗျား အမေရဲ့ ဈာပန အခမ်းအနားအကြောင်းကိုလည်း ကျွန်တော်တို့ ကြားပြီးပါပြီ၊ အင်မတန် ခမ်းနားစွာ ပြုလုပ်ခဲ့တဲ့ ဈာပနလို့ ကျွန်တော် သိရပါတယ်၊ ဒါပေမဲ့ ခင်ဗျား ဆောင်ကြဉ်းလိုက်တဲ့ ပန်းချီကားတစ်ချပ်က အဲဒီဈာပန အခမ်းအနားထက် အဆပေါင်းများစွာ လေးနက်မြင့်မား လိမ့်မယ်လို့ ကျွန်တော် ပြောပါရစေ၊ ခုချိန်ကစပြီး ကျွန်တော်တို့ရဲ့ ကမ္ဘာပြည်သူ မြောက်မြားစွာဟာ ခင်ဗျားရဲ့ ပန်းချီကနေတစ်ဆင့် ခင်ဗျား အမေရဲ့ ဈာပနကို ရိုးကျိုးခိုင်မာစွာ နှလုံးသားထဲက လိုက်ပါ ပို့ဆောင်ကြပါဦးမယ်၊ ခေတ် အဆက်ဆက် တိုင်အောင် လူပေါင်းများစွာတို့က လိုက်ပါပို့ဆောင် ကြရမယ့် အဆုံးမဲ့ ဈာပနတစ်ခုကို ခင်ဗျားအမေအတွက် ခင်ဗျား ပြုလုပ် ပေးနိုင်ခဲ့ပါပြီ၊ ဒီအတွက် တမလွန်ကနေ ခင်ဗျားမိခင်ဟာ ခင်ဗျားကို ကြည်နူးအားရလျက် ရှိနေမှာ သေချာပါတယ်ဗျာ "

တစ်စထက်တစ်စ ကိုယ့်ရင်ထဲမှာ ငြိမ်းချမ်း နွေးရှလာတယ်။ ခန္ဓာကိုယ်ရဲ့ သွေးတွေ ပြန်လည် စီးဆင်းလာကြသလိုပဲ။

" မစ္စတာလင်းဆက်ရဲ့ ဒီပန်းချီကားမှာ အယူအဆအသစ်လေးတွေ တွေ့ရပါတယ် "

ကိုယ်က ခေါင်းညိတ်ပြလိုက်တယ်။

" ဟုတ်ပါတယ် "


www.burmeseclassic.com

www.burmeseclassic.com


“ အဲဒီ အယူအဆလေးတွေနဲ့ ပတ်သက်ပြီး မစ္စတာလင်းဆက် စာတမ်းလေး တစ်စောင်လောက် ရေးထားစေချင်ပါတယ်၊ ဒီနှစ်ကုန်ပိုင်းမှာ ကျွန်တော်တို့ရဲ့ အနုပညာ တက္ကသိုလ်ကြီးတစ်ခုက မစ္စတာလင်းဆက်ကို ဒီ ရှာဖွေတွေ့ရှိချက်နဲ့ ပတ်သက်ပြီး ဘွဲ့တစ်ခု ပေးပါလိမ့်မယ် ”

ကိုမော်က ဖျောက်ခနဲ လက်ဖျစ်တီးပြီး ရဲဝေက ကိုယ့်ကို လက်မ ထောင်ပြတယ်။ ကိုယ့်ရင်ထဲမှာ ချမ်းမြေ့မှုတွေ မပီပိုးဝါး ခိုဝင်လာ ကြလေရဲ့။ အေးမြင့်ကျော်က ကိုယ့်ဘေးမှာ ဝင်ထိုင်ပြီး ကိုယ့်ပခုံးကို ဖက်ထားတယ်။ သူကလည်း ကိုယ့်အတွက် ဝမ်းသာနေတယ်။

နောက် နိုင်ငံခြားသားတွေ ကိုယ့်ကို စကားတွေ အများကြီး ပြောကြသေးတယ်။ သူတို့ဆီက ပန်းချီကျောင်းတွေအနေနဲ့ ကိုယ့်ကို ဖိတ်လိုက်မယ်။ သူတို့ဘာသာ စီစဉ်စရာရှိတာကို စီစဉ်လိုက်မယ်တဲ့။ ကိုယ် ခေါင်းညိတ်နေလိုက်တယ်။

ခဏကြာတော့ ဧည့်သည်တွေ ပြန်ကြတယ်။ ကိုမော်၊ ရဲဝေနဲ့ အေးမြင့်ကျော်တို့ပဲ ကျန်ခဲ့တယ်။ အပြင် ကော်ရစ်တာမှာ သွားရပ်နေတဲ့ ဖေဖေ့ကိုလည်း သတင်းထောက်တစ်ချို့က ကိုယ့်အကြောင်းတွေ ဝိုင်းမေး ကြတယ်။ ဖေဖေ သူတို့နဲ့ ပါသွားတယ်။

ကိုယ်လည်း မကျန်းမာတာတွေ ဘယ်ရောက်သွားလဲ မသိဘူး။ လူကောင်းတစ်ယောက်လို လန်းဆန်းသွက်လက်နေပြီး သူတို့နဲ့ စကားတွေ ဖောင်နေအောင် ပြောလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ကိုမော်က အခန်း အပြင်ဖက်ကို မေးဆတ်ပြပြီး ...

“ တွေ့လား မင်းအဖေ ကျွတ်သွားပြီ ”

ကိုယ် ပြုံးပြီး သက်ပြင်းဖျော့ဖျော့ကိုသာ ချလိုက်မိတယ်။ ဒါပေမဲ့ ချက်ချင်းပဲ ကိုယ် ခေါင်းက ဆတ်ခနဲ ထောင်သွားပြီး ...

“ မိုးစံ မိုးစံကော ”

“ တော်ကြာ လာမှာပါ၊ အရင်နေ့ကလည်း လာသားပဲ၊ မင်းအိပ်နေ လို့ မသိတာ ”

“ ဩော် ... ဩော် ”

“ မင်း သတိလစ်နေတဲ့ ဆေးခန်းရောက်စ တစ်ချိန်လုံးမှာ သူ့အမ ဆရာဝန်မက မင်းကို ဂရုတစိုက် လာကြည့်ပေးနေတာ၊ နောက်ပြီး သက်ဝင်းအောင်တို့ ခိုင်မင်းတို့လည်း လာကြတယ် ”

“ ဩော် ”

ရဲဝေက စကား ဝင်ဖြတ်တယ်။

“ ကဲ ငါတို့ အပြင်ထွက်ပြီး တစ်ခုခု စားလိုက်ဦးမယ်၊ မင်း နားလိုက်ဦး ”


www.burmeseclassic.com

www.burmeseclassic.com


သူတို့ အခန်းပြင် ပြန်ထွက်သွားကြတယ်။ ကိုယ်လည်း နည်းနည်းမောသွားလို့ ခုတင်မှာ ပြန်လှဲပြီး မျက်စိကို မှိတ်ထားလိုက်တယ်။ အဲဒီမှာပဲ တိုးဖွတဲ့ ခြေသံတစ်စက အခန်းထဲကို ဝင်လာတယ်။

အခန်းလယ်မှာ ခဏရပ်တယ်။ ပြီးတော့ ...

" ကိုဆက် "

ကိုယ့်ရင်တွေ ထိတ်ခနဲခုန်ပြီး မျက်လုံးဖွင့်ကြည့်တော့ ...

" မိုးစံ "

" ကိုဆက် ... ကိုဆက်ရယ် "

ကိုယ့်ရင်ခွင်ထဲကို ပြေးဝင်ပြီး ဘာစကားမှ မပြောဘဲ အုံ့အုံ့သည်းသည်း ငိုချပါလေရော၊ သူ့ကိုယ်ကလေးကို တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ထားရင်း တိုးတိုးကလေးပေါ့။

" ကိုယ် အားလုံးကို ကျော်ဖြတ်ခဲ့ပြီး မိုးစံရယ်" လို့။

www.burmeseclassic.com

www.burmeseclassic.com


(၃၈)

" ကိုဆက် "

" ဟင် "

" ပြော ကိုဆက်ရာ ပြောဆို "

" ဘာလုပ်မလို့လဲ အဲဒါသိတော့ ဘာလုပ်မလို့လဲ "

" ဘာလုပ်လုပ်ပေါ့ ပြော "

" မပြောချင်ပါဘူး "

" ပြောဆို နော် ကိုဆက်၊ မိုးစံ သိချင်လို့ပါ ဆိုနေမှ "

သူက နှုတ်ခမ်းကလေးစူပြီး ကိုယ့်ကို လာဂျီကျနေတယ်။ မိုးစံဟာ ဒီနေ့မှာ ကြည်ပြာရောင် ဝတ်စုံကလေးနဲ့ သိပ်လှတာပဲ။ ကိုယ်အသစ် ဆွဲမလို့ လုပ်နေတဲ့ ပန်းချီကားတစ်ချပ်ရဲ့ နာမည်ကို သိချင်လို့ ဆိုပြီး အတင်းလိုက်မေးနေတယ်။ ကိုယ်က မပြောတော့ အားမလို အားမရနဲ့ ကိုယ့်လက်မောင်းကို ကိုင်လှုပ်နေတယ်။

" ကိုဆက် ပြောစမ်းပါဆို၊ ဘာဖြစ်နေမှန်းကို မသိဘူး "


www.burmeseclassic.com

www.burmeseclassic.com


“ ပြောသင့် မပြောသင့်က စဉ်းစားရဦးမယ် ”

အိတ်ထဲက အကြွေစေ့ကို ကိုယ် နှိုက်ထုတ်လိုက်တယ်။

“ ဒါကို လေထဲမြှောက်မယ်၊ ပြန်ကျလို့ ခေါင်းဆိုရင် ပြောမယ်၊ ပန်းဆိုရင် မပြောတော့ဘူး ကြားလား ”

ပြောပြီး ကိုယ်က ရယ်လိုက်မိသေးတယ်။ သူကလည်း ကိုယ့်ကို မချိုမချဉ် အပြုံးနဲ့ ကြည့်နေတယ်။

“ ဒါက ပြန်ညစ်တာပေါ့လေ ဟုတ်လား၊ ကလေ့စား ချေတာပေါ့ ”

“ ဒါတွေ မပြောနဲ့လေ၊ ပန်းချီကားနာမည် သိချင်ရင်တော့ ဒီအတိုင်း လိုက်နာရမှာပဲ ”

သူက ကိုယ့်ကို နှုတ်ခမ်းလေးကိုက်ပြပြီး မျက်စောင်းထိုးတယ်။ ပြီးတော့မှ စူစူအောင့်အောင့်နဲ့ ...

“ ကဲ ... သဘော သဘာ ”

ကိုယ်က အောင်မြင်သူတစ်ယောက်ရဲ့ အပြုံးနဲ့ ...

“ ကဲ ... ဒီမှာ ကြည့်နော် ”

အကြွေစေ့လေးက လေထဲကို မြောက်တက်သွားပြီ။ တဖြည်းဖြည်း လေထဲကနေ အောက်ကို ပြန်နိမ့်အကျ ...


www.burmeseclassic.com

www.burmeseclassic.com


“ မသိဘူး သွား ”

မိုးစံက အကြွေစေ့လေးကို လေထဲမှာပဲ လက်နဲ့ ပုတ်ထုတ်လိုက်တယ်။ အကြွေစေ့လေးက အဝေးကို လွင့်ထွက်သွားတယ်။ သူက ကိုယ့်ရင်ခွင်ထဲကို ပြေးဝင်လာပြီး ...

“ ဘာကျကျ မကျကျ ပြောရမှာပဲ မသိဘူး ဒါပဲ ”

ပြီးတော့ ကိုယ့်ပခုံးကို သူ့သွားဖြူဖြူလေးတွေနဲ့ ဖွဖွ ကိုက်ဆွဲထားတယ်။ ကိုယ်လည်း သူ့ကိုယ်လေးကို အလိုက်သင့် ပြန်ဖက်ထားလိုက်ရင်း တွန့်ခနဲ ဖြစ်သွားတယ်။

“ အားလားလား နာတယ် ခွေးမလေးရဲ့ ”

သူက ကိုက်တာကို နည်းနည်း လျှော့ပေးပြီး ...

“ ပြောရမှာပဲ ပြော ”

အသံကလေး မပီလုံးထွေး ဖြစ်နေတာကိုက ချစ်စရာ ကောင်းလွန်းလှတယ်။

“ ဒါသက်သက် မတရားလုပ်တာပဲ အား ... လား ”

“ တရားရား မတရားရား ပြော ”

“ အေးပါကွာ ပြောမယ် လွှတ် လွှတ် ”


www.burmeseclassic.com

www.burmeseclassic.com


အဲဒီတော့မှ သူက ကိုက်ထားတာကို လွှတ်ပေးတယ်။ ဗိုလ်ကျနိုင်သူတစ်ယောက်ရဲ့ မျက်နှာထားမျိုးနဲ့ …

" ကဲ ပြော "

ကိုယ်က မနိုင်လို့ သည်းခံရတဲ့ ပုံစံမျိုးနဲ့ …

" ပန်းချီကားနာမည်က 'ပန်းခေတ်ကလမင်း'တဲ့ "

" ဩော် "

ဒီလိုကျတော့လည်း သူက အလေးအနက် နားထောင်နေတယ်။ ကိုယ်ဆက်ရှင်းပြလိုက်တယ်။

" ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့လိုပေါ့ မိုးစံရယ် "

" အင်း "

" ကိုယ် ငယ်ငယ်ကတည်းက စိတ်ကူးယဉ်ခဲ့တယ်၊ ပန်း ယဉ်ကျေးမှု ထွန်းကားတဲ့ ပန်းခေတ်သာရှိရင် သိပ်ကောင်းမှာပဲလို့၊ အဲဒီ ခေတ်မှာ လူတွေဟာ သိမ်မွေ့နူးညံ့ကြမယ်၊ တစ်ယောက်ရဲ့ ငုံချိန်၊ ဖူးချိန်၊ ပွင့်ချိန်၊ ကြွေချိန်ကို တစ်ယောက်က နားလည်မှုရှိစွာ ဆက်ဆံပေးကြမယ်၊ တစ်ခေတ်လုံး သင်းပျံ့မွှေးရီနေမယ်၊ ငြိမ်ချမ်းမှုနဲ့ အတိပြီးမယ်ပေါ့လေ "

" အင်း "


www.burmeseclassic.com

www.burmeseclassic.com


" အဲဒီလို ပန်းခေတ်မှာသာတဲ့ လမင်းဟာလည်း အပြစ်ကင်းပြီး ဖြူစင်ချမ်းမြေ့နေလိမ့်မယ်လို့ ကိုယ်ခံစားရတယ် "

" အင်းပေါ့ "

" အဲဒီတော့ ပန်းခေတ်မှာသာတဲ့ လမင်းလေးကို ကိုယ်ပန်းချီဆွဲကြည့်ချင်တယ်၊ ဒါပေမဲ့ ကာလတော်တော် ကြာတဲ့အထိ ဖြစ်နိုင်ချေ လုံးဝမရှိခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ကို ခံစားရသလိုမျိုး အေးမြရင်ခုန်မှုကိုလည်း ကိုယ်တစ်ခါမှ မကြုံခဲ့ဘူး၊ အဲဒါကြောင့် ဘယ်လိုမှ ဆွဲလို့မရနိုင်ခဲ့ဘူး "

" ခုကော "

ကိုယ် ငြိမ်သက်ပြီး အဝေးကို ငေးနေလိုက်သေးတယ်။ မိုးစံက ကိုယ်ဆက်ပြောမယ့် စကားကို စိတ်ဝင်တစား နားထောင်နေရတယ်။ ကိုယ်က ခေါင်းညိတ်ပြလိုက်ပြီး ...

" ကိုယ့်မှာ အဲဒီခံစားချက်ကလေးကို ရခဲ့ပြီးပြီ၊ အဲဒီ ခံစားချက်ကလေးကို ပြန်ယူပြီး ဒီပန်းချီကားကို ဆွဲမယ်ဆိုရင် ရသွားပြီ "

ပြီးတော့ နှစ်ယောက်လုံး စကားမပြောဖြစ်ဘဲ တိတ်ဆိတ် သွားတယ်။ ကိုယ့်အာရုံထဲမှာ မိုးမြူတွေ ဆိုင်းမှိုင်းလို့ လာလေရဲ့၊ စံပယ်တွေလည်း တဝင်းဝင်းနဲ့ ဖွေးလင်းတောက်ပနေတယ်။ ဝါရွှေ ဖြိုးဖျော့တဲ့ လမ်းကလေးမှာ

www.burmeseclassic.com

www.burmeseclassic.com


လမင်းကလေးတစ်စင်းနဲ့ ကိုယ်ကြုံခဲ့တယ်။ ကိုယ့်ရဲ့ ဗားဂျင်းကလေး သို့မဟုတ် ပန်းခေတ်က လမင်းကလေး။

စက်ဘီးကလေးကို ကိုယ်ကချိန်းကြိုးတင်ပေးနေပြီး သူက ဘေးက ရပ်ကြည့်နေတယ်။ ကိုယ့်ရင်ထဲမှာ ဘယ်တုန်းကမှ မခံစားခဲ့ဖူးရတဲ့ ဆွတ်ပျံ့ ရင်ခုန်ခြင်းတွေ လှုပစည်ဝေလို့။ မမေ့ဘူးကွယ်။ ဘယ်တော့မှ မမေ့ဘူး။

ကိုယ် မိုးစံကို တင်းတင်းဖက်ထားလိုက်မိပြန်တယ်။ မိုးစံက ဆံနွယ်တွေကို ခါခနဲ သပ်တင်ရင်း ကိုယ့်ကို တောက်တောက်ပပ မော့ကြည့်တယ်။ သိပ်လှတဲ့ ကောင်မလေးပဲကွယ်။ ကိုယ်က သူ့နားရွက် ကလေးကို သာသာလိမ်ဆွဲရင်း ပြောလိုက်တယ်။

“ မိုးစံ မကောင်းဘူးကွာ ”

“ ဘာဖြစ်လို့လဲ ”

“ ကိုယ့် ပိုက်ဆံအကြွေစေ့လေးတောင် ဘယ်ရောက်သွားလဲ မသိဘူး ”

“ ကောင်းတယ် ဘာဖြစ်လဲ၊ အဲဒီလိုပဲ လုပ်ရမယ် ”

သူ့မျက်နှာလေးက ပြောင်စပ်စပ်နဲ့မို့ ကိုယ် အသည်းယား သွားတယ်။ ခုနက ကိုယ့်ရင်ခွင်ထဲ သူပြေးဝင်လာပုံကို အမှတ်ရလိုက်ပြီး…

“ ဟင်း ဟိုတုန်းက ကိုယ်လည်း အဲဒီလို လုပ်ရမှာ ”

“ ဘယ်ရမလဲ ”


www.burmeseclassic.com

“ ရတာပေါ့၊ မိုးစံက ပိုက်ဆံကလေး မြောက်လည်းပြီးရော ကိုယ်က အခု မိုးစံ လုပ်သလိုမျိုး ပြေးပြီး ”

“ ဟယ်... ကြည့်စမ်း ရမယ် ရမယ် ”

ပြောပြောဆိုဆို မိုးစံက ကိုယ့်ရင်ခွင်ထဲ ပြေးဝင်ပြီး ကိုယ့်ပခုံးကို ကိုက်ပြန်တယ်။ ကိုယ်က သူ့ကို တားဆီးထွေးပွေ့ထားရင်း တွန့်လိမ် ရုန်းဖယ်နေမိတယ်။

“ အား ... နာတယ် မိုးစံလေးရဲ့ ”

ရင်ထဲမှာလည်း ကြည်နူးနေမိရဲ့၊ မြတ်နိုးလွန်းမက မြတ်နိုးလွန်း ရပါတယ်။

တကယ်ပါ ကိုယ့်ရဲ့ ခွေးမလေးရယ်။

www.burmeseclassic.com

# နိဂုံး

မျှော်လေရာ မိုးကောင်းကင်က အုံ့မှိုင်းလွှင်လွှင် ရှိ၏။ တိုက်ခတ်လာသော လေပြည်သည် သူမ၏ မာခက်နေသော ရင်တွင်း ခံစားချက်တို့ကို ဖြေလျှော့ပေးနိုင်စွမ်း ကင်းဝေးလျက်ပင်။ ခပ်ဝေးဝေးမှာ မြက်ရိုင်းပွင့်ကလေးတွေ ကော့လန်အောင် ကြွေနေသည်။ မြူတွေလား၊ နှင်း တွေလား၊ လေထဲမှာ အခိုးအမှုန်တစ်ချို့ ခပ်ဝါးဝါး မျောရွေ့နေသည်။

စက်ဘီးကလေးကို နံဘေးမှာ လှဲထားပြီး သူမသည်လည်း မြက်ခင်းနုနုပေါ်မှာ ငြိမ်သက်စွာ ထိုင်နေမိသည်။ ငှက်တို့ အိပ်တန်းပြန်တော့မည်လား။ လေကို ဆန်၍ မိုးပေါ်မှာ တောင်ပံခတ် သွားကြသည်။ နေလုံးက အဝါရောင် ရှန်းရှန်းထနေပြီ။ မကြာမီ တစ်နေ့ ကုန်တော့မည်။

*ချစ်သူကို ချစ်ရစ်မိသည်လား*

*ချစ်သူက ထားသွားခဲ့သည်လား*

လောကကို မာယာက ကိုက်မျိုဝါးစား နေသည်။ အဖော်မဲ့သူ တစ်ယောက်အတွက် ခရီးသည် မျှောသက်ရှည်လျားလွန်း၏။ စက်ဘီး ကလေး ချိန်းကြိုးကျသည်ကိုပင် ပြန်မတင်နိုင်သေးသော ကောင်မလေး တစ်ယောက် လမ်းဘေးမှာပဲ နေရစ်ခဲ့ပါမည်။ နှုတ်ဆက်၊ လက်ပြ၊ မည်သူမှ မသိအောင် ဟန်ဆောင်ပြုံးရယ်နေရင်းက သောကကို မေ့ဖျောက် နိုင်ရန် ကြိုးစားဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



သူမလည်း ချစ်သူကို ချစ်ခဲ့ဖူးသည်ပဲကွယ်။

လေအစုန်မှာ ဆံနွယ်တို့ တသုန်သုန် လွင့်နေသည်။ ပါးလေးကို ဖိကိုက်ထားရင်းက သူမ၏ အိပ်မက်များသည်လည်း မီးမဲ့လောင်ကျွမ်းနေကြသည်။ သူမ မှတ်မိပါသည်။ ချစ်သူက ချိန်းကျနေသော သူမ၏ စက်ဘီးကလေးကို ချိန်းကြိုးပြန်တင်ပေးသည်။ သူမက နံဘေးမှ ရပ်ကြည့်နေသည်။ သို့သော် ထိုအဖြစ်များသည် 'တစ်ခါက' သာ ဖြစ်ပါသည်။

ကြာခဲ့ပါပြီလေ၊ ပြီးခဲ့ပါပြီ။

ယခုဆိုလျှင် ချစ်သူလေးသည် လည်းကောင်း၊ သူမ၏ ညီမလေးသည်လည်းကောင်း၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝမှာ လက်ချင်း မြဲမြဲဆုပ်ထားကြပါလိမ့်မည်။ သူတို့အတွက် သူမ ကြည်နူးရမည်။ သူတို့၏ ဘဝ အတွက် သူမက အလင်းရောင် တလက်လက် ဖြာပေးနိုင်ရမည်။ သက်ပြင်း နှင့်အတူ ထိုင်ရာမှ ထလိုက်၏။ ဂျူတီကုတ်ကို သေသေသပ်သပ် ပြင်ဝတ် လိုက်သည်။ စက်ဘီးကလေးကို ယူလိုက်သည်။

မိုးပေါ်ကို မော့ကြည့်၏။ ဘာကြောင့်ရယ်မသိ။ မြင်လိုက်မိသည် ပကတိ … ခရမ်းပြာ။

တာရာမင်းဝေ

www.burmeseclassic.com